ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကို ရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 26 May 2019 ၄၆၆၁

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုယိမ်းအကများ၊ ပဒေသာယိမ်းအကများနှင့် အငြိမ့် ဖျော်ဖြေတင်ဆက်မှု ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂၅**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ လာရောက်ကြည့်ရှုလေ့လာကြသည့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းပြေစေနိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုယိမ်းအကများ၊ ပဒေသာယိမ်းအကများနှင့် အငြိမ့်တို့ဖြင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ဖျော်ဖြေတင်ဆက်ရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဖျော်ဖြေတင်ဆက်ပွဲသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်၊ သူရဦးအောင်ကိုနှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဦးကြည်မင်းနှင့်ဦးလှမော်ဦး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ လာရောက်လည်ပတ်ကြသည့် ဝန်ထမ်းမိသားစုများနှင့် အနယ်နယ် အရပ်ရပ်မှ ပြည်သူများ တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ နိုင်သက်လွင်နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ညှော့်ပရိသတ်များ ကချင်တိုင်းရင်းသားရိုးရာအကအလှဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



## ကြေးမုံ ယနေ့ဖတ်စရာ

မြွေဆိပ်သင့်ခြင်းနှင့် ဆေးဖက်ဝင်အပင်များ၏ အခန်းကဏ္ဍာ
စာမျက်နှာ » ၆

အဓမ္မခိုင်းစေမှုပပျောက်ရေး အမျိုးသားအဆင့် တိုင်ကြားမှုယန္တရား ထူထောင်မည်
စာမျက်နှာ » ၈



## ကြေးမုံ

# ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြှင့်တင်

မြန်မာနိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်နိုင်ရန်အတွက် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ ထိုသို့ပြောင်းလဲရာတွင် လမ်းရိုးလမ်းဟောင်းမှ ခေတ်စနစ်နှင့်အညီ လမ်းသစ်ကိုထွင်ပြီး လုပ်ကိုင်ကြရာ စိန်ခေါ်မှုများစွာကြုံတွေ့ကြရသည်။ ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်ရာတွင် အစိုးရအဖွဲ့အစည်းများသာမက ပြည်သူ ပြည်သားများပါ လိုက်ပါပြောင်းလဲမှ အောင်မြင်မည်ဖြစ်သည်။

ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးသည် စနစ်တစ်ခုကို ပြောင်းလဲရာတွင် အဓိကအခရာကျသူများဖြစ်သည်။ ဌာနဆိုင်ရာတို့အနေဖြင့် ကိုယ်တိုင်မပြုပြင်မပြောင်းလဲဘဲ အခြားသူတို့အား ပြုပြင်ပြောင်းလဲရန် လွယ်ကူမည်မဟုတ်ချေ။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ မေလ ၂၄ ရက်နေ့က တွေ့ဆုံလမ်းညွှန်မှာကြားခဲ့သည်။

"မိမိတို့တာဝန်ထမ်းဆောင်ရာတွင် အတိတ်ကိုသင်ခန်းစာယူပြီး အနာဂတ်ကို အကောင်းဆုံးဖန်တီးစေချင်ပါကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလတွင် ပြုပြင်ပြောင်းလဲပြီး ဒီမိုကရေစီမျိုးစေ့ကို ချသွားနိုင်မှ နိုင်ငံတော် ငြိမ်းချမ်းသာယာဝပြောပြီး နိုင်ငံသားများ ညီတူညီမျှအခွင့်အရေးရမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများမှာ စားဝတ်နေရေး အခက်အခဲ၊ အကျပ်အတည်းရှိသည်ကို နားလည်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိအခက်အခဲအတွက် ပြည်သူ ပြည်သားများကို ဖိစီးခြင်း၊ နှိပ်စက်ခြင်း၊ အာဏာပါဝါပြခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများကို မဖြစ်စေလိုပါကြောင်း" သတိပေးပြောကြားခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများ၏ဆောင်ရွက်ချက်သည် နိုင်ငံ၊ အစိုးရကို ကိုယ်စားပြုဆောင်ရွက်သည်ဖြစ်၍ ဝန်ထမ်းကောင်းလျှင် နိုင်ငံကောင်းမည်၊ အစိုးရကောင်းမည်ဖြစ်သည်။ တစ်နည်းဆိုလျှင် ဝန်ထမ်းအနေဖြင့် အလုပ်တာဝန်များကို အကောင်းဆုံးဆောင်ရွက်နိုင်လျှင် အစိုးရပုံရိပ်၊ နိုင်ငံ့ပုံရိပ်ကောင်းမွန်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဗဟိုဦးစီးစနစ်ကိုဖြေလျှော့ပြီး ဒီမိုကရေစီထွန်းကားရေး၊ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းရေးကို ကြိုးပမ်းတည်ဆောက်နေသည်။ တိုင်းပြည်တာဝန်ထမ်းဆောင်ရာတွင် အနာဂတ်မျိုးဆက်များအတွက် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားရန် လိုအပ်သည်။ သမိုင်းပေးတာဝန်၊ နိုင်ငံတော်တာဝန်များကို ယခုလက်ရှိတာဝန်ထမ်းဆောင်နေကြသူများ မည်မျှစွမ်းဆောင်နိုင်ခဲ့သည်ကို နောင်အနာဂတ် မျိုးဆက်များက အဆုံးအဖြတ်ပေးကြလိမ့်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့်နိုင်ငံဖြစ်ပြီး တိုင်းရင်းသားလူမျိုးများအားလုံး ယုံယုံကြည်ကြည်ပါဝင်မှသာ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်၍ သက်ဆိုင်ရာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံသားများက တိုင်းရင်းသားပြည်သူအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ချစ်ခြင်း၊ မုန်းခြင်းအပေါ် မူမတည်ဘဲ အပြန်အလှန်ထိန်းကျောင်းခြင်း၊ ဖေးမကူညီမှုပေးခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။ ယင်းသည် ဒီမိုကရေစီ၏အားသာချက်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း မိမိတို့အားလုံးက ပြုပြင်ပြောင်းလဲရေးအတွက် အတ္တကိုမကြည့်ဘဲ လုပ်ဆောင်ကြရမည်ဖြစ်သည်။ အတ္တကိုဗဟိုပြုပြီး လုပ်ဆောင်မည်ဆိုပါက ရည်မှန်းချက်ရောက်နိုင်မည်မဟုတ်ချေ။ ပရဟိတကိုဗဟိုပြုပြီး လုပ်ဆောင်မည်ဆိုပါက လုပ်ငန်းအောင်မြင်ပြီး နိုင်ငံ့တာဝန်ကို ဂုဏ်သိက္ခာရှိစွာ ထမ်းဆောင်သူများအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပြီး တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ လက်ရှိအချိန်မှစ၍ စိတ်အားထက်သန်စွာဖြင့် ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်ကို ယခုထက် တက်ညီလက်ညီတိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နော်ဝေအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၂၅**

နော်ဝေနိုင်ငံ အော်စလိုမြို့၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် နော်ဝေအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Mr. Dag-IngeUlstein **(ယာပုံ)**နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် Mr. Yves Daccord နှင့်အဖွဲ့တို့အား ယမန်နေ့နံနက်ပိုင်းက Radisson Blu Hotel သီးသန့်ဧည့်ခန်းမဆောင်၌ သီးခြားစီတွေ့ဆုံသည်။



**ဆွေးနွေး**

နော်ဝေအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ကျား/မ တန်းတူညီမျှရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့မှုဆိုင်ရာကိစ္စ၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုကာကွယ်တားဆီးရေး ဥပဒေရေးဆွဲနေမှုအခြေအနေ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် UEHRD မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်နှင့်တွေ့ဆုံစဉ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာနနှင့် ICRC တို့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ရခိုင်ပြည်နယ်တွင် Red Cross Movement အပါအဝင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှု အခြေအနေ၊ ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘဏ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းနေ့ကျင်းပ

**ရန်ကုန် မေ ၂၅**

စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများအား ဘဏ်လုပ်ငန်းများနှင့်ချိတ်ဆက် အလုပ်အကိုင်ဝင်ရောက်နိုင်ရန်ရည်ရွယ်၍ ဘဏ်လုပ်ငန်းကဏ္ဍဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းနေ့ ( Financial Sector Career Day ) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်ဝင်းနှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်တွင်းဘဏ်များမှ ကိုယ်စားလှယ်များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဂျာမနီပူးပေါင်းဆောင်ရွက်မှုအဖွဲ့ giz၊ ယူကေအခြေစိုက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုအဖွဲ့ Prudential နှင့် ပြည်တွင်းဘဏ်အလုပ်အကိုင်ရှာဖွေရေး My World တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အဆိုပါ အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်အနေဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဘွဲ့ရကျွမ်းကျင်သူ နှစ်စဉ်လူပေါင်း ၁၀၀ ကျော်ခန့်သာ မွေးထုတ်ပေးနိုင်သေးကြောင်း၊ ဘဏ်များနှင့် ဘွဲ့ရကျောင်းသား ကျောင်းသူများ တိုက်ရိုက်ထိတွေ့ပြီး အတွေ့အကြုံဗဟုသုတများ ရရှိစေရန်အတွက် ရည်ရွယ်၍ မေ ၂၅ ရက်တွင်ကျရောက်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းနေ့ကို ကျင်းပရခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။ "ကမ္ဘာတစ်ဝန်းမှာဆိုရင် အဖွဲ့အစည်းတွေအတွင်းမှာ အရည်အချင်းမြှင့်တင်ခြင်းအလုပ်တွေကို ဆောင်ရွက်ကြပါတယ်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအနေဖြင့် မြန်မာနိုင်ငံဘဏ် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားနိုင်မယ်လို့ယုံကြည်ပါတယ်"ဟု ဂျာမနီပူးပေါင်းဆောင်ရွက်မှုအဖွဲ့ giz အကြီးအကဲ Armin Hofmann က ပြောသည်။

အဆိုပါအခမ်းအနား ဖွင့်ပွဲအပြီး ပြည်တွင်းဘဏ် အသီးသီးမှ တာဝန်ခံများက အလုပ်ရုံဆွေးနွေးပွဲကျင်းပကာ ကျောင်းသား ကျောင်းသူ ၂၅၀ ကျော်အား ဘဏ်လုပ်ငန်းနှင့်ပတ်သက်သော အတတ်ပညာများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ရှောင်ရန်၊ ဆောင်ရန်များ၊ သင်ကြားမှု၊ သင်ယူမှု အခွင့်အလမ်းများကို ဟောပြောဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

◆ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ကပြဖျော်ဖြေပွဲအစီအစဉ်အရ ကချင်တိုင်းရင်းသား ခြောက်ဦးနှင့် ကချင်တိုင်းရင်းသူ ခြောက်ဦးတို့က ကချင်ပြည်နယ်သို့ လာရောက်ရန်ဖိတ်ခေါ်သော တေးသရုပ်ဖော် ကချင်တိုင်းရင်းသားရိုးရာ အကအလှဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်**

ထို့နောက် ကယားတိုင်းရင်းသူ ရှစ်ဦးက တေးသရုပ်ဖော် ရိုးရာအက၊ မင်္ဂလာသုံးစုံတွဲ မြန်မာယိမ်းအက၊ ကရင်တိုင်းရင်းသား လေးဦးနှင့် ကရင်တိုင်းရင်းသူ လေးဦးတို့က သွက်လက်မြူးကြွသည့် ကရင်တိုင်းရင်းသားရိုးရာဒုံးအက၊ နှစ်ကိုယ့်တစ်စိတ်ရယ်ရွှင်ဖွယ် ဟာသအက၊ ကျေးလက်ဒေသ၏ ညနေဆည်းဆာအလှကို ဖော်ကျူးထားသည့် ချိန်ဆည်းဆာတို့တောရွာ ရေအိုးယိမ်းအက၊ ချင်းတိုင်းရင်းသား ရှစ်ဦးနှင့် ချင်းတိုင်းရင်းသူ ရှစ်ဦးတို့က ချင်းတိုင်းရင်းသားရိုးရာ ဝါးညှပ်အက၊ မွန်တိုင်းရင်းသားရိုးရာအကဖြစ်သည့် မွန်ဟင်္သာမောင်နှံအက၊ ရခိုင်တိုင်းရင်းသူ ရှစ်ဦးတို့က သာစွရခိုင်တေးသရုပ်ဖော် ရခိုင်တိုင်းရင်းသားရိုးရာအက၊ ရှမ်းတိုင်းရင်းသား လေးဦးနှင့် ရှမ်းတိုင်းရင်းသူ ၁၂ ဦးတို့က ရှမ်းရိုးမကအိုးစည်သံ တေးသရုပ်ဖော် ရှမ်းတိုင်းရင်းသားရိုးရာအက၊ ခေါင်းဆောင် မင်းသမီးဝေဖူးငယ် ဦးဆောင်သည့် ရွှေမြန်မာအငြိမ့်ပဒေသာအစီအစဉ်နှင့် ပြည်ထောင်စုသား တေးသရုပ်ဖော် အဖွဲ့လိုက်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

**ဖျော်ဖြေတင်ဆက်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ဖျော်ဖြေတင်ဆက်သည့် အစီအစဉ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က လည်းကောင်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၏ (၈) နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၁ ရက်က လည်းကောင်း၊ မေ ၁၉



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကပြဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ရက်က လည်းကောင်း၊ ဩဂုတ် ၂၅ ရက်က လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်က လည်းကောင်း တိုင်းရင်းသားရိုးရာယိမ်းအကများ၊ တေးသံသာများ၊ မျက်လှည့်အစီအစဉ်များ၊ ပဒေသာယိမ်းအကများ၊ ဟာသတစ်ခန်းရပ်များဖြင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ဖျော်ဖြေတင်ဆက်သည့် အစီအစဉ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးလက်အောက်ခံတပ်ရင်းတပ်ဖွဲ့များက လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ငြိမ်းချမ်းရေးဂီတပွဲတော် တေးသီချင်းပြိုင်ပွဲဆုရတေးသံရှင်များက လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် အနုပညာရှင်များက လည်းကောင်း တစ်လလျှင်တစ်ကြိမ် အလှည့်ကျ ဖျော်ဖြေတင်ဆက်ခဲ့ကြရာ ယခုအချိန်တွင် ဝန်ကြီးဌာနတစ်ခုလျှင် (၆)ကြိမ်တိုင်တိုင် ကပြဖျော်ဖြေခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုလေ့လာနိုင်**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖြစ်တည်လာပုံသမိုင်းအဆင့်ဆင့်ကို အကျဉ်းချုပ်သိရှိနိုင်ရန်၊ ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ နေထိုင်စားသောက်ပုံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝအလှရှုခင်းများကို တစ်နေရာတည်းတွင် တစုတဝေးတည်း ကြည့်ရှုလေ့လာနိုင်ပြီး မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကယားတိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

# ပြည်သူများ သိသင့်သည့်သတင်းများကို အချိန်နှင့် တစ်ပြေးညီ ပြန်ကြားပေးနိုင်ရန်လိုအပ် စာကြည့်တိုက်နှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးနိုင်ရန် ကိုယ်တိုင် ကျေညက်အောင်စွမ်းဆောင်

**လွိုင်ကော် မေ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ ညနေ ၃ နာရီတွင် ကယားပြည်နယ် လွိုင်ကော်ခရိုင်ရုံး၌ ဆောင်ရွက်ထားရှိသော လူထုအခြေပြုဇဟိုဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကယားပြည်နယ်ရုံး လွိုင်ကော်ခရိုင်နှင့် ခရိုင်အတွင်းရှိ ဝန်ထမ်းများ၊ ကယားပြည်နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဝန်ထမ်းများ၊ တိုင်းရင်းသားရုပ်သံလိုင်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာသော အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးက ဖြေရှင်းညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်သူများ သိသင့်သည့်သတင်းများကို အချိန်နှင့် တစ်ပြေးညီ ပြန်ကြားပေးနိုင်ရန်လိုကြောင်း၊ ပြည်သူများကို ပညာပေးရန်အတွက် မိမိကိုယ်တိုင် ပညာရှိနေရန် လိုပါကြောင်း၊ ပညာရှိရန်အတွက် စာကြည့်တိုက်ကို အသုံးချရမည်ဖြစ်ကြောင်း၊ စာများများ ဖတ်စေလိုကြောင်း၊ ပြည်သူများကိုလည်း စာဖတ်အောင် စည်းရုံးရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်နှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မိမိစာကြည့်တိုက်အကြောင်းကို မိမိတို့ကိုယ်တိုင် ကျေညက်အောင် သိရှိနေရန် လိုအပ်ကြောင်း၊ စာအုပ်တစ်အုပ်ချင်းစီအကြောင်း၊ စာအုပ်ဗီရိုတစ်ခုချင်းစီအကြောင်း၊ စာဖတ်ပရိသတ်အကြောင်း စသည်ဖြင့် သိရှိထားရန်လိုကြောင်း၊ သို့မှသာ ပြည်သူများကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း။



ပြည်သူများကို ဖျော်ဖြေပေးနိုင်ရန်အတွက် မိမိကိုယ်တိုင် ပျော်ရွှင်နေရန်လိုကြောင်း၊ ဝန်ထမ်းဆိုသည်မှာ ရောက်သည့်အရပ်တွင် ပျော်အောင်နေပြီး တွေ့သည့်သူနှင့်တည့်အောင် ပေါင်းတတ်ရမည်ဖြစ်ကြောင်း၊ မည်သည့်နေရာ ရောက်ရောက် ပြည်ထောင်စုအတွင်းသာဖြစ်၍ ရောက်သည့်အရပ်သည် မိမိအရပ်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ မှတ်ယူကြိုးစား ဆောင်ရွက်စေလိုကြောင်း၊ မိမိလုပ်ငန်း အောင်မြင်ရေးအတွက် နယ်မြေခံ CSO များနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့ပြင် လူထုအခြေပြုဇဟိုဌာနလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်ရန်၊ စာကြည့်တိုက်တွင် လူစည်ကားအောင်လုပ်ရန်၊ လုံခြုံရေးကို အထူးဂရုစိုက်ရန်၊ မိမိတို့ လုပ်ဆောင်ချက်များကို အထောက်အထားအဖြစ် မှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိရန်၊ မှတ်တမ်းများ ဆောင်ရွက်ရာတွင် အမှန်အတိုင်းဆောင်ရွက်ရန်၊ မိမိကိုယ်တိုင်လည်း ပျော်အောင်နေ၊ ဝန်ထမ်းများကိုလည်း ပျော်အောင်ထားပြီး မိမိ မိသားစုကို ပျော်ရွှင်အောင် လုပ်ပေးရန် စသည်ဖြင့် ဒုတိယဝန်ကြီးက မှာကြားသည်။

ယင်းနောက် လူထုအခြေပြုဇဟိုဌာန အသစ်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောင်းအပ်တဲ့နေ့

❖ **နေရောင်ခြည် လင်းအလက်**
**သည်နံနက် လှရိပ်ခို၊**
**အေးချမ်းသကို။**
**လေနုအေး ပြေချိုချို**
**ပန်းလှပျို မွှေးကြူမွှေ့၊**
**အစဉ်အေးဖွယ်**
**ရင်သွေးငယ် နောင်ရေးမှာလ**
**အမှောင်ဝေး အကြောင်းပါပဲ**
**မိဘတို့ရင် သကာလောင်းပါလို့**
**(အလိုကွယ်) ကျောင်းအပ်တဲ့နေ့။**

ဖိုလေးလုံးသောင်းကိုကို

**ပညာရေးဝန်ကြီးဌာန**
**"၂၀၁၉-၂၀၂၀ ပညာသင်နှစ်"**
**အသိပေးကြေညာချက်**

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1)သို့ အပ်နှံရန်။

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်ကြည့်ရှုလေ့လာကြသည့်ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေနိုင်စေရန် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှုများဖြင့် ဖျော်ဖြေ

တွေ့ဆုံမေးမြန်း
နိုင်လင်းကြည်၊ မာမာစိုး
ဓာတ်ပုံ-အလင်းသစ်

**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်သူများ ပျော်ရွှင်စွာအပန်းဖြေနိုင်စေရန် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုယိမ်းအကများ၊ ပဒေသာယိမ်းအကများ၊ အငြိမ့်အစီအစဉ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မေ ၂၅ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖျော်ဖြေ တင်ဆက်ခဲ့သည်။ ယင်းသို့ဖျော်ဖြေတင်ဆက်နိုင်ရန် တာဝန်ယူဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများ၊ ဖျော်ဖြေတင်ဆက်သူများနှင့် လာရောက်ကြည့်ရှုသူပရိသတ်များအား မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-**

**ဦးကျော်ဆွေ(ဖြေဖျော်ရေးတာဝန်ခံ)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

ဒီလိုပွဲတွေ ပြုလုပ်ပေးတာ အင်မတန်ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဆိုတာ ပြည်ထောင်စုသားအားလုံးရဲ့ ယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေ၊ လူနေမှုပုံစံတွေ၊ ရေမြေသဘာဝ စတာတွေအားလုံးကို တစ်နေရာတည်းမှာ တွေ့မြင်နိုင်အောင် စုစည်းပြီးတော့ ပုံစံငယ်တွေနဲ့ တင်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှုတွေကိုလေ့လာဖို့အတွက် မြန်မာနိုင်ငံအတွင်းက မြန်မာပြည်သူပြည်သားတွေအားလုံး လာရောက်လည်ပတ်စေချင်ပါတယ်။ ရည်မှန်းထားတာကတော့ နိုင်ငံတကာက ခရီးသွားတွေပါ စိတ်ဝင်တစားနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို လေ့လာစေချင်တဲ့အတွက် ဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်တွေနဲ့ နိုင်ငံတော်အကြီးအကဲတွေက အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကြီးကို တည်ဆောက်ထားတာဖြစ်ပါတယ်။ အခုလက်ရှိမှာလည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူကိုယ်တိုင် ဦးဆောင်ပြီးတော့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် ဖွံ့ဖြိုးတိုးတက်အောင်၊ လာရောက်ကြည့်ရှုလေ့လာသူတွေစိတ်ဝင်စားအောင်၊ ပရိသတ်များများ လာရောက်လည်ပတ်အောင်ဆိုပြီးတော့ ဖျော်ဖြေရေးအစီအစဉ်တွေကို လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အလွန်ကောင်းမွန်တဲ့ လုပ်ဆောင်ချက်တစ်ခုလည်း ဖြစ်ပါတယ်။

နောက်ပြီးတော့လည်း အခုလိုမျိုးဖျော်ဖြေရေးပွဲတွေကို တစ်လတစ်ကြိမ်နှုန်းနဲ့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စတဲ့ဌာနကြီးသုံးခုကနေ အလှည့်ကျတင်ဆက်နေတာဖြစ်ပါတယ်။ နှစ်စဉ်မပြတ် အနည်းဆုံးတစ်လကို တစ်ကြိမ်တော့ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ နောက်ပိုင်းအခြေအနေအရ လုပ်ငန်းဆောင်တာတွေကိုကြည့်ပြီး ခပ်စိပ်စိပ်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ဒါမှလည်း လာရောက်လည်ပတ်သူ


ဦးခင်မောင်ထွေး


ဒေါ်မေမွန်သင်း

တွေအနေနဲ့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို လာလေ့လာရင်း ဖျော်ဖြေရေးအစီအစဉ်ပါကြည့်ရတော့ အပန်းပြေတာပေါ့။ ဒါ့အပြင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ အရေးကြီးဆုံးအချက်က ပြည်ထောင်စုတိုင်းရင်းသားတွေက ကိုယ်ပိုင်ဘာသာ၊ စာပေ၊ စကား စတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ အင်မတန်မှ ကြွယ်ဝတဲ့တိုင်းရင်းသားတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးရဲ့ ရိုးရာအမွေအနှစ်တွေကို မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးက ချစ်မြတ်နိုးပြီး ထိန်းသိမ်းစောင့်ရှောက်မှသာလျှင် အဓွန့်ရှည်တည်တံ့မှာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားရေးကိုယ်ခံအားကောင်းဖို့ဆိုရင် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံးစောင့်ရှောက်ဖို့သင့်တယ်လို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

**ဒေါ်ငွေငွေဝင်း (အကနည်းပြဆရာမ)**

ဒီပွဲလေးဖြစ်မြောက်ရေးအတွက် အခြားသောနည်းပြတွေရော ဝိုင်းဝန်းကူညီကြတာဖြစ်ပါတယ်။ ဒီပွဲလေးကျင်းပဖြစ်ပုံကတော့ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးတွေရဲ့ရိုးရာဓလေ့ထုံးစံ၊ သူတို့ရဲ့မတူညီတဲ့ဘာသာ စရိုက်လေးတွေ၊ အကလေးတွေ၊ အပြအမူလေးတွေကို တစ်နေရာတည်းမှာ တစုတဝေးတည်း လာရောက်ကြည့်ရှုခွင့်ရအောင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)မှာ လာရောက်ဖျော်ဖြေခြင်းဖြစ်ပါတယ်။ ဒီလိုပြည်သူတွေ အခမဲ့လာရောက်ကြည့်ရှုလို့ရအောင် ဖျော်ဖြေတင်ဆက်တာကတော့ ခြောက်ကြိမ်ရှိပါပြီ။ ဆက်လက်ပြီးတော့လည်း တစ်နှစ်ကို နှစ်ကြိမ်၊ သုံးကြိမ်အထိ တာဝန်ရှိသူတွေရဲ့စီစဉ်ချက်ဖြင့် ဖျော်ဖြေမှု ဆက်လက်ရှိဦးမှာပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ယဉ်ကျေးမှုအနုပညာနဲ့ပတ်သက်ပြီး တာဝန်ယူရတဲ့ ဘယ်ယဉ်ကျေးမှုမဆို ကချင်ဆိုလည်း ကချင်တိုင်းရင်းသား၊ ကယားဆိုလည်း ကယားတိုင်းရင်းသား၊ ကရင်ဆိုလည်း ကရင်တိုင်းရင်းသား စတဲ့တိုင်းရင်းသားပေါင်းစုံရဲ့ရိုးရာယဉ်ကျေးမှုဓလေ့တွေရဲ့ချစ်စရာအက အလှတွေနဲ့ ဖျော်ဖြေတင်ဆက်ခွင့်ရတဲ့အတွက် အများကြီးလည်း ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်ထွေး(ရှမ်းတိုင်းရင်းသားရိုးရာအက)**

ကျွန်တော်တို့ အခု လာရောက်ဖျော်ဖြေတာဆို လေးကြိမ်မြောက်ရှိပါပြီ။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားလူမျိုးကြီးတွေနဲ့အတူ မျိုးနွယ်စုပေါင်း ၁၃၀ ကျော်ရှိပါတယ်။ အဲဒီတိုင်းရင်းသားညီအစ်ကို မောင်နှမတွေအားလုံးရဲ့ ရိုးရာ


ဦးကျော်ကျော်


ဒေါ်မြင့်မြင့်စိုး

ယဉ်ကျေးမှုတွေကို တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အားလုံးသာမကဘဲ ကမ္ဘာပေါ်မှာရှိတဲ့ ကမ္ဘာသူ ကမ္ဘာသားတွေ အားလုံးကိုလည်း ဖြန့်ဝေချင်တဲ့ဆန္ဒနဲ့ အခုလိုလာရောက်ဖျော်ဖြေရခြင်း ဖြစ်ပါတယ်။ ဒီလိုလာရောက်ဖျော်ဖြေခွင့်ရတော့ ပြည်ထောင်စုကြီးမှာရှိတဲ့ တိုင်းရင်းသားတွေအနေနဲ့ တစ်ဦးရဲ့ယဉ်ကျေးမှုကို တစ်ဦးက သိရမယ်။ အပြန်အလှန်သိခွင့်ရတာကြောင့် လူမျိုးတစ်ခုချင်းစီရဲ့ယဉ်ကျေးမှုတွေကိုလည်း သိခွင့်၊ လေ့လာခွင့်ရမယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေဆိုတာ ဘာလဲဆိုတာသိဖို့အတွက် ဖော်ထုတ်ပေးတာပါ။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ဆိုတဲ့ ဆောင်ပုဒ်လေးနဲ့အညီ ဆက်လက်ဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါ်မေမွန်သင်း(ရှမ်းတိုင်းရင်းသားရိုးရာအက)**

အခုလိုဖျော်ဖြေရတာ ပျော်စရာလည်း ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့က တိုင်းရင်းသားရိုးရာအကလေးကို ဖျော်ဖြေရတဲ့နေရာမှာ ရိုးရာအိုးစည်၊ အတီး၊ အဆို၊ အကလေးတွေနဲ့ အနုပညာမောင်နှမတွေ စုပေါင်းဖျော်ဖြေရတာဆိုတော့ တကယ့်ကို ကျေနပ်ပျော်ရွှင်မိပါတယ်။ အခုဖျော်ဖြေသွားတဲ့သီချင်းလေးက ကျွန်မတို့ ရှမ်းဒေသက ရှမ်းအိုးစည်တွေ၊ ရှမ်းမလေးရဲ့ အကအလှလေးတွေ၊ သူတို့ဒေသရဲ့ အတွေ့အကြုံလေးကို တေးသီချင်း၊ ကကွက်တွေနဲ့ ပရိသတ်ကြီးကို ချပြတာပါ။ ကျွန်မတို့ဌာနမှာ အမြဲလေ့ကျင့်မှုတွေလုပ်နေပါတယ်။ ဒီလိုပွဲမျိုးလေးတွေ ရှိတဲ့အတွက်လည်း နေ့စဉ်လေ့ကျင့်မှုတွေပြုလုပ်ဖြစ်ပြီးတော့ အခုလို လာရောက်ဖျော်ဖြေရတာပါရှင့်။ အခုလို တိုင်းရင်းသားယဉ်ကျေးမှု အက အလှတွေ ပြသခွင့်ရတဲ့အတွက် လာရောက်ကြည့်ရှုကြတဲ့ မြန်မာနိုင်ငံသူနိုင်ငံသားတွေလည်း ကိုယ့်ရဲ့ယဉ်ကျေးမှုတွေကို ပိုပြီးတော့ တန်ဖိုးထားထိန်းသိမ်းတတ်လာမယ်လို့ ထင်မိပါတယ်။

**ဦးကျော်ကျော်(လာရောက်ကြည့်ရှုသူ)**

ဇေယျာသီရိမြို့နယ်က လာတာပါ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အခုလိုဖျော်ဖြေပွဲတွေပြုလုပ်ပေးတဲ့နေရာမှာ မြန်မာ့ရိုးရာရဲ့ယဉ်ကျေးမှုအကအလှအမွေအနှစ်တွေကို ကလေးတွေသိရအောင် ထိန်းသိမ်းတတ်အောင်လာပြတာပါ။ ပြည်သူလူထုကို အခုလိုအခမဲ့လာရောက်ဖျော်ဖြေပေးတာကောင်းပါတယ်။ ဒီနေ့ဆို ရုံးဝန်ထမ်းတွေရဲ့ အလုပ်ပိတ်ရက်လည်းဖြစ်တော့ ရုံးတွေရော၊ ကာယဉာဏလုပ်သားတွေ၊ ခရီးသွားဧည့်သည်တွေအတွက်လည်း အပန်းဖြေဖျော်ဖြေတင်ဆက်မှုလေးတစ်ခု ဖြစ်ပါတယ်။ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာအကဆိုတာ ဇာတ်တွေထဲမှာတောင် အစုံမပြဘူး။ ဒီကျမှပဲ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုက အကပေါင်းစုံကို မြင်ရပါတယ်။ ဖျော်ဖြေတင်ဆက်သွားတာတွေ အကုန်ကောင်းပါတယ်။ အဲဒီထဲကမှ ရှမ်းရိုးမက အိုးစည်သံ တေးသီချင်းရော၊ ကပြဖျော်ဖြေမှုရော ကြိုက်ပါတယ်။ ကျောင်းသားစုံညီပွဲတော်တွေကျရင်လည်း ကျောင်းသားလေးတွေကို ကဖို့ သင်ပေးမှာပါ။ အဲဒါကြောင့် ကပုံကနည်းတွေ လက်ချိုးတာတွေကအစ လာရောက်ကြည့်ရှုရင်းလေ့လာတာပါ။

**ဒေါ်မြင့်မြင့်စိုး(လာရောက်ကြည့်ရှုသူ)**

နေပြည်တော် ဘူးကွဲကနေ မိသားစုနဲ့လာရောက်ကြည့်ရှုတာပါ။ အစ်မကလေးကို ယဉ်ကျေးမှုအနုပညာကို နားလည်စေချင်လို့ပါ။ နောက်ပြီးတော့ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ ဝတ်စားဆင်ယင်မှုလေးတွေကိုလည်း သိရအောင်၊ လူမျိုးပေါင်းစုံရဲ့အကလေးကိုလည်း သိစေချင်လို့ လာခဲ့တာပါ။ ကလေးကလည်း အကဝါသနာပါတော့ ဘယ်လူမျိုးကတော့ ဘယ်လိုလေး ကတယ်ဆိုတာ ကြည့်စေချင်လို့ လာရောက်ဖြစ်တာပါ။ ဖျော်ဖြေတင်ဆက်တာ၊ သရုပ်ဖော်ကကွက်တွေ အကုန်ကောင်းပါတယ်။ လစဉ် အမြဲလာကြည့်ဖြစ်တယ်။ ဖျော်ဖြေမှုအားလုံးလည်း ကြည့်လို့ကောင်းပါတယ်။ အဲဒီထဲကမှ သူငယ်တော်အကနဲ့ မျက်လှည့်ပြကွက်တွေ ပိုကြိုက်ပါတယ်။

ယနေ့ကျင်းပခဲ့သည့် ဖျော်ဖြေတင်ဆက်မှုများက ကချင်တိုင်းရင်းသားရိုးရာအက၊ ကယားတိုင်းရင်းသားရိုးရာအက၊ မင်္ဂလာသုံးစုံတွဲ ယိမ်းအက၊ ကရင်တိုင်းရင်းသားရိုးရာဒုံးအက၊ နှစ်ကိုယ့်တစ်စိတ်အက၊ ချိန်တွင်းဆည်းဆာတို့တောရွာ (ရေအိုးယိမ်း)၊ ချင်းတိုင်းရင်းသားရိုးရာဝါးညှပ်အက၊ မွန်ဟင်္သာအက၊ ရခိုင်တိုင်းရင်းသားရိုးရာအက၊ ရှမ်းတိုင်းရင်းသားရိုးရာအက၊ ရွှေမြန်မာအငြိမ့်ပဒေသာအစီအစဉ်၊ ပြည်ထောင်စုသား စသည့်ရိုးရာယဉ်ကျေးမှုအကအလှများကို တင်ဆက်ခဲ့ကြသည်။


ဦးကျော်ဆွေ


ဒေါ်ငွေငွေဝင်း


မွန်တိုင်းရင်းသားရိုးရာ ဟင်္သာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအက၊ ပဒေသာယိမ်းအကနှင့် အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်မှုပုံရိပ်များ



တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအက၊ ပဒေသာယိမ်းအကနှင့် အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ ဓာတ်ပုံ-သတင်းစဉ်



နှစ်ကိုယ့်တစ်စိတ် ရယ်ရွှင်ဖွယ်ဟာသအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ ဓာတ်ပုံ-အလင်းသစ်



ချင်းတိုင်းရင်းသားရိုးရာဝါးညှပ်အကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ ဓာတ်ပုံ-သတင်းစဉ်



ရှမ်းရိုးမက အိုးစည်သံ တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ ဓာတ်ပုံ-သတင်းစဉ်



ချိန်ဆည်းဆာတို့တောရွာ ရေအိုးယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ ဓာတ်ပုံ-သတင်းစဉ်



သာစွရခိုင်တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ ဓာတ်ပုံ-အလင်းသစ်



ရွှေမြန်မာအငြိမ့်အဖွဲ့မှ လူရွှင်တော်များ ဖျော်ဖြေတင်ဆက်စဉ်။ ဓာတ်ပုံ-သတင်းစဉ်



မင်္ဂလာသုံးစုံတွဲမြန်မာယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ ဓာတ်ပုံ-သတင်းစဉ်

# မြွေဆိပ်သင့်ခြင်းနှင့် ဆေးဖက်ဝင်အပင်များ၏ အခန်းကဏ္ဍ

ဒေါက်တာဝင်းအောင် (သုတေသီ)

ကမ္ဘာပေါ်တွင် လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် မကူးစက်နိုင်သော ရောဂါများအနက် တစ်ခုအပါအဝင်ဖြစ်သည့် မြွေကိုက်ရောဂါသည် လက်ရှိအခါက ကမ္ဘာ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်နေပါသည်။ ၂၀၁၈ ခုနှစ် မေလတွင် ဂျီနီဗာ၌ ကျင်းပပြုလုပ်ခဲ့သော ၇၁ ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် နှစ်စဉ် မြွေကိုက်ခံရသူပေါင်း ၅ ဒသမ ၄ သန်းခန့်ရှိပြီး သေဆုံးသူဦးရေပေါင်းမှာ ၈၁၀၀၀ မှ ၁၃၈၀၀၀ နှင့် မြွေကိုက်ခံရမှုကြောင့် နောက်ဆက်တွဲရောဂါနှင့် မသန်မစွမ်းဖြစ်မှုများ ဆက်လက်ခံစားနေရသူပေါင်းမှာ ၄၀၀၀၀၀ ခန့်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘာပေါ်တွင် မြွေအမျိုးအစားပေါင်း ၂၇၀၀ ခန့်ရှိပြီး အမျိုးအစား ၃၅၀ ခန့်သည်သာ အဆိပ်ရှိမြွေဆိုးများ ဖြစ်ကြပါသည်။

**မြန်မာနိုင်ငံနှင့် မြွေကိုက်ခံရမှု**

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း နှစ်စဉ်လူဦးရေ ၉၀၀၀ ခန့် မြွေကိုက်ခံရပြီး အကိုက်ခံရသူများ၏ ၆၀၀ ခန့်(၇ ရာခိုင်နှုန်းခန့်) မှာ အသက်ဆုံးရှုံးရပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဆေးရုံစာရင်းဇယားများအရ မြန်မာနိုင်ငံတွင် မြွေကိုက်ခံရမှုနှုန်း အများဆုံးသောဒေသများမှာ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ပြီး သေပျောက်မှုအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး (၁၅ ရာခိုင်နှုန်းခန့်) ဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်သောသူများဖြစ်ကြပြီး မြွေကိုက်ခံရမှုနှုန်း များပြားသည်မှာလည်း ကျေးလက်တောရွာဒေသများတွင် ဖြစ်ပါသည်။ လူဦးရေထူထပ်ခြင်း၊ လယ်ယာလုပ်ငန်းခွင်များတွင် နေ့စဉ်အလုပ်လုပ်ကိုင်နေကြရခြင်း၊ အဆိပ်ရှိသော မြွေဆိုးများပေါများခြင်းနှင့် ကျန်းမာရေးဗဟုသုတ နည်းပါးခြင်းတို့ကြောင့်လည်း ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း များရခြင်းဖြစ်ပါသည်။ အကိုက်ခံရသူအများစုမှာလည်း လယ်ယာ၊ တောင်ယာစိုက်ပျိုးသူများ၊ တိရစ္ဆာန်ထိန်းကျောင်းနေသူများ၊ ရေလုပ်သားများ၊ မြွေများကိုရှာဖွေဖမ်းဆီးနေသူများနှင့် ကိုင်တွယ်ထိန်းသိမ်းနေသူများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် မြွေအမျိုးအစား ၁၅၀ ခန့်ရှိပြီး အဆိပ်ပြင်းသော မြွေဆိုးအမျိုးအစားပေါင်း ၅၀ ခန့် ရှိပါသည်။ အဆိုပါ မြွေဆိုးများအနက် ၉၀ ရာခိုင်နှုန်းသည် မြွေပွေးများဖြစ်ပြီး ကျန်ရာခိုင်နှုန်းမှာ မြွေဟောက်၊ ငန်းတော်ကျား၊ ငန်းပုပ်၊ ပင်လယ်ဂျပ်မြွေ၊ မြွေစိမ်းမြီးခြောက်နှင့် အခြားမြွေတို့ ဖြစ်ကြပါသည်။ သတိချပ်စေလိုသည်မှာ မြွေကိုက်ခံရတိုင်း ကိုက်သည့်မြွေသည် အဆိပ်ရှိသောမြွေမဟုတ်၊ အဆိပ်ရှိသောမြွေတိုင်းလည်း လူကိုအန္တရာယ်ပြုနိုင်သည့်၊ သေစေနိုင်သည့် အဆိပ်ရှိသည့် မြွေဆိုးမဟုတ်၊ မြွေဆိုးအကိုက်ခံရတိုင်းလည်း အကိုက်ခံရသူအများစုသည် ခန္ဓာကိုယ်အတွင်းသို့ မြွေဆိပ်မဝင်၊ မြွေဆိပ်ဝင်တိုင်းလည်း ပမာဏအနည်းငယ်သာဝင်ပါက မြွေဆိပ်မသင့်၊ မတက်နိုင်ပါ။ အဆိပ်ပြင်းသော မြွေဆိုးများအကိုက်ခံရ၍ အဆိပ်ပမာဏများစွာဝင်မှသာလျှင် မြွေဆိပ်တက်ခြင်း (Systemic Envenomation) ဖြစ်နိုင်ပါသည်။ စနစ်တကျသုတေသနပြုစမ်းသပ်တွေ့ရှိချက်များအရ မြွေကိုက်ခံရသူအားလုံး၏ ၂၈ ရာခိုင်နှုန်းသည် ခန္ဓာကိုယ်တွင်းသို့ မြွေဆိပ်မဝင်ပါ (Dry Bite)၊ နောက်ထပ် ၂၈ ရာခိုင်နှုန်းသည် မြွေဆိပ်အနည်းငယ်သာဝင်သဖြင့် မြွေဆိပ်မသင့်၊ မတက်ပါ။ ကျန် ၄၄ ရာခိုင်နှုန်းသာလျှင် အန္တရာယ်ပြုနိုင်လောက်သော မြွေဆိပ်ပမာဏဝင်ပြီး မြွေဆိပ်တက်ခြင်းနှင့် ခန္ဓာကိုယ်တွင်း အင်္ဂါများဖြစ်သော အာရုံကြောပျက်စီးခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အထက်ပါမြွေဆိပ်သင့်ခြင်း၊ တက်ခြင်းမရှိသော (၅၆ ရာခိုင်နှုန်းသော) မြွေကိုက်ခံရသူများသည် မြွေဆိပ်ဖြေဆေးထိုးနှံမှု ခံယူရန်မလိုအပ်သဖြင့် ဘာမျှမလုပ်ဘဲစောင့်ကြည့်မှုပဲပြုပြု၊ ရေမန်းတိုက်၍ပဲကုကု၊ ဆေးဖက်ဝင်အပင်များနှင့်ပဲကုကု၊ မြွေဆိပ်ဖြေဆေးမပေးဘဲကုသမှုပြုပြု၊ မြွေဆိပ်မတက်ဘဲ၊ ဘာမျှဆက်လက်မဖြစ်လာနိုင်ဘဲ အလိုအလျောက် ပြန်ကောင်းသွားပါမည်။ သို့သော် မြွေဆိုးကိုက်၍ မြွေဆိပ်တက်သောလူနာများတွင်မူ မှန်ကန်ထိရောက်သော မြွေဆိပ်ဖြေဆေးကို အချိန်မီ သတ်မှတ်ပမာဏမရရှိပါက ရာနှုန်းပြည့် အသက်အန္တရာယ် ကြုံတွေ့ရနိုင်ပါသည်။

**မြွေဆိပ်နှင့် ဆေးဖက်ဝင်အပင်များ၏ ချေဖျက်နိုင်မှု အာနိသင်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ အီဂျစ်၊ ဆီးရီးယားနိုင်ငံများအပါအဝင် အာရှနှင့် အာဖရိကဒေသများရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်တောရွာနေလူများတွင် လူသားများ၏ ၇၀ ရာခိုင်နှုန်းသည် မြွေကိုက်ခံရပါက မိရိုးဖလာဆေးဖက်ဝင်အပင်များ (Medicinal Plants) ကို အားထားအသုံးပြုလျက်ရှိကြကြောင်း သိရှိရသည်။ အထက်ပါကဲ့သို့ အသုံးပြုရခြင်းအကြောင်းရင်းမှာ မိရိုးဖလာပြောကြားချက်၊ လုပ်ဆောင်ချက်များကို စွဲလမ်းယုံကြည်ခြင်းနှင့် မိမိတို့နှင့်လက်လှမ်းမီ၍ အလွယ်တကူ ရရှိနိုင်ခြင်း၊ အနောက်တိုင်းဆေးများ၏ အာနိသင်ကို မသိခြင်း၊ လက်လှမ်းမမီခြင်း၊ ဆေးရုံ၊ ဆေးခန်း အလှမ်းကွာဝေးခြင်း၊ ကျန်းမာရေးဗဟုသုတနည်းပါးခြင်းနှင့် အနောက်တိုင်းဆေးများ၏ မလိုလားအပ်သောဆိုးကျိုးတို့ကို ခံစားရမည်ဟု လွဲမှားစွာယုံကြည်နေခြင်းတို့ကြောင့် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံမှ တချို့သော အာယုဗေဒဆေးကျမ်းများ (Ayuvedic Text) နှင့် သုတေသနတွေ့ရှိချက်များတွင် မြွေဆိပ်ကို ချေဖျက်နိုင်သောဆေးဖက်ဝင်အပင်များကို ဖော်ပြထားပါသည်။ ထိုဆေးဖက်ဝင်အပင်များသည် မြွေဆိပ်တွင်ပါဝင်သော လူကိုအန္တရာယ်ဖြစ်စေသည့် ပရိုတိန်းများ၊ အင်ဇိုင်းများနှင့် အခြားသောဓာတ်များကို ချေဖျက်နိုင်စွမ်းရှိကြောင်း တင်ပြထားပါသည်။ သို့သော် အစွမ်းအာနိသင် ပြည့်စုံသည်ဟု သတ်မှတ်ထားသော အပင်၊ သစ်ဥသစ်ဖုအများစု၏ အမှန်တကယ် အာနိသင်ရှိသည့် အစိတ်အပိုင်းကို သန့်စင်ဖော်ထုတ်ခြင်းနှင့် အဆိုပါအစိတ်အပိုင်းမှာ မြွေဆိပ်ကို မည်သို့မည်ပုံချေဖျက်နိုင်သည်၊ အာနိသင်လျော့စေနိုင်သည်တို့ကို စနစ်တကျသုတေသနပြုထားခြင်းမရှိပါ။ အထက်ပါကဲ့သို့ ဓာတ်ခွဲခန်းတွင် ပထမအဆင့်စမ်းသပ်ခြင်း၊ ဓာတ်ခွဲခန်း တိရစ္ဆာန်ငယ်များအပေါ် ဒုတိယအဆင့် ဆက်လက်စမ်းသပ်ခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်ပြီးမှသာ လူသားများအပေါ်တွင် အမှန်တကယ်အာနိသင် ရှိ၊ မရှိနှင့် ဘေးထွက်ဆိုးကျိုးများ ရှိ၊ မရှိ ဆက်လက် စမ်းသပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါမည်။



**မြန်မာနိုင်ငံနှင့် ဆေးဖက်ဝင်အပင်များ အသုံးပြုမှု**

မြန်မာနိုင်ငံတွင် မိမိအိမ် / ခြံအတွင်းသို့ မြွေမလာနိုင်အောင် ခြံပတ်လည်တွင် ရှဉ့်မတက်ပင်၊ နှင်းဆီပင်၊ ပင်စိမ်းပင်နှင့် Kiss Me Quick ကဲ့သို့ (ဆူးခက်များပါသော) အပင်များ စိုက်ပျိုးထားခြင်း၊ ခြံနှင့် အိမ်ပတ်ဝန်းကျင်တွင် ဆီးဖြူသီးများ ဖြန့်ကြဲထားခြင်းတို့ကို လုပ်ဆောင်တတ်ကြပါသည်။ ကျေးလက်တောရွာများတွင် မြွေကိုက်ခံရပါက ရောဂါပေါ့စေရန်နှင့် မကြောက်လန့်စေရန်အတွက် "ပိုးထိသည်" ဟုသာခေါ်ဆိုခြင်းနှင့် မြွေကိုက်ခံရသည့်နေရာရှိ ကွင်းပိုင် လယ်ပိုင်၊ တောစောင့်တောင်စောင့် နတ်များကို ပူဇော်ကန်တော့ တောင်းပန်ခြင်းတို့ ပြုလုပ်လေ့ ရှိတတ်ကြပါသည်။ ထို့အပြင် အကိုက်ခံရသည့်လူကို မြွေဆိပ်တက်ခြင်းမှ ကာကွယ်ရန် အောက်ဖော်ပြပါ မိရိုးဖလာ၊ ဒေသနှင့် အိမ်တွင်းကုထုံး၊ ဆေးမြီးတို၊ ဆေးဖက်ဝင်အပင်များဖြင့် အရေးပေါ်ကုသလေ့ရှိကြောင်း လေ့လာသိရှိရပါသည်။ မြွေကိုက်ခံရသည့်လူကို မြင်းခွာရွက်ကို စားစေခြင်း၊ ကြက်သဟင်းရွက်စားစေခြင်းနှင့် အမြစ်ကို ထောင်းထု၍ ရေစိမ်သောက်ခြင်း၊ ဆားရည်ပျစ်ပျစ် ဖျော်သောက်ပေးခြင်း၊ ဆေးခါးကြီးပင် (ခေါ်) ရှမ်းဆေးခါးကြီးပင် (အခြောက်မှုန့်) ကိုရေဆူဆူဖြင့် ဖျော်၍ သောက်ခြင်း၊ ဆေးခါးကြီးပင်အစိမ်းကို ရေကျက်အေးဖြင့် ဖျော်သောက်ခြင်း၊ ကျီးအာသီးပင်၏ ဥကို အစိမ်းလိုက်ဝါးစားခြင်းနှင့် ခွေးလှေးယားသီး (အနက်စေ့)စားခြင်းတို့ကို လုပ်ဆောင်တတ်ကြပါသည်။ ထို့အပြင် မြွေကိုက်ခံရသည့် ဒဏ်ရာနေရာသို့ အပ်စိုက်ခြင်း၊ စုတ်ထိုးခြင်း၊ ကြက်ဥအစိမ်းကို မြွေစွယ်ဒဏ်ရာအတိုင်း အပေါက်နှစ်ပေါက်ဖောက်၍ ကပ်ပေးခြင်း၊ ကြက်၏ရင်ပုံကိုအုပ်ပေးခြင်း၊ သစ်ကြားသီးအစေ့နှင့် အရွက်တို့ကို ထောင်းထုကာ အရည်ဖျော်၍ လိမ်းပေးခြင်း၊ ကုလားရမူလီအမြစ်ကို သွေးလိမ်းပေးခြင်း၊ သဘော်သီးအကင်းကို ထိပ်မှဖြတ်၍ ကပ်ပေးခြင်း၊ ပင်စိမ်းရွက်ကို ကြိတ်အုံပေးခြင်းနှင့် မြင်းခွာရွက်ကိုကြိတ်၍ ရလာသောအရည်ကို လူးပေးခြင်းတို့ကိုလည်း လုပ်ဆောင်တတ်ကြပါသည်။ အထက်ပါ ရိုးရာဓလေ့နှင့် မိရိုးဖလာအရ ဆောင်ရွက်ချက်များသည် ထိရောက်မှုရှိသည်၊ မရှိသည်ကိုတော့ မသိပါ။ သို့သော် စနစ်တကျ သိပ္ပံနည်းကျကျ သုတေသနပြုဆောင်ရွက်ထားသည့် အထောက်အထားများ လုံးဝမရှိသေးပါသဖြင့် ရာနှုန်းပြည့် ထိရောက်မှုရှိသည်ဟု မယူဆနိုင်ပါ၊ မမှတ်ယူသင့်ပါ။

**မြန်မာ့ဆေးဖက်ဝင်အပင်များ သုတေသနပြုလုပ်မှု အခြေအနေ**

မြန်မာနိုင်ငံတွင် ၁၉၆၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနတွင် မြွေဆိပ်သင့်ခြင်းအတွက် စနစ်တကျ သုတေသနပြုလုပ်ထားသော ဆေးဖက်ဝင်အပင်များ ရှိပါသည်။ ၁၉၇၂ ခုနှစ်တွင် သုတေသနပြုစမ်းသပ်ခဲ့သော ဂမုန်းတိမ်ပြာနှင့် ပိန်းရိုင်းပင်များ၏ ဆားရည်တွင်ပျော်ဝင်နေသော အနှစ်များသည် မြွေဆိပ်ကို ချေဖျက်နိုင်သည့် အာနိသင်မရှိကြောင်းကို လည်းကောင်း၊ ၂၀၀၈ ခုနှစ်အတွင်း မန်ကျည်းစေ့(Tamarindus Indica Lin Seed)၏ အယ်လ်ကိုဟောတွင် ပျော်ဝင်ထားသည့် အနှစ်သည် မြွေပွေးဆိပ်တွင်ပါဝင်သည့် တချို့သော ဇီဝအာနိသင်များကို လျော့ပါးစေနိုင်ကြောင်းကို လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ခွေးလှေးယားသီးစေ့ (Seed Macuna Pruriens Linn DC)၏ ရေတွင်ပျော်ဝင်ထားသည့် အနှစ်သည် မြွေပွေး၏ သေစေနိုင်သော အဆိပ်အာနိသင်ကို ချေဖျက်နိုင်ကြောင်းကို လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ရေနှင့် အယ်လ်ကိုဟောတွင် ပျော်ဝင်ထားသော ကြောင်ပန်းကြီးအမြစ် (Root of Vitex negundo Linn) အနှစ်သည် မြွေပွေးဆိပ်၏ အဆိပ်သင့်ခြင်းကို ချေဖျက်နိုင်စွမ်းရှိကြောင်းကို လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ဆေးခါးကြီးပင် (Andrographis Paniculata Nees) သည်လည်း မြွေပွေးဆိပ်ကို ဖြေနိုင်သည့်အာနိသင်ရှိကြောင်းကို လည်းကောင်း တင်ပြထားပါသည်။ သို့သော် အထက်ပါ သုတေသနဆောင်ရွက်ချက်အများစုသည် ဓာတ်ခွဲခန်းအတွင်း In-vitro နှင့် တိရစ္ဆာန်ငယ်များ အပေါ်တွင် စမ်းသပ်တွေ့ရှိချက် အဆင့်သာရှိပါသည်။ မြွေပွေးအဆိပ်ကို အတိုင်းအတာတစ်ခုအထိ ချေဖျက်နိုင်သည့်အာနိသင်ရှိကြောင်းကိုသာ သုတေသနပြုထားခြင်းဖြစ်ပြီး ဆေးပင်၏ ဘေးထွက်ဆိုးကျိုးများရှိ၊ မရှိကိုမူ စမ်းသပ်ထားခြင်းမရှိပါ။ ဆေးဖက်ဝင်အပင်၏ ချက်ချင်းနှင့်ရေရှည် အန္တရာယ်ဆိုးကျိုးပေးနိုင်မှုရှိ၊ မရှိ၊ အသုံးပြုရမည့် ဆေးပမာဏအတိအကျပါဝင်သည့် အဆိပ်ချေဖျက်နိုင်သည့် အာနိသင်ပေးသည့် အစိတ်အပိုင်းနှင့် ဓာတုအမျိုးအစားတို့ကိုလည်း ဖော်ထုတ်တင်ပြနိုင်ခြင်းမရှိသေးပါ။ မြွေဆိပ်သင့် လူနာများအပေါ်တွင် အမှန်တကယ် အစွမ်းအာနိသင်ရှိ၊ မရှိနှင့် ဆိုးကျိုးများရှိ၊ မရှိ လူပုဂ္ဂိုလ်များအပေါ် သုတေသနကျင့်ဝတ်နှင့်အညီ ဆက်လက် စမ်းသပ်သုတေသနပြုလုပ်ရန် လိုအပ်ဦးမည် ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့

**မြန်မာနိုင်ငံတွင် မိမိအိမ် / ခြံအတွင်းသို့ မြွေမလာနိုင်အောင် ခြံပတ်လည်တွင် ရှဉ့်မတက်ပင်၊ နှင်းဆီပင်၊ ပင်စိမ်းပင်နှင့် Kiss Me Quick ကဲ့သို့ (ဆူးခက်များပါသော) အပင်များ စိုက်ပျိုးထားခြင်း၊ ခြံနှင့် အိမ်ပတ်ဝန်းကျင်တွင် ဆီးဖြူသီးများ ဖြန့်ကြဲထားခြင်းတို့ကို လုပ်ဆောင်တတ်ကြပါသည်။ ကျေးလက်တောရွာများတွင် မြွေကိုက်ခံရပါက ရောဂါပေါ့စေရန်နှင့် မကြောက်လန့်စေရန်အတွက် "ပိုးထိသည်" ဟုသာ**

# ပြည်လုံးကျွတ်ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



**ဘားအံ မေ ၂၅**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကရင်ပြည်နယ် ပြည်လုံးကျွတ်ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

**ကျောင်းအပ်နှုန်းမြင့်မားစေရန် ဆောင်ရွက်**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာရေးကဏ္ဍ အကောင်အထည်ဖော် အောင်မြင်ရေးအတွက် ကျောင်းနေအရွယ်ကလေးများ၊ လူငယ်များအခြေခံပညာရေးကို လက်လှမ်းမီသင်ယူနိုင်ခွင့်ရရှိစေရေးအတွက် မသင်မနေရအခမဲ့ပညာရေးစနစ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကျောင်းအပ်နှံရေးအခွင့်အလမ်းများ တိုးတက်ရရှိစေရေးနှင့် ကျောင်းအပ်နှုန်းမြင့်မားစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် **"မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိဖို့ မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီစို့"** ဟူသော ဆောင်ပုဒ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငါးနှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်၊ ခြောက်နှစ်အရွယ်ကလေးများကို ပထမတန်း(Grade-1) သို့အပ်နှံရန် အရေးကြီးပါကြောင်း၊ ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းမပြုရန်၊ ငွေကြေးလက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရန်၊ ကျောင်းဝတ်စုံ၊ အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ ရောင်းချခြင်းမပြုလုပ်ရန်၊ မည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်း မပြုရန် အဓိကမှာကြားလိုကြောင်း။

**ဂိမ်းစွဲလမ်းမှုကို လျှော့ချပေး**

အခြေခံပညာကျောင်းများတွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသား ကျောင်းသူများအားလုံး စာရေးတတ်၊ စာဖတ်တတ်၊ အခြေခံသင်္ချာ တွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာနှင့် စီးကရက် မသုံးစွဲရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများကို သိရှိစေရန် ပညာပေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုကိုလည်း ထည့်သွင်းရန်စီစဉ်လျက်ရှိကြောင်း၊ ကျောင်းသားများနှင့် လူငယ်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသော ဂိမ်းစွဲလမ်းမှုကို လျှော့ချပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများ၊ ကျောင်းအုပ်ကြီးများအနေဖြင့် ဆရာ ဆရာမများကို ကောင်းစွာသင်ကြားသင်ယူနိုင်စေရန် ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ ပျော်ရွှင်မှသာ ကျောင်းသား ကျောင်းသူများကို ကောင်းစွာသင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့က အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက အလှူရှင်များမှ လိုအပ်ချက်ရှိသော ကျောင်းသားကျောင်းသူများအတွက် ပေးအပ်လှူဒါန်းသည့် စာရေးကိရိယာနှင့် ပညာသင် ထောက်ပံ့ပစ္စည်းများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်လှူဒါန်းကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ဘားအံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဘားကပ်)သို့ ရောက်ရှိကြပြီး ကျောင်းအပ်နှံရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘားအံတက္ကသိုလ်၊ ဘားအံပညာရေးကောလိပ်တို့မှ ဆရာ ဆရာမများ၊ ဆရာသမဂ္ဂများ၊ ကျောင်းသားသမဂ္ဂများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန "၂၀၁၉-၂၀၂၀ ပညာသင်နှစ်" ကျောင်းအုပ်၊ ဆရာ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ ရောင်းချခြင်း မပြုရ။
- ❖ အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ အသက် ၅ နှစ်ပြည့်သူတိုင်းအား သူငယ်တန်း (KG)တွင်လည်းကောင်း၊ အသက် ၆ နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade1)တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
- ❖ ဇွန်လမှ မတ်လအထိ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၉ ခုနှစ် ဇူလိုင်လ/ဩဂုတ်လတွင်တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင်တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၀ ခုနှစ် မတ်လတွင် တစ်ကြိမ် စုစုပေါင်း လေးကြိမ်သာ ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education) ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်း မတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသား ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာ တွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

❒ စာမျက်နှာ ၆ မှ

**ဆေးဖက်ဝင်အပင်များ၏ ကောင်းကျိုး၊ ဆိုးကျိုး**

အထက်ပါ ဆေးဖက်ဝင်အပင်များကို မြွေကိုက်ခံရသည့် လူနာများအပေါ် နည်းမျိုးစုံဖြင့် အသုံးပြုခြင်းသည် ကောင်းကျိုးမရှိနိုင်သည့်အပြင် ဆိုးကျိုးများကို ပိုမိုဖြစ်စေပါသည်။ မြွေကိုက်ခံရသောနေရာကို မလိုလားအပ်သည်တို့ကို လိမ်းခြင်း၊ လူးခြင်း၊ နှိပ်ခြင်း၊ စုပ်ထုတ်ခြင်းတို့ကြောင့် အဆိပ်ပိုမိုပျံ့နှံ့စေပြီး သွေးထွက်လည်း လွန်စေပါသည်။ မလိုလားအပ်သည်တို့ကို တိုက်ကျွေးခြင်းကြောင့်လည်း ပျို့ခြင်း၊ အန်ခြင်း၊ သွေးအန်ခြင်း၊ မိန်းမောခြင်းနှင့် ရုတ်တရက် ကျောက်ကပ်ပျက်စီးခြင်းတို့လည်း ဖြစ်စေတတ်ပါသည်။ အထူးသဖြင့် မြွေကိုက်ခံရသော လူနာသည် မိမိမြွေကိုက်ခံရခြင်းအတွက် အစွမ်းထက်သော ဆေးဖက်ဝင်အပင်များကို လိမ်းထားပြီး၊ သောက်ထားပြီး၊ ကုသပြီးဖြစ်သည်ဟု ယူဆပြီး မြွေဆိပ်မတက်တော့ပြီ၊ ဆေးရုံသို့သွားရောက် ကုသမှုခံယူရန် မလိုတော့ပြီဟု လွဲမှားစွာယုံကြည်မှု (False Sense of Security) ရရှိသွားနိုင်သဖြင့် လွန်စွာအန္တရာယ်ကြီးမားလှပါသည်။ မြွေကိုက်ခံရပါက ပျောက်စေဆရာ၊ မြွေအလမ္ပာယ်ဆရာ၊ ပယောဂဆရာ၊ မန်း၊ မှုတ် ဆရာတို့ထံ ပို့ဆောင်ကုသမှုခံယူခြင်း မပြုသင့်ပါ။ အထက်ပါကဲ့သို့ ပြုမူနေခြင်းဖြင့် မလိုလားအပ်ဘဲ ဆေးရုံသို့ပို့ဆောင်ပေးရမည့်အချိန်ကြာမြင့်ပြီး လူနာအတွက် အသက်အန္တရာယ်များစေပါသည်။ မြွေကိုက်ခံရသူသည် မြွေဆိပ်သင့်၊ တက်ပါက မြွေဆိပ်ဖြေဆေးကို ချက်ချင်း (အကိုက်ခံရပြီး နှစ် နာရီထက်နောက်မကျစေဘဲ) ထိုးနှံ့ပေးမှသာလျှင် ရာနှုန်းပြည့် အသက်ကယ်နိုင်မည် ဖြစ်ပါသည်။ မြွေကိုက်ခံရသော လူနာတိုင်းကို မြွေဆိပ်သင့်၊ မသင့် စောင့်ကြည့်ရန် လုံးဝလိုအပ်ပါသည်။ မြွေကိုက်ခံရသော လူနာတိုင်းကို ဆေးရုံတွင် လိုအပ်သော ပဏာမစမ်းသပ် စစ်ဆေးမှုများကို ဦးစွာပြုလုပ်ပေးပြီး လိုအပ်ပါက (မြွေဆိပ်သင့်ပါက) မြွေဆိပ်ဖြေဆေး ချက်ချင်းထိုးနှံ့ပေးခြင်းဖြင့် ကုသမှုပြုပါသည်။ မြွေဆိပ်တက်ခြင်းမရှိသေးပါက စဉ်ဆက်မပြတ်စောင့်ကြည့် ကုသမှုခံယူရပါသည်။

**မြွေဆိပ်သင့်ခြင်းကုသနိုင်သော ဆေးဖက်ဝင်အပင်များ ထုတ်လုပ်ရောင်းချခြင်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် အပင်အမျိုးအစားပေါင်း ၂၅၀၀၀၀မှ ၅၀၀၀၀၀ ခန့်ရှိပြီး ထိုအပင်များအနက် ၂၅ ရာခိုင်နှုန်းသည် ဆေးဖက်ဝင်အပင်(Medicinal Plant)များ ဖြစ်ပါသည်။ ဈေးကွက်တွင် တရားဝင်ထုတ်လုပ် ရောင်းချအသုံးပြုလျက်ရှိသော ဆေးများ၏ ၁၁ ရာခိုင်နှုန်းသည် ဆေးဖက်ဝင်အပင်များမှ ထုတ်လုပ်ထားရှိပါသည် (ဥပမာ- နှလုံးရောဂါ၊ ငှက်ဖျား၊ အဆစ်အမြစ်ရောင်၊ ကင်ဆာရောဂါကုသဆေးများ၊ အဏုဇီဝပိုးသတ်ဆေးများ၊ အကိုက်အခဲပျောက်ဆေးများ၊ အာတီဆူနိတ်၊ ဒစ်ဂျစ်တယ်လစ်၊ အထရိုပင်း၊ ကိုဒင်း၊ မော်ဖင်းစသည်ဖြင့်)၊ ကမ္ဘာတစ်ဝန်းတွင် မြွေကိုက်ရောဂါနှင့်ပတ်သက်၍ အာနိသင်အစွမ်းထက်သည်ဟု ကျော်ကြားသော ဆေးဖက်ဝင်အပင်များကို စနစ်တကျစမ်းသပ် သုတေသနပြုတင်ပြချက်များစွာရှိပါသည်။ သို့သော် မြွေကိုက်ခံရမှု၊ မြွေဆိပ်သင့်ခြင်းအတွက် ကုသသည့် ဆေးဖက်ဝင်အပင်မှ ထုတ်လုပ်သည့် ဆေးကို မည်သည့် ဆေးဝါးကုမ္ပဏီမှ တရားဝင်ထုတ်လုပ်ခြင်း၊ ဈေးကွက်တွင် ရောင်းချခြင်း ယနေ့အထိ မရှိသေးပါ။ မြန်မာနိုင်ငံတွင်လည်း မြွေကိုက်၊ မြွေဆိပ်သင့်ခြင်းကို ကာကွယ်နိုင်သည်၊ ချေဖျက်နိုင်သည်၊ ပျောက်ကင်းစေသည်ဟု လူအများ ပြောနေကြသော၊ ကျော်ကြားနေသော၊ လူမှုကွန်ရက်တွင် မျှဝေပေးနေသော၊ ကြော်ငြာနေသော မြန်မာ့ဆေးဖက်ဝင် သစ်ဥ၊ သစ်ဖုနှင့် အပင်များစွာရှိပါသည်။ သို့သော် မည်သည့် ဆေးဖက်ဝင်အပင်မျှ ဈေးကွက်တွင် တရားဝင်ခွင့်ပြု ရောင်းချနေခြင်း မရှိသေးပါ။ ထို့ကြောင့် သက်ဆိုင်ရာ လက်ရှိတာဝန်ရှိဆေးသုတေသီများ၊ မြွေကိုက်ရောဂါပညာရှင်များနှင့် မြန်မာတိုင်းရင်းဆေးဆရာကြီးများကလည်း မြွေဆိပ်ကိုဖြေနိုင်စွမ်းရှိသည့် ဆေးဖက်ဝင်အပင်များကို မြွေဆိပ်သင့်လူနာများအပေါ်တွင် လက်တွေ့အောင်မြင်စွာ အသုံးပြုနိုင်သည်အထိ စနစ်တကျ စမ်းသပ်လေ့လာ သုတေသနပြုဖော်ထုတ်ပေးရန် လိုအပ်ပါမည်။

**အကြံပြုတင်ပြချက်**

မြွေဆိုးအကိုက်ခံရ၍ မြွေဆိပ်တက်ခြင်းသည် တခြားသော ရောဂါများနှင့် မတူပါ။ အရေးပေါ် ဆေးကုသမှု ချက်ချင်းခံယူရမည့် အခြေအနေ (Acute Medical Emergency) ဖြစ်သဖြင့် ချက်ချင်းကုသမှု မဆောင်ရွက်နိုင်ပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် မြွေဆိပ်သင့်လူနာများ အပေါ်တွင် ထိရောက်မှန်ကန်သော မြွေဆိပ်ဖြေဆေးပမာဏဖြင့် အချိန်မီကုသပေးနိုင်ခြင်းမရှိပါက အသက်အန္တရာယ် စိုးရိမ်ဖွယ်ဖြစ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ လက်ရှိအချိန်ကာလတွင် မြွေကိုက်ခံရပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လမ်းညွှန်ထားသည့် မှန်ကန်တိကျသော ရှေးဦးသူနာပြုစုခြင်းမှလွဲ၍ အာနိသင် အာမခံချက်လုံးဝမရှိသော၊ ဆိုးကျိုးများဖြစ်စေနိုင်သော ဆေးဖက်ဝင်သည်ဟု လူအများပြောသော၊ ယူဆရသော ဆေးဖက်ဝင်အပင်များကို လိမ်းခြင်း၊ လူးခြင်း၊ တိုက်ကျွေးခြင်းများလုံးဝမပြုလုပ်ဘဲ မြွေဆိပ်ဖြေဆေးရှိရာ နီးစပ်ရာဆေးရုံ၊ ဆေးပေးခန်းများသို့ စေလွှတ်ပို့ဆောင်စေပြီး ထိရောက်သောကုသမှုကို သာလျှင် ခံယူသင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

# အစမ်မခိုင်းစေမှုပပျောက်ရေး အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား ထူထောင်မည်




**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုပပျောက်ရေး အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား ထူထောင်ရန် ပြင်ဆင်လျက်ရှိပြီး နိုင်ငံတော်အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုသည့် အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်သွားမည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေထံမှ သိရသည်။

**အသိအမှတ်ပြုအောင်ဆောင်ရွက်**

ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည့် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရကိုယ်စားလှယ်များပါဝင်သည့်(၁၃) ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက "မြန်မာနိုင်ငံမှာ အဓမ္မခိုင်းစေမှုပပျောက်ရေး အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားထူထောင်မလို့ပါ။ ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုအောင် နိုင်ငံတော်အနေနဲ့ အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်ကြားမှုယန္တရားကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အခြားသောဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး ဘယ်လိုပုံစံမျိုးလုပ်မယ်ဆိုတာကို အခြားနိုင်ငံတွေရဲ့ အတွေ့အကြုံ၊ ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေနဲ့ မူတည်ပြီးရေးဆွဲထားပါတယ်။ ဒီအစည်းအဝေးမှာ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေရဲ့ အကြံဉာဏ်ကို ရယူပြီး ဆွေးနွေးသွားမှာပါ။ ပြင်ဆင်ကာလပြီးပြီဆိုတာနဲ့ အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား စမှာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ဘက်ကတော့ ဒီကြားကာလထဲမှာ ပညာပေးတာတွေ၊ ဆွေးနွေးတာတွေ၊ ပြင်ဆင်တာတွေ အချိန်ယူလုပ်စေချင်ပါတယ်။ တိုင်ပင်ပြီးတော့ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထူထောင်ထားတဲ့ ယန္တရားမှာ ဝန်ကြီးဌာနအားလုံးပါပါတယ်။ ဘယ်ကိုတိုင်တိုင် အားလုံးစုပေါင်းဖြေရှင်းကြမှာပါ"ဟု ပြောသည်။

အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားတွင် အစိုးရဝန်ကြီးဌာနများအားလုံးပါဝင်ပြီး အဆိုပါယန္တရားတွင် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက်လည်း ပြည်ထောင်စုဝန်ကြီးအား အကြံပြုထားသည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောကြားသည်။

ဦးမောင်မောင်က "အဓမ္မစေခိုင်းတာနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနတွေပဲမဟုတ်ဘဲ အလုပ်သမား၊ အလုပ်ရှင်ကိုယ်စားလှယ်တွေပါရင်သင့်တော်မယ်လို့ ဝန်ကြီးကို ပြောခဲ့ပါတယ်။ ILO သည် သုံးပွင့်ဆိုင်ယန္တရားဖြစ်တော့ ကျွန်တော်တို့ဘက်ကလည်း ရင်ဆိုင်ဖြေရှင်းရမယ့်အခါမျိုးဆိုရင် သုံးပွင့်ဆိုင်ယန္တရားနဲ့ ဖြေရှင်းရင် ပိုသင့်တော်မယ်လို့ ကျွန်တော်က အကြံပြုခဲ့ပါတယ်"ဟု ပြောသည်။

အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားတွင် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်လာနိုင်ရေးအတွက် အစိုးရအနေဖြင့် မူအားဖြင့် သဘောတူထားပြီး နောင်တစ်ချိန်တွင် ပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း အဓမ္မခိုင်းစေမှုမျိုး မရောက်စေရန်အတွက် စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ရှိသူများအား သင်တန်းများပို့ချသင်ကြားပေးနေကြောင်း ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI)၏ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်စိုးက ဖြေကြားသည်။

**သင်တန်းတွေပေး**

ဦးမြင့်စိုးက "အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားမှာ အစိုးရကလည်း ကျွန်တော်တို့ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်တွေပါဖို့ မူအားဖြင့် သဘောတူထားတော့ နောင်တစ်ချိန် ဖော်ဆောင်ပြီးတဲ့အခါ ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ အလုပ်ရှင်ဘက်ကလည်း အဓမ္မခိုင်းစေမှုမဖြစ်အောင် အလုပ်ရှင်အဖွဲ့အစည်းတွေက ကိုယ့်ရဲ့စက်ရုံတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ HR တွေ၊ မန်နေဂျာတွေကိုသင်တန်းတွေပေးနေ၊ သင်ကြားပြသနေပါတယ်။ အတင်းအဓမ္မခိုင်းတာမှာ ဥပမာ-သူကအချိန်ပိုမလုပ်ချင်ဘူး။ ဒါကို အလုပ်ရှင်က အချိန်ပိုနှုန်းဆပေးထားတာပဲဆိုပြီး ခိုင်းလို့မရပါဘူး။ အတင်းအဓမ္မ စေခိုင်းမှုမြောက်ပါတယ်။ သူ့သဘောနဲ့သူ ပြန်လို့ရပါတယ်။ ဒါမျိုးတွေလည်း ကျွန်တော်တို့က သင်ကြားပေးနေပါတယ်။ ကျွန်တော်တို့အသိုင်းအဝိုင်းမှာ မပေါ်ပေါက်ဖို့ ကြိုးစားနေပါတယ်။ အဓမ္မစေခိုင်းတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့တစ်တွေ ပူးပေါင်းဆောင်ရွက်တာရှိပေမယ့် နိုင်ငံတကာရဲ့အမြင်မှာ ဒီလိုခိုင်းစေမှုတွေ ရှိသေးတယ်လို့ ပြောဆိုမှုတွေရှိနေကြတယ်။ သို့သော် အဲဒီပြောဆိုမှုတွေက ဘယ်ဒေသ၊ ဘယ်နေရာဆိုတာ အတိအကျမရှိပါဘူး"ဟု ပြောသည်။

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်ကတည်းက ILO ၏ ပြဋ္ဌာန်းချက် သုံးခု (C182, MLC2006 နှင့် C185) ကိုလည်းကောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက် (CRC)၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု အားလုံးပပျောက်ရေး သဘောတူစာချုပ် (CEDAW)နှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ ပဋိညာဉ် (International, Social and Cultural Right-ICESCR) တို့ကိုလည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-လှမိုး**

## ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာ၌ ပြန်လည်အခြေချနေထိုင်သော ဒေသခံပြည်သူများအား ထောက်ပံ့



**နေပြည်တော် မေ ၂၅**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်း၊ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီး ထွန်းနေလင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များသည် မူလနေရပ်များသို့ မိမိဆန္ဒအလျောက် ပြန်လည်နေထိုင်လျက်ရှိကြသည့် ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာသို့သွားရောက်၍ ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းပေးသည်။

အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးစိုးအောင်က လတ်တလော နိုင်ငံတော်အစိုးရမှ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ ဆောင်ရွက်ပေးထားသည်ကို တွေ့ရှိရပြီး စားနပ်ရိက္ခာနှင့် ယာယီအဆောက်အဦများအတွက် အိမ်မိုးသွပ်များ၊ မိုးကာများ ထောက်ပံ့ပေးထားသည်ကို တွေ့ရပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် တပ်မတော်ဆေးအဖွဲ့ကလည်း စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ကျေးရွာပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လူမှုအဖွဲ့အစည်းများ၏ အားကိုလည်း ရယူပေးသွားမည်ဖြစ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်ပေးရေး၊ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် လုပ်ငန်းများအတွက် နိုင်ငံတော်မှ အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက အားပေးစကား ပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြန်လည်ပြောင်းရွှေ့လာခဲ့သည့် အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၆၁၃ ဦးအတွက် အသေးသုံးဟင်းရန်ဖိုးငွေ တစ်ဦးလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၂၂၆၀၀၀ အား လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအတွက် ကျပ် ၃၀၀၀၀ အားလည်းကောင်း၊ ကလေးငယ်များအတွက် ကစားစရာအရုပ်များနှင့် မုန့်များကိုလည်းကောင်း ထောက်ပံ့ပေးသည်။ ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းနှင့် လူမှုရေးဝန်ကြီး ဦးနေဝင်းတို့ကလည်း အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆားနှင့် ခေါက်ဆွဲခြောက်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း ထောက်ပံ့ပေးကြသည်။

ဆက်လက်၍ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာအတွင်းရှိ နေအိမ်များ ပြန်လည်တည်ဆောက်ထားမှု၊ နယ်မြေခံတပ်မှ ကျေးရွာအတွင်းဖွင့်လှစ်ပေးထားသည့် ဆေးခန်းနှင့် လာမည့်ဇွန်လတွင် ဖွင့်လှစ်မည့် အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းဆောင်၏ အခြေအနေများ၊ ပြုပြင်ပေးရန်လိုအပ်ချက်များ သွားရောက်ကြည့်ရှုကာ လုပ်ငန်းအဖွဲ့ဝင်များက မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် ကျောင်းဖွင့်အမီ ပြုပြင်ဆောင်ရွက်ပေးရန် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြို စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ဖျာပုံ မေ ၂၅**

ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖျာပုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ စုပေါင်းသန့်ရှင်းရေး အသိပညာပေး အမှိုက်ကောက်လှုပ်ရှားခြင်းအစီအစဉ်ကို ယနေ့နံနက် ၇ နာရီက ဖျာပုံမြို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုအစီအစဉ်တွင် ဖျာပုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်း၊ ပွဲတင်သံပရဟိတဘောလုံးအသင်းဥက္ကဋ္ဌ ဦးအောင်ခိုင်မြင့်တို့ဦးဆောင်၍ ဖျာပုံမြို့ ဇရာဝတီသင်္ဘောဆိပ်၊ ဆိပ်ကမ်းသာဈေး မြစ်ကမ်းနားတစ်လျှောက် အမှိုက်များဆယ်ယူခြင်း၊ အမှိုက်ကောက်ခြင်း၊ အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဖျာပုံမြို့၌ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် အမှိုက်ကောက်သန့်ရှင်းရေးလှုပ်ရှားမှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မီးသတ်တပ်ဖွဲ့၊ ပွဲတင်သံပရဟိတဘောလုံးအသင်းမှလူငယ်များနှင့် စိတ်ဝင်စားသော မြို့ခံများပူးပေါင်း၍ ၁၅ ရက်တစ်ကြိမ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဖြူမလိုလိုနှင့် မည်းသည်၊ တူမလိုလိုနှင့် ကွဲသည်

■ ကိုရင်သြ

ပင်လယ်ကွေ့ဒေသ၌ လုံခြုံရေးအခြေအနေ ဆိုးရွားလာနေစဉ်အတွင်း အီရန်က သံတမန်ရေး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် ကုလသမဂ္ဂအဖွဲ့ကြီးအား တိုက်တွန်းလိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ချစ်လုံးလုံး မုန်းလျားလျား ဝိရောဓိတရားကို ပိုင်းခြားထင်မြင် ရှုမြင်မိလေ၏။

အီရန်နိုင်ငံက တစ်ဖက်၊ အမေရိကန်နှင့် သူ၏ ပင်လယ်ကွေ့မဟာမိတ်များဖြစ်ကြသော ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုတို့ကတစ်ဖက် အားပြိုင်နေကြသော ဝိရောဓိတရားဖြစ်၏။ ယခုအခါတွင်မူ ခြိမ်းလွန်းသည့် မိုးပမာ တအုန်းအုန်း တဒုန်းဒုန်း နှစ်ဖက်စလုံးက ညာသံပေးနေကြ၏။

အမေရိကန်ကို စစ်ရေးအရ ခြိမ်းခြောက်လာလျှင် အီရန် ချုပ်ငြိမ်းမည်ဟု သမ္မတ ဒေါ်နယ်ထရန့်က မေ ၁၉ ရက်တွင် အင်တာနက် တွစ်တာမှတစ်ဆင့် ခပ်ရင့်ရင့်ဖော်ပြခဲ့ပြီးနောက် စကားစစ်ထိုးပွဲမှာ မြိုင်ဆိုင်လာသည်။ "တမ်ပို" (ဝါ) စည်းချက် ဒုံးချက် မြင့်လာသည်။

ဒေသဆိုင်ရာ တင်းမာမှုအခြေအနေ ပိုမိုဆိုးရွားလာပြီး နိုင်ငံတကာတင်းမာမှုအခြေအနေအထိ ရောက်ရှိလာမည်ဆိုလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ပျက်ပြားရလိမ့်မည်ဟု အီရန်သံအမတ်ကြီး မဂျစ်တာ့ရာမန်ချီက ကုလသမဂ္ဂဇာတ်ခုံပေါ်တွင် သတိပေးခဲ့သည်။

### တိုးရာမှ ကျယ်လာ

ယခုလအစောပိုင်းက အရှေ့အလယ်ပိုင်းဒေသတွင် ဗုံးကြဲလေယာဉ်များနှင့် လေယာဉ်တင်သင်္ဘောကြီး တစ်စင်းတို့ကို သမ္မတ ထရန့်၏ အစိုးရအဖွဲ့က ဖြန့်ကြက်ခဲ့ချိန်မှစ၍ တင်းမာမှုစတင်ခဲ့ပြီးလျှင် နှစ်ဖက်စလုံး၏ ပွတ်တိုက်မှုအသံများ တိုးရာမှ ကျယ်လာသည်။

အဖျက်အမှောင့်ပြုလုပ်သည်ဟု ဆိုသော တိုက်ခိုက်မှုတစ်ရပ်ကြောင့် ရေနံတင်သင်္ဘောလေးစင်း အတန်အသင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရခြင်း၊ ယီမင်ဟူသီ သူပုန်များက ဆော်ဒီအာရေဗျ၏ ရေနံပို့လွှတ်ရေးစက်ရုံများကို မောင်းသူမဲ့လေယာဉ်များ အသုံးပြု၍တိုက်ခိုက်ခဲ့ခြင်း စသည့်ဖြစ်ရပ်များကြောင့် တင်းမာမှုအခြေအနေ ဆိုးရွားလာခဲ့သည်။

ယခုလအစောပိုင်းက အီရန်ထံမှ ရေနံဝယ်ယူနေဆဲနိုင်ငံများအား အရေးယူပိတ်ဆို့ခြင်းမှ ကင်းလွတ်ခွင့်ပေးထားခြင်းကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း အမေရိကန်က ထုတ်ပြန်ကြေညာလိုက်ချိန်မှစ၍ ဒေသဆိုင်ရာ အကျပ်အတည်းတစ်ရပ် ဖြစ်ပေါ်လာခဲ့ရသည်။

အမေရိကန်၏ လုပ်ဆောင်ချက်မှာ အီရန်နိုင်ငံအနေဖြင့် ရေနံတင်ပို့မှု လုံးဝပြုလုပ်နိုင်ခြင်းမရှိစေရန် ရည်ရွယ်ပြီး ယင်းနိုင်ငံ၏ အဓိကဝင်ငွေအရင်းအမြစ်ကို ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။



PHOTO: Moderndiplomacy.eu

### ကျောခိုင်း

ခြောက်နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော သမိုင်းဝင် အဏုမြူသဘောတူညီချက်ကို အီရန် ကျောခိုင်းလိုက်ပြီးနောက် လွန်ခဲ့သည့်နှစ်မှစ၍ ယင်းနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်ရန် သမ္မတ ထရန့်၏ အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ အဆိုပါသဘောတူညီချက်တွင် ပါဝင်သော နိုင်ငံများမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံနှင့် ဂျာမနီတို့ ဖြစ်ကြသည်။

တင်းမာမှုကိုအကြောင်းပြု၍ စစ်ရေးအရ စိုးရိမ်ရသည်ဟုဆိုကာ အမေရိကန်က အရှေ့အလယ်ပိုင်းဒေသသို့ လေယာဉ်တင်သင်္ဘောကြီး တစ်စင်း၊ ဘီ-၅၂ ဗုံးကြဲလေယာဉ်များနှင့် "ပက်ထရီယော့" ဒုံးခွင်းဒုံးစနစ်တို့ကို ပေးပို့ခဲ့ပြီး စစ်ရေးအရ ဟန်ရေးပြခဲ့သည်။

မေလအစောပိုင်းတွင် အိုမန်ပင်လယ်ကွေ့၌ ရေနံတင်သင်္ဘောကြီး လေးစင်းကို ပစ်မှတ်ထား၍ "အဖျက်အမှောင့်လုပ်" တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ အီရန်၏ အဖျက်အမှောင့်ပြု လုပ်ရပ်အဖြစ် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)က စွပ်စွဲပြောကြားခဲ့သည်။

အီရန်က ထောက်ခံအားပေးသော ယီမင်ဟူသီသူပုန်များသည် ဆော်ဒီအာရေဗျရှိ ရေနံပို့လွှတ်ရေးစက်ရုံ နှစ်ရုံကို မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ရာ ရေနံပိုက်လိုင်းတစ်လိုင်းကို ယာယီပိတ်ထားလိုက်ရသည်။ အီရန်နိုင်ငံကမူ ယင်းဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိပါဟု ငြင်းဆိုခဲ့သည်။

အမေရိကန်၏ တန်ပြန်အစီအမံများအရ အီရန်၏ တိုက်ခိုက်လာဖွယ်ရှိမှုကို တားဆီးကာကွယ်နိုင်ရန်ဟုဆိုကာ အရှေ့အလယ်ပိုင်းဒေသသို့ နောက်ထပ် တပ်ဖွဲ့ဝင် ၁၅၀၀ ကို စေလွှတ်လိုက်ကြောင်း ခေတ္တကာကွယ်ရေးဝန်ကြီး ပက်ထရစ် ရှာနာဟန်က မေ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသသို့ စစ်သည်များအား ထပ်မံပေးပို့ရန် အမေရိကန်တပ်မှူးကြီးက မိမိအားတင်ပြခဲ့သည်ဟု ဝန်ကြီး ရှာနာဟန်က ဆိုသည်။

စစ်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် ထောက်လှမ်းရေးလေယာဉ်တို့ကို ထပ်မံပေးပို့သွားမည်ဖြစ်ကြောင်း၊ အလားတူပင် အင်ဂျင်နီယာများပါဝင်သော အဖွဲ့တစ်ဖွဲ့ကိုလည်း စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ တိုက်လေယာဉ် အုပ်တစ်အုပ်ကိုလည်း စေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း ဝန်ကြီး ရှာနာဟန်က ပြောကြားသည်။

### အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်

အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့သည် အမေရိကန်တပ်ဖွဲ့များကို စစ်ရေးအရ ခြိမ်းခြောက်နေသည်ဟု အမေရိကန်က စွပ်စွဲခဲ့သည်။ အဆိုပါတပ်ဖွဲ့သည် အကြမ်းဖက်အဖွဲ့တစ်ဖွဲ့အဖြစ် အမေရိကန်က လွန်ခဲ့သည့်လတွင် သတ်မှတ်ခဲ့ခြင်းကြောင့်လည်း စစ်ရေးတင်းမာမှုကို ဦးတည်စေခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၌ တပ်ဖွဲ့ဖြန့်ကြက်မှု ပြုလုပ်သည်ဟုဆိုသော်လည်း တပ်ဖွဲ့ဝင်အင်အားအရ နည်းပါးပါသည်ဟု အိမ်ဖြူတော်တွင် သတင်းထောက်များအား သမ္မတ ထရန့်က ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ ကျော်ရှိနှင့်ပြီး နောက်ထပ်တပ်ဖွဲ့ဝင် ၁၅၀၀ ကို ထပ်မံစေလွှတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

မိမိတို့၏ တပ်ဖွဲ့များ ဖြန့်ကြက်ထားခြင်းသည် ထိုးစစ်ဆင်တိုက်ခိုက်ရန် မဟုတ်မူ၍ အကာအကွယ်ပြုရန်အတွက်သာ ဖြစ်သည်ဟု အမေရိကန်က ပုံဖော်သည်။ အီရန်ဘက်မှ စစ်ရေးအရ ခြိမ်းခြောက်လာမှုကို တန်ပြန်ဟန့်တားနိုင်ရန်သာ ရည်ရွယ်ကြောင်း ဝန်ကြီး ရှာနာဟန်က ပြောကြားခဲ့သည်။

အမေရိကန်ကို ခြိမ်းခြောက်လာလျှင် အီရန်ချုပ်ငြိမ်းမည်ဟု သမ္မတ ထရန့်က အစောပိုင်းတွင် ဆိုခဲ့သော်လည်း နောက်ပိုင်းတွင် အီရန်နှင့် စစ်မက်ဖြစ်ပွားလိုခြင်းမရှိပါဟု လေသံပျော့သွားခဲ့သေးသည်။

### အီးယူ အခန်းကဏ္ဍ

အမေရိကန်-အီရန် တင်းမာမှုသည် ဥရောပသမဂ္ဂ(အီးယူ)၏ အကျိုးစီးပွားများကို ထိခိုက်စေနိုင်သည်။ ဒေသတွင်း၌ စစ်ရေးပဋိပက္ခများ ဖြစ်ပေါ်လာခြင်းဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်ကြောင်း ဥရောပမူဝါဒနှင့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဟယ်လင်းနစ်ဖောင်ဒေးရှင်း ညွှန်ကြားရေးမှူး သာနို့စ်ဒိုကော့က ပြောကြားသည်။ ၂၀၀၃ ခုနှစ်က ဖြစ်ပွားသည့် ပင်လယ်ကွေ့စစ်ပွဲကို အကြောင်းပြု၍ ဥရောပနိုင်ငံများ ကွာပြဲမှု ဆိုးဆိုးရွားရွား ဖြစ်ပေါ်ခဲ့ရခြင်းကို အထောက်အထားပြု ညွှန်းဆိုကာ ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ဥရောပပါလီမန် ရွေးကောက်ပွဲများ ကျင်းပရန်လုပ်ဆောင်နေချိန်မှာပင် ၂၀၁၅ ခုနှစ်က အမေရိကန်သမ္မတ ဘားရက် အိုဘားမား၏ အစိုးရအဖွဲ့နှင့် ရရှိခဲ့သော သဘောတူညီချက်တစ်ရပ်မှ နုတ်ထွက်မည်ဟု အီရန်က ခြိမ်းခြောက်ခဲ့သည်။

အီရန်နိုင်ငံက သူ၏အဏုမြူအစီအစဉ်ကို နောက်ဆုတ်ပေးခြင်းဖြင့် အပြန်အလှန်အားဖြင့် ယင်းနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့ထားမှုကို ဖြေလျှော့ပေးမှု ဖြစ်စေခဲ့သည်။

အီရန်နှင့်ရရှိခဲ့သော သဘောတူညီချက်မှ နုတ်ထွက်လိုက်ပြီဟု အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က လွန်ခဲ့သည့်နှစ်တွင် ကြေညာခဲ့သော်လည်း အီးယူမှာ ယခုထက်တိုင်အောင် အဆိုပါသဘောတူညီချက်ကို ထောက်ခံနေဆဲဖြစ်ကာ အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှု ပြန်လည်အသက်သွင်းခြင်းကို ဆန့်ကျင်ခဲ့သည်။

### အမေရိကန် တုံ့ပြန်မှု

နိုင်ငံတကာသဘောတူညီချက်မှ တစ်စိတ်တစ်ဒေသ နုတ်ထွက်ကြောင်း အီရန်က ထုတ်ပြန်ကြေညာခဲ့ရာတွင် အမေရိကန်၏တုံ့ပြန်မှုမှာ အီးယူထက် ပိုမိုပြင်းထန်ခဲ့သည်။ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံရုံးမှ မရှိမဖြစ်ဝန်ထမ်းအဆင့် မဟုတ်သော ဝန်ထမ်းများကို အမေရိကန်အစိုးရက ပြန်လည်ခေါ်ယူခဲ့သည်။

ပင်လယ်ကွေ့ဒေသတွင် ဖြန့်ကြက်ရန် လေယာဉ်တင်သင်္ဘော အုပ်စုတစ်စုကို အမေရိကန်က စေလွှတ်ခဲ့ပြီး စစ်အင်အားပြသမှုကို ကမ္ဘာက တွေ့မြင်ခဲ့ကြရသည်။

စီးပွားရေးပိတ်ဆို့သည့် နည်းလမ်းကို လက်နက်ပမာ အသုံးချနိုင်ရန် အမေရိကန်က လုပ်ဆောင်ခဲ့သော်လည်း အီးယူက အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုနည်းလမ်းကို ကွင်းရှောင်ကာ ကုန်သွယ်ရေးအပြန်အလှန်ဖလှယ်သည့်စနစ်ကို ဖော်ဆောင်ခဲ့ကြသည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စု၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော ဥရောပကုမ္ပဏီများမှာမူ အမေရိကန်အစိုးရ၏ ပြစ်ဒဏ်ပေးမှုကို စိုးရွံ့သဖြင့် ကုန်သွယ်ရေးအပြန်အလှန်ဖလှယ်သည့်စနစ်ကို ကျင့်သုံးရန် ဦးလေးလျက်ရှိကြသည်။

စီးပွားရေးပိတ်ဆို့ခံရမှုမှ လွန်မြောက်လာသော အီရန်နိုင်ငံ၏ဈေးကွက်မှာ လူပေါင်းသန်း ၈၀ နှင့် ချိတ်ဆက်ထားသော ဈေးကွက်ကြီးတစ်ခုဖြစ်ပေရာ အီးယူအတွက် မျှော်လင့်ချက်ကောင်းမွန်လှသည့် ဈေးကွက်ကြီး ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ၊ ဆေးဝါးများ၊ စက်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအရ အီးယူက အီရန်ဈေးကွက်အတွင်းသို့ အောတိုက် ဝင်ရောက်လိုသည်။

အီရန်သည် အီးယူကုမ္ပဏီများထံမှ လေယာဉ်အစင်း ၁၂၀ ဝယ်ယူခြင်းဖြင့် ဒေါ်လာ ဘီလီယံပေါင်းများစွာ ဝင်ငွေရရှိလိမ့်မည်ဟု ယင်းကုမ္ပဏီများက မျှော်လင့်ခဲ့ကြသော်လည်း အမေရိကန်၏စီးပွားရေးပိတ်ဆို့မှုအစီအစဉ်အတိုင်း လိုက်နာရမည်ဆိုလျှင် လေယာဉ်များ တင်ပို့ပေးရန် အခွင့်မသာတော့ချေ။

ပြင်သစ်နိုင်ငံ၏ ရေနံလုပ်ငန်းဆိုင်ရာ ထိပ်တန်းကုမ္ပဏီကြီး "တိုတယ်"မှာ အီရန်နိုင်ငံတွင် ကမ္ဘာ့အကြီးကျယ်ဆုံး ဓာတ်ငွေ့မြေစီမံကိန်းကို အကောင်အထည်ဖော်ရန် သဘောတူညီချက်ရရှိခဲ့ပြီးခါမှ စီးပွားရေးပိတ်ဆို့မှုအစီအစဉ်ကို ရှောင်လွှဲနိုင်ခြင်း မရှိသောကြောင့် လုပ်ငန်းများရှေ့ဆက်နိုင်ရန် အဟန့်အတားများနှင့် တွေ့ကြုံခဲ့ရသည်။

### လွတ်လပ်စွာ ကိုင်စွဲလို

အီရန်-အမေရိကန် တင်းမာမှုတွင် ဥရောပခေါင်းဆောင်များက အမေရိကန်မူဝါဒဘက်သို့ လုံးလုံးလျားလျား လိုက်ပါလိုခြင်းမရှိဘဲ အသီးသီး အသက အသက ဖြစ်သော နိုင်ငံခြားရေးမူဝါဒကို လွတ်လပ်စွာ ကိုင်စွဲကာ လုပ်ကိုင်သွားလိုကြောင်း ပြသလာကြသည်။

သမ္မတ ဒေါ်နယ်ထရန့် အာဏာရလာခဲ့ချိန်မှစ၍ အစဉ်အလာအရ မဟာမိတ်များအဖြစ် အခိုင်အမာရပ်တည်ခဲ့မှုမှာ တစ်စတစ်စဖြင့် အပွန်းအပဲ့များ၊ အပွတ်အတိုက်များရှိလာခဲ့ရသည်။ ရရှိခဲ့ကြပြီးဖြစ်သော နိုင်ငံတကာကုန်သွယ်ရေးသဘောတူညီချက်များနှင့် လက်နက်ထိန်းချုပ်ရေး သဘောတူညီချက်များ အာဏာသက်ဝင်မှု အားပျော့လာချိန်တိုင်း ဥရောပနှင့် အမေရိကန်တို့အကြား အကျိုးစီးပွားချင်းလွန်ဆွဲလေ့ရှိကြပုံကို သတိမူမိရင်း ဖြူမလိုလိုနှင့် မည်းသည်၊ တူမလိုလိုနှင့် ကွဲသည်ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref: - US-Iran tensions explained (NPR)

> "စီးပွားရေးပိတ်ဆို့သည့်နည်းလမ်းကို လက်နက်ပမာ အသုံးချနိုင်ရန် အမေရိကန်က လုပ်ဆောင်ခဲ့သော်လည်း အီးယူက အမေရိကန်၏စီးပွားရေးပိတ်ဆို့မှုနည်းလမ်းကို ကွင်းရှောင်ကာ ကုန်သွယ်ရေးအပြန်အလှန် ဖလှယ်သည့်စနစ်ကို ဖော်ဆောင်ခဲ့။
> သို့ရာတွင် အမေရိကန်ပြည်ထောင်စု၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော ဥရောပကုမ္ပဏီများမှာမူ အမေရိကန်အစိုးရ၏ ပြစ်ဒဏ်ပေးမှုကို စိုးရွံ့သဖြင့် ကုန်သွယ်ရေးအပြန်အလှန်ဖလှယ်သည့်စနစ်ကို ကျင့်သုံးရန် ဦးလေးလျက်ရှိ"

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဆယ်ကျော်သက် လူငယ်ခေါင်းဆောင်များနှင့်တွေ့ဆုံ

**ဘားအံ မေ ၂၅**

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးစီမံချက်ဝင် ကျေးရွာများမှ ဆယ်ကျော်သက် လူငယ်ခေါင်းဆောင်များ နှစ်ပတ်လည် နှီးနှောဖလှယ်တွေ့ဆုံပွဲကို မေ ၂၅ ရက်မှ ၂၇ ရက်အထိ ဘားအံမြို့ Zwekapin Natural Resort Hotel ၌ ကျင်းပလျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မေ ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါစီမံချက်ဝင်ကျေးရွာများမှ ဆယ်ကျော်သက် လူငယ်ခေါင်းဆောင်များနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

**ရှင်းလင်းဖြေကြား**

ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ဆယ်ကျော်သက်လူငယ်များအား စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ရရှိစေချင်ကြောင်း၊ အတန်းပညာရှိမှ ပညာတတ်သည်ဟု မဆိုလိုကြောင်း၊ မိမိတို့သက်ဆိုင်ရာနယ်ပယ်ဒေသများတွင် ထူးချွန်ထက်မြက်နေပါကလည်း ပညာတတ်သည်ဟု ခေါ်ဆိုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များကို ကြိုးစားကြစေချင်ကြောင်း၊ ကြိုးစားသည့်အပေါ်မူတည်၍ ထိုက်တန်သည့် အောင်မြင်မှုများကို ပြန်လည်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ (၃)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်များနှင့်ပတ်သက်၍ သိရှိလိုသည်များအား လူငယ်များက ပွင့်ပွင့်လင်းလင်း မေးမြန်းနိုင်ပါကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားခဲ့သည်။

ထို့နောက် ဆယ်ကျော်သက်လူငယ်ခေါင်းဆောင်များ နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နေသော ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ စီမံချက်ဝင်ကျေးရွာ ၅၉ ရွာမှ ဆယ်ကျော်သက်လူငယ်ခေါင်းဆောင် ၅၉ ဦးနှင့် ဖွံ့ဖြိုးရေးလူငယ် ၁၃ ဦးတို့အနက်မှ လူငယ်များက လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ ပြည်နယ်အတွင်း ဖြေရှင်းဆောင်ရွက်နေသည့် မြေယာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ နိုင်ငံအတွင်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့် ကိစ္စရပ်များနှင့် ပတ်သက်သည့် မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




## ❒ ပြည်သူများမှ

အဆိုပါအလန်းစားလမ်းကြား နောက်ဖေးလမ်းကြားဥယျာဉ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကိုကာကိုလာ၏ မိသားစုဝင်ဖြစ်သည့် Max+၊ လူမှုအကျိုးပြု အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဒို့အိမ်တို့၏ ထောက်ပံ့ကူညီမှုနှင့်အတူ ရပ်ကွက်နေ ပြည်သူများနှင့် လမ်းသူလမ်းသားများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းကုန်ကျငွေ သိန်း ၇၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ပြန်လည်မွမ်းမံထားသည့် အလန်းစားလမ်းကြား အမည်ရနောက်ဖေးလမ်းကြားဥယျာဉ်အား အကောင်အထည်ဖော်ရာတွင် လူငယ်ပန်းချီပညာရှင်များအား ပန်းချီရေးဆွဲအလှဆင်စေကာ ဆယ်ကျော်သက်လူငယ်များ၏ ကိုယ်ပိုင်ဟန်နှင့် အနုပညာကို ချပြစေခဲ့ပြီး ရပ်ကွက်လူမှုအဖွဲ့အစည်း၏ အားပေးကူညီမှု၊ လုပ်အားများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရာမည**

## ■ ပိုဟန်စတီးလားစ်အသင်းမှ

ကစားသမားများမှလွဲ၍ ကျန်ကစားသမားများဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး လိုအပ်သည့် ကစားသမားများကို ယူ-၁၈ အသင်းမှ ခေါ်ယူအားဖြည့်မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကလပ် ရောဝတီအသင်းသည် ဒုတိယအကျော့အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ ရောဝတီအသင်းသည် ဒုတိယအကျော့အတွက် ခေါ်ယူမည့် ကစားသမားသစ်အချို့ကို စမ်းသပ်အသုံးပြုမည်ဖြစ်သည်။ ပိုဟန်စတီးလားစ်အသင်းသည် ယခုရာသီ K-League ပြိုင်ပွဲတွင် ၁၂ ပွဲကစား ၁၉ မှတ်ဖြင့် အဆင့် (၇) နေရာတွင် ရပ်တည်နေပြီး နိုင်ငံခြားသားကစားသမားအချို့လည်း ပါဝင်ကစားလျက်ရှိသည်။

ပိုဟန်စတီးလားစ်အသင်းသည် မြန်မာနိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မေ ၂၈ ရက်တွင် မြန်မာနေရှင်နယ်လိဂ်ကလပ် ရောဝတီအသင်း၊ မေ ၃၀ ရက်တွင် ဆီးဂိမ်းစ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲများကို ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့သတ်မှတ်ထားသလို ပရိသတ်များအတွက် ဖျော်ဖြေရေးနှင့် ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



**မွန်ပြည်နယ် ပေါင်မြို့ရဲစခန်းမှူး ဒုတိယရဲမှူးထွန်းဇော်ဦးနှင့် နယ်ထိန်းအဖွဲ့သည် စခန်းနယ်မြေများအတွင်း အမှုကြီးဖြစ်ပွားမှုနှင့် သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းစေရေး ရည်ရွယ်ပြီး မေ ၂၅ ရက် နံနက် ၉ နာရီခန့်တွင် ပေါင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံပြည်သူများအား မှုခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောစဉ်။**

ဝရဇိန်(ပေါင်)

### ❖ မြစ်ဝကျွန်းပေါ်ဒေသများမှ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

## ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာတွင် စက်ရေတွင်းများ တူးဖော်

**ဒိုက်ဦး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာတွင် နွေရာသီ သောက်သုံးရေရှားပါးပြတ်လတ်မှုမရှိစေရေးနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးတို့အတွက် စက်ရေတွင်း ကိုးတွင်း၊ စင်မြင့်ရေစင် ခုနစ်စင်၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် နှစ်ကန်၊ ရေစက်ရုံ ကိုးခုတို့အား ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တူးဖော်တည်ဆောက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ကိုးရွာရှိ အိမ်ခြေ ၂၀၅၄ လုံး၊ လူဦးရေ ၈၂၉၄ ဦးတို့မှ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပြည်သူလူထု ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူမွေ့ဗိမာန်တော်တွင် ကျင်းပမည်ဖြစ်သည်။

ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် ပါမောက္ခ ယုဇနစောမြင့်က "မိုးဦးပွား ကလေးရောဂါများအကြောင်း သိကောင်းစရာ"၊ ပါမောက္ခမာမာကြည်က "သွေးတိုးအဝလွန်ရောဂါကာကွယ်ပါ"၊ ပါမောက္ခ ယဉ်ယဉ်စိုးက "သားဆက်ခြားခြင်းအကြောင်းသိကောင်းစရာ"၊ ဒေါက်တာဝင်းဇော်က "သွေးချို ဆီးချိုရောဂါကာကွယ်ပါ" ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်း၊ ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**သောင်းညွန့်**



# အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပင်စင်လစာများကို ဘဏ်ခွဲ ၂၈၁ ခုတွင် Myanmar Mobile Money ဖြင့်လည်း ထုတ်ယူနိုင်

**နေပြည်တော် မေ ၂၅**

အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပင်စင်လစာများကို မိုဘိုင်းပေးမင့် (Mobile Payment) များအသုံးပြု၍ လွယ်ကူသက်သာစွာ ထုတ်ယူနိုင်ပြီး ဘဏ်ခွဲ ၂၈၁ ခုတွင် Myanmar Mobile Money ဖြင့်လည်း ထုတ်ယူနိုင်ကြောင်း သိရသည်။

"မိဘပြည်သူပင်စင်စားတွေအနေနဲ့ လတစ်လရဲ့ ၂၁ ရက်နေ့ရောက်တိုင်း ဘဏ်တွေမှာ တန်းစီတိုးရတဲ့ ပြဿနာတွေရှိတယ်။ တချို့ သက်ကြီးရွယ်အို ပင်စင်စားကြီးတွေ တစ်ခါတလေ မူးလဲတဲ့ဖြစ်ရပ်မျိုးတွေ ရှိတယ်။ ကျွန်မတို့ ပင်စင်ဦးစီးဌာနအနေနဲ့ ပင်စင်လစာထုတ်ဖို့ ငွေပေးမိန့်တွေ ထုတ်ပြန်ပေးတဲ့ ဌာနသာဖြစ်ပါတယ်။ ပင်စင်ဦးစီးဌာနအနေနဲ့ ပင်စင်စား အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတွေဆီကို ပင်စင်လစာတိုက်ရိုက်ထုတ်ပေးတဲ့ အခွင့်အာဏာ မရှိပါဘူး။ မိဘပြည်သူ ပင်စင်စားတွေကို ငွေပြန်လည်ထုတ်ပေးတာကတော့ မြန်မာ့စီးပွားရေးဘဏ်ကတစ်ဆင့် ထုတ်ပေးတာဖြစ်ပါတယ်။ ပင်စင်လစာကို လကုန်မှ ထုတ်ပေးတာမဟုတ်ဘဲ လတစ်လရဲ့ ၂၁ ရက်နေ့မှာ စတင်ထုတ်ပေးလေ့ရှိပါတယ်။ ၂၁ ရက်နေ့မှာပဲ စုပြုံထုတ်ရင်တော့ လူများပြီး တန်းစီရတဲ့ ကိစ္စတွေ ရှိပါတယ်"ဟု ပင်စင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ပြောကြားသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပင်စင်လစာများကို လစဉ် ၂၁ ရက်နေ့နောက်ပိုင်း ဘဏ်ဖွင့်ချိန်တိုင်း နေ့စဉ် ထုတ်ယူနိုင်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်ကာ ယင်းငွေစာရင်းထဲသို့ ပင်စာလစာ ထည့်သွင်းပေးသည့်အတွက် ဘဏ်ဖွင့်ချိန်တိုင်းလည်း ထုတ်ယူနိုင်သကဲ့သို့ ATM ကတ်ပြုလုပ်ပြီး နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်၏ ATM စက်များတွင်လည်း ထုတ်ယူနိုင်ကြောင်း သိရသည်။

"Wave Money နဲ့လည်း ထုတ်ယူနေကြတာမျိုးလည်းရှိပါတယ်။ လက်ရှိမှာ ဘဏ်ခွဲ (၁)၊ ရန်ကုန် အင်းစိန်ဘဏ်ခွဲ၊ တာမွေဘဏ်ခွဲ၊ သဃ်ၤန်းကျွန်းဘဏ်ခွဲ၊ ကမာရွတ်ဘဏ်ခွဲ၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ မြောက်ဒဂုံဘဏ်ခွဲနဲ့ လှည်းကူးဘဏ်တွေမှာ ပင်စင်စား အငြိမ်းစားဝန်ထမ်းတွေ ထုတ်ယူနေကြပါတယ်။ မိဘပြည်သူ ပင်စင်စားတွေရဲ့ အားပေးမှုအပေါ်မူတည်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ငွေလွှဲခအနေနဲ့တော့ ငွေကျပ် ၃၀၀ (သုံးရာ) ကျခံရမှာ ဖြစ်ပါတယ်။ အချိန်ကုန်လူပင်ပန်းတာနဲ့စာရင်တော့ ငွေကျပ် ၃၀၀ ပေးရတာ တန်တယ်လို့ထင်ပါတယ်။

ဒါပေမယ့် ပင်စင်ဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်း မိုဘိုင်းပေးမင့် (Mobile Payment) တွေကို ကြော်ငြာပေးနေတာ မဟုတ်ပါဘူး။ ကျွန်မတို့ ဝန်ကြီးဌာနရဲ့လုပ်ငန်းစဉ်ထဲမှာ ငွေရေးကြေးရေး အလုံးစုံပါဝင်နိုင်မှု (Financial Inclusion)၊ ငွေရေးကြေးရေး အသိပညာ (Financial Literacy) ကို မြှင့်တင်ရမယ့် လုပ်ငန်းစဉ်တစ်ရပ် ပါဝင်ပါတယ်။ နိုင်ငံသားတွေဟာ ဘဏ်စနစ်ကိုအသုံးပြုပြီးတော့ ငွေသားအသုံးပြုမှုလျော့နည်းစေမယ့် ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရာရောက်ပါတယ်။ မိုဘိုင်းပေးမင့်တွေ အသုံးပြုခြင်းအားဖြင့် လွယ်ကူအချိန်သက်သာနိုင်တယ်။ ပင်စင်စားကြီးတွေရဲ့ လူရောစိတ်ပါပင်ပန်းမှုကို လျော့ကျစေနိုင်ပါတယ်။

ဒါပေမယ့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတွေဟာ အရင်ကတည်းက ပင်စင်လစာကို ဘဏ်မှာထုတ်ရယူတဲ့ စနစ်ဖြစ်တဲ့အတွက် အဲဒီစနစ်ပေါ်မှာ ယုံကြည်မှုရှိတယ်။ အခု နည်းပညာတွေပြောင်းလဲပြီး အသုံးပြုလာတဲ့ အပေါ်မှာ လူကြီးတွေဖြစ်တော့ အားမရတာ၊ စိတ်မချတာလည်း ပါပါတယ်။ တချို့ကလည်း မိတ်ဟောင်းဆွေဟောင်းတွေနဲ့တွေ့ချင်လို့ ဘဏ်ကို လာကို လာချင်တာလည်း ပါပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပင်စာလစာများကို မိမိနေထိုင်ရာမြို့နှင့်နီးစပ်သည့် မြန်မာ့စီးပွားရေးဘဏ်ခွဲ (ပင်စင်စားထုတ်ယူမှုနည်းသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲ)များတွင်လည်း ထုတ်ယူနိုင်ရန်အတွက် ဘဏ်ပြောင်းလျှောက်ထားခြင်းကို ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**ရှင်မင်း**

# ဂျပန်ဂျူဒိုအဖွဲ့ချုပ်က ဂျူဒိုမြက်ဖျာများ လှူဒါန်း

**ရန်ကုန် မေ ၂၅**

All Japan Judo Federation မှ Judo For Tommorrow အစီအစဉ်အရ မြန်မာနိုင်ငံ ဂျူဒိုအားကစားဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်သို့ ဂျူဒိုအားကစားမြက်ဖျာ (Tatami) လှူဒါန်းပေးအပ်ပွဲကို ယမန်နေ့နံနက် ၈ နာရီက သဃ်ၤန်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ Counsellor Tomoko YOSHIHIRO က မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းထံ ဂျူဒိုမြက်ဖျာ (Tatami) ၁၅၅ ချပ် ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ Counsellor Tomoko YOSHIHIRO က ဂျူဒိုမြက်ဖျာ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက မြန်မာနိုင်ငံ ဂျူဒိုအားကစားရေရှည်လုပ်ငန်းတစ်ရပ်ဖြစ်တဲ့ မျိုးဆက်သစ် ဂျူဒိုအားကစားသမားများကို စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေး အစီအစဉ်တစ်ရပ်ကိုလည်း စနစ်တကျ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ယခုလို မြန်မာနိုင်ငံ ဂျူဒိုအားကစားပိုမိုဖွံ့ဖြိုးလာစေရေးအတွက် လှူဒါန်းပေးပို့သော All Japan Judo Federation မှ တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

**သတင်းနှင့်ဓာတ်ပုံ-စောသိန်းဝင်း**






# ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျသည့်နေရာ၌ ရေထိန်းကျောက်စီခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်

**လင်းခေး မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် နားကုန်းကျေးရွာအုပ်စု ခွန်အွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနံဘေးရှိ နမ့်တိန်းချောင်း ရေတိုက်စားမှုကြောင့် မြေကမ်းပါးပြိုကျသည့်အတွက် ရေထိန်းကျောက်စီခြင်းလုပ်ငန်းကို ယနေ့နံနက် ၈ နာရီက စတင်ဆောင်ရွက်ခဲ့သည်။

**စုပေါင်းလုပ်အားဒါနပြု**

အဆိုပါ ရေထိန်းကျောက်စီခြင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၄ ဒသမ ၂ သန်းဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ လင်းခေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ဗျူဟာအဖွဲ့ (အခြေချ) လင်းခေးမှ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်းကာ ကမ်းပါးထိန်းကျောက်ချ၊ ကျောက်စီခြင်းလုပ်ငန်းကို စုပေါင်းလုပ်အားဒါနပြု ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ဂျပန်နိုင်ငံသို့ ရောက်ရှိ

**တိုကျို မေ ၂၅**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဂျပန်နိုင်ငံသို့ လေးရက်ကြာ အလည်အပတ်ခရီး စတင်ခဲ့ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတထရန့်က မေ ၂၅ ရက် ညနေ ၅ နာရီဝန်းကျင်တွင် Air Force One လေယာဉ်ဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဟာနီဒါလေဆိပ်သို့ ရောက်ရှိခဲ့သည်။

ထို့နောက် မေ ၂၅ ရက် ညနေခင်းအချိန်တွင် တိုကျိုမြို့ရှိ အမေရိကန်သံမတ်ကြီးနေအိမ်၌ သမ္မတ ထရန့်သည် ဂျပန်စီးပွားရေးခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲ၌ သမ္မတထရန့်က နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် တရားမျှတမှုရှိရန် လိုအပ်သည်ဟု ဂျပန်စီးပွားရေးခေါင်းဆောင်များအား ကနဦး ပြောကြားခဲ့သည်။ အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်နေခြင်းသည် နှစ်နိုင်ငံအကျိုးကျေးဇူး ပိုမိုရရှိစေရန် ရည်ရွယ်ကြောင်း သမ္မတ ထရန့်က ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် လာမည့်လ အနည်းငယ်အတွင်း အကျိုးဖြစ်ထွန်းစေမည့် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ထုတ်ပြန်ကြေညာချက်တစ်ရပ် ထုတ်ပြန်နိုင်ရန် ၎င်းအနေဖြင့် မျှော်လင့်ပါကြောင်း သမ္မတထရန့်က ဆိုသည်။

ဂျပန်နိုင်ငံသို့ အလည်အပတ်လာရောက်ခြင်းသည် ဂျပန်နိုင်ငံ၏ ဧကရာဇ်ဘုရင်အသစ် ထီးနန်းစိုးစံသည့် အခါသမယကို ချီးမြှောက်နိုင်ရန် ရည်ရွယ်သည်ဟု သမ္မတ ထရန့်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးသည် မည်သည့်အခါတွင်မျှ ထိခိုက်ယုတ်လျော့သွားမည် မဟုတ်ကြောင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည်လည်း ပိုမိုတောင့်တင်းခိုင်မာလာမည်ဖြစ်သည်ဟု မျှော်လင့်ပါကြောင်း သမ္မတ ထရန့်က ဆိုသည်။

မေ ၂၆ ရက်တွင် သမ္မတ ထရန့်က ဂျပန်ဧကရာဇ်ဘုရင် နာရူဟီတိုနှင့် ဘုရင်မ မာဆာကိုတို့အား သွားရောက်တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံကာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုအခြေအနေများအပါအဝင် အီရန်၊ မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့နှင့်ပတ်သက်သည့် အရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပဋိပက္ခနှင့်ပတ်သက်ပြီး သမ္မတထရန့်က လိုက်လျောပေးမှုများ လုပ်ဆောင်မလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။



မေ ၂၆ ရက်တွင် သမ္မတ ထရန့်က ဝန်ကြီးချုပ် အာဘေးနှင့် ဂေါက်သီးရိုက်ကစားမည်ဖြစ်သည်။ ထို့နောက် တိုကျိုမြို့ရှိ the Kokugikan ဆူမိုကစားကွင်း၌ကျင်းပမည့် the Summer Grand Sumo ပြိုင်ပွဲကို တက်ရောက်ကြည့်ရှုမည်ဖြစ်ပြီး အနိုင်ရရှိသော ဆူမိုနပန်းကစားသမားအား အထူးဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဗင်နီဇွဲလား အကျဉ်းထောင်တစ်ခု၌ ရဲနှင့် အကျဉ်းသားများ တိုက်ခိုက်၊ ၂၉ ဦး သေဆုံး

**ကာရာကက်စ် မေ ၂၅**
ဗင်နီဇွဲလားနိုင်ငံ အနောက်ဘက်ပိုင်းရှိ အကျဉ်းထောင်တစ်ခု၌ မေ ၂၅ ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် အကျဉ်းသားများ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အကျဉ်းသား ၂၉ ဦး ထက်မနည်းသေဆုံးပြီး ရဲတပ်ဖွဲ့ဝင် ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရမဟုတ်သည့် အကျဉ်းသားအခွင့်အရေးကာကွယ်ရေး အဖွဲ့အစည်းတစ်ခုက ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။



ယင်းအကျဉ်းထောင်တွင် အကျဉ်းသားများက ပြန်ပေးဆွဲထားသည့် ဧည့်သည်အချို့အား ကယ်တင်ရန် အထူးရဲတပ်ဖွဲ့(အက်ဖ်အေအီးအက်စ်)က ကြိုးပမ်းစဉ် ယင်းအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယင်းဧည့်သည်များကို မေ ၂၃ ရက်တွင် အက်ကရူအာရိုရဲတပ်ဖွဲ့အကျဉ်းထောင်တွင် အကျဉ်းသားများက ပြန်ပေးဆွဲထားခြင်းဖြစ်သည်။

မေ ၂၅ ရက် နံနက်ပိုင်းတွင် အာဏာပိုင်များက အထူးရဲတပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့ပြီး ယင်းအကျဉ်းထောင်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ အကျဉ်းသားများထံတွင် လက်နက်များရှိနေကြောင်း၊ ၎င်းတို့က လက်ပစ်ဗုံးနှစ်လုံးကို ဖောက်ခွဲခဲ့သည်ဟု သိရကြောင်း အကျဉ်းသားများအခွင့်အရေးကာကွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ကားလိုစ်နီတိုက အေအက်ဖ်ပီသတင်းဌာနကို ပြောကြားသည်။

ရဲတပ်ဖွဲ့အတွင်း အစီရင်ခံစာအရ ရဲတပ်ဖွဲ့ဝင်အချို့မှာ ဗုံးဆန်ထိမှန်သည့်ဒဏ်ရာများ ရရှိခဲ့သည်ဟု ယင်းအဖွဲ့က ကောက်နုတ်ဖော်ပြပြီး အဆိုပါတိုက်ခိုက်မှုတွင် အကျဉ်းသား ၂၉ ဦး သေဆုံးကာ ရဲတပ်ဖွဲ့ဝင် ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မိမိတို့ အတည်ပြုကြောင်း ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဗင်နီဇွဲလား အကျဉ်းထောင်ဝန်ကြီးဌာနက မှတ်ချက်ပြု ပြောကြားခြင်းမရှိဘဲ ရဲတပ်ဖွဲ့ အကျဉ်းထောင်များမှာ ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင် မရှိကြောင်း ပြောကြားခဲ့သည်။

အကြမ်းဖက် ဖြစ်ပွားရမည့် ပြဿနာမှာ အကျဉ်းသားများအား ထိန်းသိမ်းသည့် အဆောက်အအုံများကြောင့်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့စခန်းများရှိ အကျဉ်းစခန်းများတွင် အကျဉ်းသားများကို အမြင့်ဆုံးအားဖြင့် ၄၈ နာရီသာ ထိန်းသိမ်းထားခွင့်ရှိကြောင်း အစိုးရမဟုတ်သည့် အကျဉ်းသားအခွင့်အရေးကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

ဗင်နီဇွဲလား နိုင်ငံတစ်ဝန်းတွင် ယင်းကဲ့သို့သော ရဲတပ်ဖွဲ့စခန်းမှ အကျဉ်းထောင် ၅၀၀၀ ခန့်ရှိပြီး ၎င်းအကျဉ်းထောင်များ၌ အကျဉ်းသား ထိန်းသိမ်းနိုင်မှု စုစုပေါင်းမှာ လူဦးရေ ၈၀၀၀ ခန့်သာ ဖြစ်သည်။ သို့သော် အကျဉ်းထောင်တစ်ခုစီ၌ အကျဉ်းသားပေါင်း ၅၅၀၀၀ ခန့်ကို ထိန်းသိမ်းထားကြောင်း ၎င်းအဖွဲ့က ဆက်လက်ပြောကြားသည်။

လက်တင် အမေရိကဒေသအတွင်း ဗင်နီဇွဲလားနိုင်ငံသည် အကျဉ်းထောင် အကြမ်းဖက်မှု အဆိုးရွားဆုံးဖြစ်ပွားသည့် နိုင်ငံများမှတ်တမ်းတွင် တစ်နိုင်ငံအဖြစ် ပါဝင်သည်။

**အေအက်ဖ်ပီ**

# ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ လိုင်ယွန်မြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်၊ လူခုနစ်ဦးဒဏ်ရာရ

**လိုင်ယွန် မေ ၂၅**
ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်းရှိ လိုင်ယွန်မြို့တွင် မေ ၂၅ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး လူခုနစ်ဦးဒဏ်ရာရပြီးနောက်တွင် ပြင်သစ်ရဲအဖွဲ့က ဗုံးဖောက်ခွဲသူဟု သံသယရှိသူကို ရှာဖွေလျက်ရှိသည်။ ယင်းပေါက်ကွဲမှုမှာ အကြမ်းဖက်တိုက်ခိုက်မှုဟု သံသယရှိနေကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံ၏ တတိယမြောက်အကြီးဆုံးဖြစ်သည့် လိုင်ယွန်မြို့၏ အချက်အချာကျသော နေရာတွင်ရှိသည့် ခြေကျင်သွားလာသူများ သွားလာမည့်လမ်းတစ်လမ်းတွင် မေ ၂၅ ရက်က ပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်။ လူခုနစ်ဦးမှာ ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရခဲ့ပြီး ယင်းတို့ထဲမှ တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ပြင်သစ်အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာသည် စားသောက်ဆိုင်အများအပြားနှင့် စတိုးဆိုင်များ တည်ရှိနေခြင်းကြောင့် ဈေးဝယ်သူများဖြင့် အမြဲစည်ကားသည့်နေရာ ဖြစ်သည်။

ပြင်သစ်နိုင်ငံတစ်ဝန်းလုံးရှိ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အများပြည်သူဆိုင်ရာ နေရာများနှင့် အားကစား (သို့မဟုတ်) ဘာသာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပသည့် နေရာများကို အထူးသတိဝီရိယထား စောင့်ကြည့်ကြရန် ပြည်ထဲရေးဝန်ကြီး ခရစ္စတိုဖေကတ်စ်တာနာက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

၂၀၁၅ ခုနှစ်က မြို့တော်ပါရီ၌ လူအသေအပျောက်များသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးကတည်းက



လုံခြုံရေးတိုးမြှင့်ထားသော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး ယမန်နှစ် ဒီဇင်ဘာလအတွင်းက နိုင်ငံအရှေ့ပိုင်းရှိ စထရာဘို့မြို့တွင် ဦးတည်ရာမဲ့ ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ခြင်းကြောင့် လူငါးဦးသေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အာစင်ဝင်းဂါး ဘောလုံးလောကသို့ မကြာမီပြန်လာမည် နည်းပြဘဝဖြင့် ပြန်လာမည်မဟုတ်ကြောင်း ပြောကြား

အာဆင်နယ်အသင်းနည်းပြဟောင်း အာစင်ဝင်းဂါးသည် မကြာမီတွင် ဘောလုံးလောကသို့ ပြန်လာမည်ဖြစ်သော်လည်း နည်းပြဘဝဖြင့် ပြန်လာမည်မဟုတ်ဘဲ ဘောလုံးလောက၏ အခြားသောကဏ္ဍသစ်တစ်ခုနေရာမှဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းနည်းပြအဖြစ် ၂၂ နှစ်ကြာ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့် လမ်းခွဲခဲ့သူဖြစ်သည်။ ၂၀၁၉ ခုနှစ်အစပိုင်းတွင် ကလပ်အသင်းသစ်တစ်ခုကို တာဝန်ယူကိုင်တွယ်ရန် ရည်ရွယ်ခဲ့သူလည်းဖြစ်သည်။

"ဘောလုံးလောကမှာ ကျွန်တော့်ကို ပြန်လည်မြင်တွေ့ရမှာပါ။ ဒါပေမယ့် နည်းပြတစ်ဦးအနေနဲ့တော့ မဟုတ်ပါဘူး"ဟု အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းကို ၁၉၉၆ ခုနှစ်တွင် စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းအတွက် ပရီမီယာလိဂ်ဖလားသုံးကြိမ်နှင့် အက်ဖ်အေဖလားခုနစ်ကြိမ်တို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်းနှင့်အတူ ၂၂ နှစ်ကြာ ဖြတ်သန်းခဲ့ခြင်းကြောင့်လည်း နည်းပြသက်တမ်းအရှည်ကြာဆုံးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းနှင့် လမ်းခွဲခဲ့သော်လည်း အာဆင်နယ်အသင်းပရိသတ်တစ်ဦးအနေဖြင့် ဆက်လက်ရပ်တည်လျက်ရှိပြီး မေ ၂၉ ရက်တွင် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့တွင် ပရီမီယာလိဂ်ပြိုင်ဘက် ချယ်လ်ဆီးအသင်းနှင့် ကစားမည့် ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ကိုယ်တိုင်မသွားရောက်နိုင်သော်လည်း ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရှုသွားမည်ဟု ပြောကြားခဲ့သည်။





# ဖရန့်လမ်းပတ်က ချယ်လ်ဆီးအသင်းနည်းပြဖြစ်လာရန် ချိတ်ဆက်လိမ့်မည်ဟု ဒါဘီကောင်တီအသင်းပိုင်ရှင် ပြောကြား

ချယ်လ်ဆီးအသင်းနည်းပြ ဆာရီသည် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံရဖွယ်ရှိနေခြင်းကြောင့် ဒါဘီကောင်တီအသင်းနည်းပြ ဖရန့်လမ်းပတ်က ချယ်လ်ဆီးအသင်းနည်းပြဖြစ်လာရန် ချိတ်ဆက်လိမ့်မည်ဖြစ်ကြောင်း ဒါဘီကောင်တီအသင်းပိုင်ရှင်မယ်မောရစ်က ပြောကြားလိုက်သည်။

အသက် ၄၀ အရွယ်ရှိ ဖရန့်လမ်းပတ်သည် စတမ်းဖို့ဒ်ဘရစ်ချ်တွင် ၁၃ နှစ်ကြာဖြတ်သန်းခဲ့ရာတွင် ပွဲပေါင်း ၆၄၉ ပွဲပါဝင်ကစားခဲ့ပြီး လက်ရှိတွင် ချန်ပီယံရှစ်ကလပ် ဒါဘီကောင်တီအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်လျက်ရှိသူဖြစ်သည်။

ချယ်လ်ဆီးအသင်းနည်းပြ ဆာရီအား ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်၎င်း၏ စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးကြောင်းသိရသည်။

သို့ရာတွင် ဆာရီအား ထုတ်ပယ်မည်ဆိုသည့်သတင်းများထွက်ပေါ်လာခြင်းကြောင့် ချယ်လ်ဆီးကစားသမားဟောင်း လမ်းပတ်က ချယ်လ်ဆီးနည်းပြဖြစ်လာရန် ချိတ်ဆက်နေကြောင်း မယ်မောရစ်က ဆိုသည်။

ဖရန့်လမ်းပတ်သည် နည်းပြတစ်ဦးမဖြစ်လာခင်က ကစားသမားဘဝဖြင့် ချယ်လ်ဆီးအသင်း၊ မန်စီးတီးအသင်းနှင့် နယူးယော့ခ်စီးတီးအသင်းတို့တွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

လမ်းပတ်သည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ၃၂ ပွဲပါဝင်ကစားခဲ့ပြီး သွင်းဂိုးခြောက်ဂိုးသွင်းယူနိုင်ခဲ့ကာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် နယူးယော့ခ်စီးတီးအသင်းနှင့်အတူ ၂၉ ပွဲတွင် သွင်းဂိုး ၁၅ ဂိုးအထိသွင်းယူထားနိုင်ခဲ့ကြောင်းသိရသည်။

**ငွေကြယ် - ရေးသားသည်**

# အိန္ဒိယနိုင်ငံ၌ မီးလောင်မှု ကျောင်းသား ၂၀ သေဆုံးခဲ့၊ ကျူရှင်ပိုင်ရှင်များ တရားစွဲခံရ



**ဆူရတ်(အိန္ဒိယ) မေ ၂၅**

အိန္ဒိယနိုင်ငံ အနောက်ဘက် ဂူဂျာရတ်ပြည်နယ် ဆူရတ်မြို့ရှိ လေးထပ်ဆောင် တိုက်ခန်းတစ်ခုတွင် ဖွင့်လှစ်ထားသော ကျူရှင်ခန်းတစ်ခု၌ မေ ၂၄ ရက်က မီးလောင်မှုဖြစ်ပွားပြီး ကျောင်းသား ၂၀ သေဆုံးခဲ့သဖြင့် တာဝန်ရှိသူများက အဆိုပါ စာသင်ဆောင်ပိုင်ရှင်များကို တရားစွဲဆိုခဲ့ကြောင်း သိရသည်။

ကျောင်းသားလူငယ် ၅၀ ကျော်တို့သည် ၎င်းတို့၏ စာသင်ကျောင်းရှိ ပုံမှန်စာသင်ချိန်ပြီးဆုံးခဲ့ပြီးနောက် အဆိုပါတိုက်ခန်းရှိ ပုဂ္ဂလိကစာသင်ဆောင်တွင် သင်ခန်းစာများ ဆက်လက်သင်ယူနေစဉ် ယခုကဲ့သို့ မီးလောင်မှုဖြစ်ပွားကာ ကျောင်းသား ၂၀ ထက်မနည်း သေဆုံးခဲ့ရခြင်းဖြစ်သည်။ အဆိုပါသေဆုံးသူတို့အနက် ၁၆ ဦးမှာ ဆူရတ်မြို့ရှိ တိုက်ခန်းတစ်ခု၏ လေးလွှာမြောက် စာသင်ခန်းတစ်ခုတွင် တရားမဝင် ဖွင့်လှစ်ထားသည့် ကျူရှင်ခန်း၌ စာမေးပွဲအတွက် ကြိုတင်ပြင်နေကြသည့် မိန်းကလေးများဖြစ်ကြောင်း သိရသည်။ အဆိုပါသေဆုံးသူအများစုမှာ အသက် ၁၅ နှစ်နှင့်၁၉ နှစ်အကြား လူငယ်များဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ သေဆုံးသူတို့အနက် ငါးဦးမှာ တက္ကသိုလ်ဝင်ခွင့်ရလဒ် စောင့်မျှော်နေကြသူများဖြစ်ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ကျူရှင်ပိုင်ရှင်သုံးဦးကို တာဝန်ရှိသူများက တရားစွဲဆိုခဲ့ကြောင်း သိရသည်။

ဆူရတ်မြို့ရှိ မီးလောင်မှုနှင့်ပတ်သက်၍ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက မီးလောင်မှု၌သေဆုံးသွားသည့် ကျောင်းသားကျောင်းသူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားခဲ့သည်။ အဆိုပါ မီးလောင်မှုသည် ဝန်ကြီးချုပ် မိုဒီ၏ မွေးဇာတိပြည်နယ်ထဲတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**



# ဗန်းမော်မြို့တွင် တရုတ်ပြည်သို့ လူကုန်ကူးနေသူနှစ်ဦး ဖမ်းမိ

**ကသာ မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ဆိပ်ငူကျေးရွာနေ အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦးကို တရုတ်ပြည်သို့ ရောင်းစားခဲ့သော လူကုန်ကူးသူနှစ်ဦး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် နံနက် ၇ နာရီခွဲခန့်တွင်



ကသာမြို့နယ် ဆိပ်ငူကျေးရွာနေ အသက် ၂၀ အရွယ် မချယ်ရီမိုး(ခ)ခင်ဆွေဝင်းဆိုသူအား ကျော်မင်းစိုး(ခ)ဦးစိုးဆိုသူနှင့် မအေးသန်းကြည်တို့က လစာကောင်းသည့် အလုပ်ရမည်ဆိုပြီး မန္တလေး-ဗန်းမော်သွားကားလိုင်း “ထွန်းညီဦး”ယာဉ်လိုင်းဖြင့် လိမ်လည်ခေါ်ဆောင်သွားရာမှ ခေါ်ဆောင်သွားသူနှစ်ဦးအား အဆိုပါ ယာဉ်လိုင်းဂိတ်တွင် တွေ့ရှိရသဖြင့် အခြားယာဉ်မောင်းများက အမှတ်(၁)လူကုန်တားတပ်ဖွဲ့စိတ်၊ ဗန်းမော်ရဲတပ်ဖွဲ့စုမှူးရုံးသို့ ပို့အပ်ခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား စစ်မေးရာ တရုတ်-မြန်မာနယ်စပ်ရှိ လိုင်ရင်းကျေးရွာနေ တရုတ်အမျိုးသား “ကျားကျား” ဆိုသူထံ ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးကာ အမှတ်(၁)လူကုန်တားတပ်ဖွဲ့စိတ်၊ ဗန်းမော်ရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲအုပ်သန်းဇော်ဦးက ကသာမြို့နယ် အင်းရွာနယ်မြေရဲကင်းစခန်းသို့ မေ ၂၅ ရက် ညနေ ၅ နာရီခွဲတွင် လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ဘဝရပ်တည်ရန်ခက်ခဲမှုကို အခွင့်ကောင်းယူပြီး တရုတ်ပြည်ရှိ “ကျားကျား”ဆိုသူ အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့သူ မန္တလေးမြို့ စိန်ပန်းရပ်နေ ကျော်မင်းစိုး(ခ)ဦးစိုးနှင့် မအေးသန်းကြည်တို့ နှစ်ဦးအား ကသာမြို့နယ် အင်းရွာနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်စည်သူကျော်က ဥပဒေနှင့်အညီ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**



မဝင်းသူဇာ၊ သန်းဝင်း၊ အောင်မိုးဦး(ခ)အောင်မိုး(ခ)ကိုမိုး၊ စောကျော်ရှိ၊ တင်အောင်ကျော်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဘားအံနှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**
ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် မွန်းလွဲပိုင်းက သတင်းအရ ဘားအံမြို့ အမှတ်(၉)ရပ်ကွက်ရှိ စားသောက်ဆိုင်တွင် တွေ့ရှိသူ အောင်မိုးဦး(ခ)အောင်မိုး (ခ)ကိုမိုးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဘားအံမြို့နယ် လှာကမြင်ကျေးရွာရှိ အောင်မိုးဦး(ခ) အောင်မိုး(ခ) ကိုမိုး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏ဇနီးဖြစ်သူ မဝင်းသူဇာနှင့်အတူ သန်းဝင်း၊ တင်အောင်ကျော်၊ စောကျော်ရှိတို့ သုံးဦးအား တွေ့ရှိရပြီး နေအိမ်ဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ လက်ကိုင်ဖုန်း သုံးလုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၂၄ ရက် ည ၇ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ပလီလင်း-အေးသာယာ သွားကားလမ်းတွင် မောင်လေး(ခ)စိုင်းနောင့်အွမ် မောင်းနှင်လာသည့် MARK II မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်၊ ဆိုင်ကယ်မောင်းသူနှင့်လိုက်ပါသူ သေဆုံး

**ရန်ကုန် မေ ၂၅**
ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၀) ရပ်ကွက် ပုဏ္ဏမီလမ်းပေါ်တွင် ယနေ့ နံနက် ၂ နာရီခွဲခန့်က ယာဉ်တစ်စီး (ယာဉ်အမျိုးအစားမသိ)က ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးအား တိုက်ကာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

သေဆုံးသူ ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူမှာ အမှတ်(၆၈) ရပ်ကွက်နေ မောင်ဇော်ညွှန့်ထွေးဖြစ်ပြီး ဆိုင်ကယ်ငှားရမ်းစီးနင်းသူမှာ အမှတ်(၈၈)ရပ်ကွက်တွင် နေထိုင်သူဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ထွက်ပြေးသည့် ယာဉ်နှင့် ယာဉ်မောင်းအား ဖမ်းမိနိုင်ရေးအတွက် အရှေ့ပိုင်းခရိုင် ယာဉ်မှုစစ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



# မိုးကောင်းမြို့နယ်၌ မူးယစ်ဆေးဝါးရှာဖွေရာမှ တူမီးသေနတ်တစ်လက် သိမ်းဆည်းရမိ

**မိုးကောင်း မေ ၂၅**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ညောင်ကုန်းကျေးရွာ၌ ယနေ့ ညနေ ၅ နာရီခန့်က မူးယစ်ဆေးဝါးရှာဖွေရာမှ တူမီးသေနတ်တစ်လက် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ထွေး ဦးစီးတပ်ဖွဲ့ဝင်များသည် သတင်းအရ ညောင်ကုန်းကျေးရွာ ဦးစောထွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း မီးဖိုချောင်ထပ်ခိုးပေါ်မှ အရှည်လေးပေနှစ်လက်မခန့်ရှိ တူမီးသေနတ်တစ်လက်နှင့်အတူ တူမီးပစ်ခတ်ရာတွင်အသုံးပြုသည့် ခဲသီးအလုံး ၂၀၊ ယမ်းများထည့်ထားသည့် ပလတ်စတစ်ဘူးနှစ်ဘူးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကိုင်ဆောင်သည့် တူမီးသေနတ်နှင့်အတူ တွေ့ရှိသူ ဦးစောထွန်းအား မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ၂၂ ဘီးယာဉ်တိမ်းမှောက်ရာမှ ဆိုင်ကယ်စီးနင်းလာသူ တစ်ဦးသေဆုံး၊ သုံးဦး ဒဏ်ရာရရှိ

**ရေတာရှည် မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ တောင်ဘက်အဝင် ရန်ကုန်-မန္တလေးကားလမ်းကွေ့တံတားပေါ်တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ၂၂ ဘီးကုန်တင်ယာဉ်တစ်စီး အရှိန်လွန် တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ကုန်ပစ္စည်းများ လွင့်စဉ်ကျခဲ့၍ ဆိုင်ကယ်ပေါ်တွင် စီးနင်းလိုက်ပါလာသူ အမျိုးသမီးတစ်ဦး နေရာတွင်သေဆုံးကာ ယာဉ်မောင်းနှင့် ဆိုင်ကယ်မောင်းနှင်သူ အပါအဝင် ကားလမ်းဘေးသစ်ပင်အောက်၌ ထိုင်နေသူ အမျိုးသားတစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ရေနီနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ထက်နေအောင် ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ကောင်းမြတ်သူ မန္တလေးမြို့နေသူ မောင်းနှင်လာသည့် 9N/----၂၂ ဘီးယာဉ်သည် အခင်းဖြစ်ပွားသည့် မိုင်တိုင် ၂၀၁ နှင့် ၂၀၁/၁ အကြား ကားလမ်းကွေ့အရောက် အရှိန်လွန်ကာ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားစဉ် ယာဉ်ပေါ်တွင် တင်ဆောင်လာသော သားရေတုံးများ လွင့်စင်ကျခဲ့သဖြင့် ကားလမ်းအတိုင်း လမ်းကြောင်းတူ တောင်မှမြောက်သို့ မြင့်ဆောင် ဆပ်သေ(တောင်)ရွာနေသူ မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ မကြူကြူ လိုက်ပါလာသည့် နံပါမပါ ကင်ဘို ၁၁၀ ဆိုင်ကယ်နှင့် ကားလမ်းနံဘေးသစ်ပင်အောက်၌ ထိုင်နေသည့် ဝင်းဇော် အမှတ် (၁)ရပ်ကွက် ရေနီမြို့နေသူတို့အား ပိမိသွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်စဉ်တွင် ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ မကြူကြူသည် ရရှိသည့်ဒဏ်ရာများဖြင့် နေရာတွင်သေဆုံး၍ ဆိုင်ကယ်မောင်းနှင်သူ မြင့်ဆောင်(စိုးရိမ်ရ)ဒဏ်ရာများ၊ ယာဉ်မောင်း ကောင်းမြတ်သူနှင့် သစ်ပင်အောက်တွင်ထိုင်နေသူ ဝင်းဇော်တို့တွင်(မစိုးရိမ်ရ)ဒဏ်ရာများရရှိသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကောင်းမြတ်သူကို ရေနီနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွား

**ကျောက်တံခါး မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း အောင်ချမ်းသာကျေးရွာအနီး၌ ယနေ့ မွန်းလွဲ ၁ နာရီက ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ ထွန်းခိုင် မြို့မအနောက်ရပ်ကွက် ဖြူးမြို့နေသူ မောင်းနှင်ပြီး မင်းသူအောင် ဖြူးမြို့နေသူ လိုက်ပါ၍ တင်လဲရည်များ တင်ဆောင်လာသည့် ဆီဘောက်ဆာယာဉ်သည် ရှေ့မှယာဉ်အား ကျော်တက်စဉ် မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း ဖြိုးဇော်အောင် လေးမိုင်ကျောက်ထုတ်လုပ်ရေး တောင်ငူမြို့နေသူနှင့် ထက်အာကာလွင် (လိပ်စာတူ) လိုက်ပါပြီး ကျောက်စရစ်များ တင်ဆောင်မောင်းနှင်လာသည့်ယာဉ်အား မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်များပေါ်ပါသူ



အားလုံး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကြို့ပင်ကောက်မြို့တွင် ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား

**ကြို့ပင်ကောက် မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က ရန်ကုန်-ပြည်ကားလမ်း အောင်မြင်မြင့်မိုရ်ဆေးရုံရှေ့၌ ခရီးသည်တင်ယာဉ်နှင့် ၁၂ ဘီး ကုန်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ပြည်သို့ မောင်းနှင်လာသော HI/---- ခရီးသည်တင်ယာဉ်နှင့် ကြို့ပင်ကောက်မြို့မှ ရန်ကုန်သို့ မောင်းနှင်လာသော 7K/---- ၁၂ ဘီးကုန်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ရာ ခရီးသည်တင်ယာဉ်ပေါ်မှ ယာဉ်နောက်လိုက် ရဲထွန်းနောင်(ခ)အားမာန် ဥသျှစ်ပင်မြို့နေသူမှာ သေဆုံးသွားပြီး ဒဏ်ရာရလူနာ ၂၄ ဦး၊ အရေးပေါ်လူနာ ငါးဦးတို့အား အောင်မြင်မြင့်မိုရ်ဆေးရုံတွင် ကနဦးဆေးကုသမှုခံယူပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ ကြို့ပင်ကောက်မြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

**ဆီဆိုင် မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စု ကွင်းအမှတ် (၉-ခ) (၁၀-က) စက်မှုလယ်ယာစနစ်ကျ လယ်မြေဧက ၂၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၂၃ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုရာ စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ် ဦးစီးဌာနမှူး ဦးလှထွန်းက အဆင့်မြင့်လယ်ယာဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ လယ်ယာမြေဖော်ထုတ်နေမှုကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်ရုံး တောင်ကြီးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းက သင်တန်းကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စု ပန်ကန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ One Stop Shop ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ဒေသခံပြည်သူများအတွက် ပြုလုပ်ပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုဇယားများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို ဒေသခံပြည်သူများထံ အသီးသီးပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့် ဆက်လက်တွေ့ဆုံရာ တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တက်ရောက်လာသောဒေသခံပြည်သူများအား အခမဲ့ဆေးဝါးများ ကုသပေးခြင်းလုပ်ငန်းကို ကြည့်ရှုပြီး အမှတ်တရသစ်ပင်များစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တံတား၊ လမ်းဖွင့်ပွဲတက်ရောက်

**မန္တလေး မေ ၂၅**

ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့ကို ဆက်သွယ်သည့် အမှတ် (၆) ရေပိုပစ်မြောင်းကူး သံကူကွန်ကရစ်တံတားဖွင့်ပွဲကို မေ ၂၄ ရက် နံနက် ၇ နာရီခွဲက မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် ၅၁ လမ်းထိပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးပြီး ကွန်ကရစ်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အမှတ် (၆) ရေပိုပစ်မြောင်းကူး သံကူကွန်ကရစ်တံတားကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ မန္တလေးစက်မှုဇုန်အတွင်းရှိ ပြည်သူထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ တံတားအရှည် ၁၆ ပေ၊ အကျယ်ပေ ၆၀ နှင့် ခံနိုင်ဝန်တန် ၁၀၀ ရှိသည်။

ဆက်လက်၍ အမရပူရမြို့နယ် ထုံးဘိုကျေးရွာ ကွန်ကရစ်လမ်းဖွင့်ပွဲကို နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။ ထုံးဘိုကျေးရွာ ကွန်ကရစ်လမ်းမှာ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၆၅ သန်း စုစုပေါင်း ကျပ် ၁၄ ဒသမ ၆၅ သန်းဖြင့် လမ်းအရှည် ၈၆၄ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိသော ကွန်ကရစ်လမ်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **မောင်ပြည်သူ (မန္တလေး)**

## ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ်ငါးလအတွင်း မီးလောင်မှု ၁၅၅ ကြိမ်ဖြစ်ပွားခဲ့ပြီး လူကိုးဦးသေဆုံး

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ် ငါးလတာကာလအတွင်း မီးလောင်မှုအကြိမ် ၁၅၅ ကြိမ် ဖြစ်ပွားခဲ့သော်လည်း ကြီးမားသော မီးလောင်မှုဖြစ်စဉ်မရှိခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးက ပြောသည်။

"ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာတော့ ငါးလအတွင်းမှာ ကြီးကြီးမားမား မီးလောင်မှုက မရှိပါဘူး။ ကြီးမားတဲ့ မီးလောင်မှုဆိုတာက ဆုံးရှုံးမှုတန်ဖိုးပေါ်မူတည်ပါတယ်။ ငွေကျပ် သိန်း ၁၀၀ အထက်ဆုံးရှုံးတဲ့မီးလောင်မှုကိုသာ မီးကြီးလောင်မှုသတ်မှတ်တာဖြစ်ပါတယ်။ ဒီနှစ်နွေရာသီမှာ မီးကြီးလောင်မှုမရှိပါဘူး။ သို့ပေမယ့် မီးလောင်မှုတွေကို လေ့လာကြည့်မယ်ဆိုရင်တော့ ပေါ့ဆမီးနဲ့ လျှပ်စစ်မီးက မီးလောင်မှုအကြိမ်ရေအများဆုံးဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇန်နဝါရီ ၁ ရက်မှ မေ ၂၃ ရက်အထိ မီးလောင်မှု ၁၅၅ ကြိမ်ဖြစ်ပွားခဲ့ရာတွင် ပေါ့ဆမီး ၅၉ ကြိမ်နှင့် လျှပ်စစ်မီး ၆၃ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ပေါ့ဆမီးနဲ့ လျှပ်စစ်မီးကတော့ ရန်ကုန်တိုင်းဒေသကြီးမှာ အများဆုံးဖြစ်ပါတယ်။ ပေါ့ဆမှုကြောင့် လောင်တာရှိတယ်။ လျှပ်စစ်ကိုသုံးစွဲရာမှာ အရည်အသွေးမကောင်းတဲ့ ဝိုင်ယာကြိုးတွေ၊ မီးခလုတ်၊ မီးပလပ်တွေ၊ မီးခေါင်းတွေကြောင့် အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားရတာပါ။ နောက်ပြီးတော့ မီးပျက်တဲ့အချိန်မှာ မီးခလုတ်တွေကို သတိထားပြီး မပိတ်ခဲ့ဘူး။ မီးပြန်လာတဲ့အချိန်မှာ ပေါင်းအိုး၊ ရေနွေးအိုး၊ မီးပူတွေကနေ လောင်တာတွေလည်း ရှိတယ်။ ပြီးတော့ အဲကွန်းတွေကို နှစ်လုံး၊ သုံးလုံး တစ်ပြိုင်တည်းသုံးစွဲတဲ့အတွက် အပူလွန်ကဲပြီး မီးလောင်တာလည်းရှိတယ်" ဟု ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးက ထပ်လောင်းပြောကြားသည်။

မီးလောင်မှုဖြစ်စဉ်များကြောင့် သေဆုံးသူကိုးဦးနှင့် ဒဏ်ရာရသူ ၂၁ ဦးရှိကာ ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်းပေါင်း ၂၂၉၁ ကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **မြင့်မောင်စိုး**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**မယ်စဲ့ မေ ၂၅**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြည်နယ်ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက မေ ၂၄ ရက် မွန်းလွဲပိုင်းက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ကောင်းမွန်စေရေးအတွက် လမ်းဦးစီးဌာန တည်ဆောက်ရေး(၃) လမ်းအထူးအဖွဲ့(၁၃) က တာဝန်ယူဆောင်ရွက်နေသည့် အရှည်ပေ ၃၇၇၀၊ အကျယ် ၁၈ပေ အဆင့်မြင့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကွန်ကရစ်အဖုံးပါ ကျောက်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့နယ်အားကစားကွင်း အဝင်လမ်းဆောင်ရွက်မည့် အခြေအနေ၊ ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဟျူကိုပီးချောင်းရေနုတ်မြောင်း ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း(ကုန်စစ်စင်) အတက်လမ်း ပြန်လည်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**


## လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး လီဆူတိုင်းရင်းသားများနှင့် တွေ့ဆုံ


**မိုးနဲ မေ ၂၅**


ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်း ရှမ်းပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီက မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာ ခရစ်တော်၏ အသင်းတော်ခန်းမ၌ ကျင်းပသည်။


ရှမ်းပြည်နယ် လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဂူဇာက အမှာစကားပြောကြားပြီး ကျေးရွာ လျှပ်စစ်မီးရရှိမှု၊ ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေရရှိရေး၊ လီဆူတိုင်းရင်းသား ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှု၊ မြေ/ယာရရှိမှုအခြေအနေများကို လုပ်ငန်းအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

အလားတူ ဆိုင်းဖယ်ကျေးရွာနှင့် ခိုတိဝိုးကျေးရွာများရှိ လီဆူတိုင်းရင်းသားပြည်သူများနှင့်လည်း တွေ့ဆုံခဲ့ကြောင်းသိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**






Folkdance Folksong







# တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၃၈၀၀ ကျော် ဝင်ရောက်လည်ပတ်

**တာချီလိတ် မေ ၂၅**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လည်ပတ်လျက်ရှိရာ မေ ၁၇ ရက်မှ ၂၃ ရက်အတွင်း ထိုင်းနိုင်ငံသားအများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၂၃၈၀၉ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

တစ်ပတ်အတွင်း တာချီလိတ်နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၂၂၂၈၁ ဦးနှင့် တတိယနိုင်ငံသား (နိုင်ငံခြားသား) ၃၆၄ ဦး၊ တာလေ-လန့်တောင်းဘုရားသို့ ငါးဦး၊ မိုင်းဖုန်းခရီးစဉ်သို့ ထိုင်းနိုင်ငံသား ၃၂ ဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့နှင့်ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၁၃၃ ဦး၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားအပါအဝင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၉၉၄ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၂၃ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ထိုင်းနိုင်ငံသား ၄၃၉၆၈၀၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၅၃၄၈ ဦး၊ လန့်တောင်းဘုရား နေ့ချင်းပြန် ထိုင်းနိုင်ငံသား ၁၈၂ ဦး၊ မိုင်းဖုန်းနေ့ချင်းပြန်ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသား ၁၁၃ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံမြို့ခရီးစဉ်တွင် ၅၉၅၂ ဦး၊ ဗီဇာ(ဗီဇာကင်းလွတ်ခွင့်)ဖြင့် ပြည်တွင်းခရီးစဉ်သို့ ၂၉၆၃၇ ဦး စုစုပေါင်း နိုင်ငံခြားခရီးသွားဧည့်သည် ၄၈၀၉၁၂ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**



## တိုတိုထွာထွာဖတ်စရာ

### လယ်ယာမြေလုပ်ပိုင်ခွင့်ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်**

လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူး (မြေယာ) ဦးမျိုးဦးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် သင်တန်းသား ၃၃၀ တို့ တက်ရောက်ကြသည်။ **ဝင်းမော်**

### ဆုရရှိသူနှစ်ဦးအား ဂုဏ်ပြုပွဲပြုလုပ်

**ဒလ**

(၁၆) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလအလှနှင့် ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဒလမြို့နယ်မှ ပြိုင်ပွဲဝင်နှစ်ဦးအား မြို့နယ်အဆင့် ထပ်ဆင့်ဂုဏ်ပြုပွဲ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်မှ မသဲစုသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုထားပြီး ပြိုင်ပွဲဝင် အမျိုးသမီးများအနက် အသက်အငယ်ဆုံးဖြစ်သည်။ ကိုကျော်မင်းသန်းသည် ကာယဗလအားကစားနည်းအား ၂၀၁၀ ခုနှစ်တွင် စတင်လေ့ကျင့်ပြိုင်ပွဲဝင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများတွင် ပထမဆုတံဆိပ်များရရှိထားသူဖြစ်ကာ နိုင်ငံ့လက်ရွေးစင်အားကစားသမားတစ်ဦးဖြစ်သည်။ **မောင်ယဉ်ဦး (ဒလ)**

# စပါးများကို ဒေသပေါက်ဈေးဖြင့် သမဝါယမအသင်းစုများမှ အကန့်အသတ်မရှိ ဝယ်ယူသွားမည်

**ရေတာရှည် မေ ၂၅**

စပါးကို အဓိကအားထားစိုက်ပျိုးလျက်ရှိသည့် တောင်သူများအနေဖြင့် စပါးပေါ်ချိန်တွင် ဈေးကောင်းမရခြင်း၊ တစ်ဆင့်ခံပွဲစားများ၏ ဈေးနှိမ်၍ အကြွေးစနစ်ဖြင့်သာ ရောင်းချရခြင်းကြောင့် အခက်အခဲများစွာကြုံတွေ့နေရချိန် တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်၊ ဖြူးမြို့နယ်တို့တွင် မြို့နယ်သမဝါယမအသင်းစုများမှ တောင်သူများထံတွင်ရှိသည့် စပါးများအား ဒေသပေါက်ဈေးဖြင့် ရသလောက်ဝယ်ယူသွားမည်ဖြစ်ကြောင်း ရေတာရှည်မြို့နယ် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ခိုင်က ပြောကြားခဲ့သည်။

"တောင်သူတွေ စပါးဈေးမကောင်းလို့ အခက်အခဲတွေ အများကြီးကြုံတွေ့နေရတယ်။ ဒါကြောင့် ကျွန်တော်တို့ သမဝါယမဦးစီးဌာနအနေနဲ့ စပါးကို ရသလောက်ဝယ်သွားမှာပါ။ အခုရွာတွေကိုဆင်းပြီး တောင်သူတွေဆီမှာ လက်ကျန်စပါး ဘယ်လောက်ရှိတယ်။ ဘယ်ရွာတွေမှာ စပါးရောင်းဖို့ရှိလားဆိုတာကို စုံစမ်းခိုင်းထားပါပြီ" ဟု မြို့နယ်ဦးစီးအရာရှိက ဆက်လက်ပြောကြားသည်။ ယခုနှစ် နွေရာသီကာလတွင် စပါးအထွက်နှုန်းကောင်းမွန်သော်လည်း ဝယ်သူနည်းပါးခြင်းနှင့် အကြွေးစနစ်ဖြင့် ဈေးနှိမ်ဝယ်ယူမှုများရှိနေရာ တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်၊ သွင်းအားစုကုန်ကျစရိတ်များ ပြန်နုတ်ပါက အရှုံးဖြင့်ရင်ဆိုင်နေကြရပြီး မိုးရာသီစပါးစိုက်ပျိုးရန်ပင် အခက်အခဲများဖြင့် ရင်ဆိုင်နေကြရခြင်းဖြစ်သည်။ "ခုလို သတင်းကြားရလို့ တောင်သူတွေအနေနဲ့ ဝမ်းသာပါတယ်။ ဒါပေမယ့် တောင်သူတွေဆီမှာ လက်ကျန်စပါးကနည်းသွားပြီ အစောပိုင်းကသာ အခုလိုဝယ်လိုက်ရင် တောင်သူတွေအတွက် ပိုပြီးအကျိုးဖြစ်ထွန်းမှာ သေချာပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။ **ကိုလွင်(ဆွာ)**







# စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေးသင်ကြားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်ပို့ချမည်

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Clean Yangon တို့ပူးပေါင်း၍ စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေးသင်ကြားရေး ဆရာဖြစ်သင်တန်းကို ရန်ကုန်မြို့ ကုန်သည်လမ်းမပေါ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၂ ထပ်ရုံး၌ မေ ၂၅ ရက်မှ ၂၇ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း Clean Yangon မှ သိရသည်။

အဆိုပါ Clean Yangon သင်ကြားရေး စေတနာ့ဝန်ထမ်းများ အနေဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများအား စွန့်ပစ်အမှိုက်နှင့်ပတ်သက်၍ တစ်ပတ်လျှင်တစ်ရက် (သို့မဟုတ်)နှစ်ရက် အသိပညာပေးသင်ကြားသွားမည်ဖြစ်ကြောင်း သိရပြီး ယခု ဖွင့်လှစ်ပို့ချမည့်လက်ရှိ Clean Yangon သို့ သင်တန်းတက်ရောက်ရန် စာရင်းပေးသွင်းလာသူများ အနက်မှ သတ်မှတ်စည်းမျဉ်းနှင့် ကိုက်ညီကြသော အမျိုးသား၊ အမျိုးသမီး ၃၅ ဦးအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်း၌ လက်တွေ့ကွင်းဆင်းလေ့ကျင့်ခြင်းများ ပါဝင်မည်ဖြစ်ပြီး Clean Yangon Campaign ကို ၂၀၁၇ ခုနှစ် မေ ၁၀ ရက်မှ စတင်ခဲ့ကာ ယခုအခါ ပရဟိတအသင်းပေါင်း ၅၀ နီးပါးမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ၂၀၁၈ ခုနှစ် ဇူလိုင်လမှစတင်၍ အမှိုက်လျှော့ချရေးနှင့် စွန့်ပစ်အမှိုက်ဆိုင်ရာ ကျောင်းအသိပညာပေးခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Clean Yangon တို့မှ စေတနာ့ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ဒေသခံ ပရဟိတအသင်းအဖွဲ့များဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း Clean Yangon Campaign မှ သိရသည်။ **ပွင့်သစ္စာ**



# ရေကြည်မြို့နယ်တွင် သောက်သုံးရေများ လှူဒါန်း

**ရေကြည် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းရှိ ဝွေးတောက်ကုန်းကျေးရွာအုပ်စုနှင့် တောင်နှစ်လုံးကျေးရွာအုပ်စုတို့တွင် နွေရာသီ နေအပူရှိန်ပူပြင်းမှုကြောင့် ရေတွင်းရေကန်များ သောက်သုံးရေမလုံလောက်မှုနှင့် ကြုံတွေ့နေရသဖြင့် ရေကြည်မြို့ မီးသတ်ဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂၅ ရက် နံနက် ၉ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါရေလှူဒါန်းရာတွင် ဝွေးတောက်ကုန်းကျေးရွာအုပ်စု ဝွေးတောက်ကုန်းကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာတို့တွင် အိမ်ခြေ ၅၁ လုံး၊ လူဦးရေ ၁၅၄ ဦးနှင့် တောင်နှစ်လုံးကျေးရွာအုပ်စုတွင် အိမ်ခြေ ၃၉ လုံး၊ လူဦးရေ ၁၄၇ ဦး အတွက် သောက်သုံးရေဂါလန် ၃၂၀၀ အား ကျေးရွာအရောက် လှူဒါန်းပေးလျက်ရှိပြီး သောက်သုံးရေမလုံလောက်သည့်ကျေးရွာများကိုလည်း ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူဟန် ( ပြန်/ဆက်)**

NAY GABAR MYANMAR
NGBM Construction Co., Ltd



BCC ရရှိပြီး မကြာမီနေထိုင်နိုင်မည့်

စုပေါင်းပိုင်အဆောက်အအုံအဖြစ်

တရားဝင်ကြေညာပြီးသော

ROYAL MAUNG BAMAR RESIDENCE

ROYAL MAUNG BAMAR

နှင့်အတူ အင်းယားကန်ဘောင်မှာ

အပန်းဖြေအနားယူ လမ်းလျှောက်

လိုသူများအတွက်

ROYAL MAUNG BAMAR RESIDENCE

မိုးရာသီအကြိုအရောင်းပြပွဲ







ကျင်းပမည့်နေရာ

အမှတ်(၀၅၊၁၅-က)၊ ဓမ္မာရုံလမ်း၊
ပြည်လမ်းဂုတ်ကွက်၊ လှိုင်မြို့နယ်။

ကျင်းပမည့်နေ့ရက်

၂၀၁၉ မေလ (၂၅) (၂၆) ရက်နေ့

ကျင်းပမည့်အချိန်

မနက်(၉)နာရီ မှ ညနေ(၅)နာရီအထိ

Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.
Ph : 09-5022717, 01-218023, 09-250076710, 09-450208797. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com


Kangaroo®
အသင့်သောက်သုံးနိုင်သည့်
R.O ရေသန့်စက်
16 May to 16 June 2019
16TH YEAR ANNIVERSARY
15
% OFF
+
လက်ဆောင်
လက်ဆောင်
Pre-Filter
KG01G3
+
Kangaroo's
Water Bottle
While Stock Last
YGN : 09 402 666 999 / MDY 09 400240033-66
https://www.facebook.com/KangarooMyanmar
www.kangaroo.com.mm


5BB
BROADBAND
Global Technology Company
+ လာလာကြည့်
အတန်ဆုံး၊ အကောင်းဆုံး ဖိုင်ဘာအင်တာနက်
Eco 5 Mbps
၂၅၀၀၀ ကျပ်
Eco Plan ဝယ်ယူရရှိနိုင်မည့်မြို့နယ်များ....
မြောက်ဥက္ကလာပမြို့နယ် ဗိုလ်တထောင်မြို့နယ် ကျောက်တံတားမြို့နယ် ပုဇွန်တောင်မြို့နယ်
ကြည့်မြင်တိုင်မြို့နယ် လသာမြို့နယ် ပန်းဘဲတန်းမြို့နယ် မင်္ဂလာဒုံမြို့နယ် ဒေါပုံမြို့နယ်
အရှေ့ဒဂုံမြို့နယ် တောင်ဒဂုံမြို့နယ် ရွှေပြည်သာမြို့နယ် သန်လျင်မြို့နယ်
Terms and Conditions Apply
471, Pyay Road, Kamayut Township, Yangon, Myanmar
Phone : 01524978, 09424170940, 09422686977, 09422686988 Call Center : 012305425
5BBbroadband
www.5BB.com.mm

## ဦးဝမ်ဟင်း (မြောင်းမြ)
### အသက် (၇၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ အမှတ်(၁၁၂)၊ မြောက်ပိုင်း(၂)လမ်းနေ (ဦးကြိုင်လီ-ဒေါ်ဝန်နန်း)တို့၏ဒုတိယမြောက်သား၊ (ဦးကိုကိုကြီး)-ဒေါ်လှကြည်တို့၏သားသမက်၊ ဦးဝမ်စိန်၏ညီ၊ ဦးဝမ်ဝက်၊ (ဒေါ်သန်းသန်းဦး)၊ ဦးဝမ်စွမ်(ခ)ဦးမြင့်လွင်(ခ)ဦးဖိုးထောင်၊ ဦးစိုးလွင်အောင်တို့၏အစ်ကို၊ ဒေါ်ခင်ဝင်းချစ်၏ခင်ပွန်း၊ ဒေါက်တာလှမျိုးထွန်း (ပါမောက္ခ/ဌာနမှူး၊ အီလက်ထရွန်းနစ်အင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဒေါ်မြတ်စုနွယ်၊ မနှင်းယုဝေ၊ မောင်ကျော်စွာဟိန်း၊ မောင်ဟန်မြတ်သူ၊ မဇူးပွင့်အေးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မသက်ထားဆွေ (Grade-10-J၊ ရန်ကုန်ပညာရေးတက္ကသိုလ် အထက်တန်းကျောင်း)၊ မောင်ဇေယျာထွန်း (Grade-8-A၊ ရန်ကုန်ပညာရေးတက္ကသိုလ် အထက်တန်းကျောင်း)တို့၏အဘိုး ဦးဝမ်ဟင်းသည် ၂၄-၅-၂၀၁၉ (သောကြာနေ့) ညနေ ၄း၄၀ နာရီတွင် မြောင်းမြနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေဒါးကုန်းတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးချစ်ရွှေ
### လ/ထညွှန်မှူး (ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
### အသက် (၇၀)

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်းနေ ဦးမြသန်း-ဒေါ်သန်းသန်းညွန့်တို့၏ ညီ၊ ဟသ်ာတမြို့ မြဝတီရပ်၊ အမှတ် (၁၄၁၇)နေ ဒေါ်ညွန့်ကြည်၏ခင်ပွန်း၊ တပ်မတော်စစ်တီးဝိုင်း၊ တပ်ကြပ်ကြီးကြည်စိုး-ဒေါ်ခင်မြမြထွန်း၊ ဦးလင်းလင်း-ဒေါ်မေဇင်ထွန်း၊ ဒေါ်ဇင်မြမြထွန်း၊ ဒေါ်အေးအေးထွန်း၊ ဗိုလ်ကြီးတိုးဝေထွန်းတို့၏ ဖခင်သည် ၂၄-၅-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်(၁၀၀၀) နေပြည်တော်တွင် တရားတော်နာပြီး ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မေသန်းဌေး
### မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (ငြိမ်း)
### အသက် (၆၆) နှစ်

ဟသ်ာတမြို့နေ (ဦးတင်မြင့်-ဒေါ်သန်းမြင့်)တို့၏သမီး၊ (ဦးလှ-ဒေါ်သန်းကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ အခန်း(A-၃၅၉)နေ ဦးမောင်မောင်စိုး(မိုး/ဇလ-ငြိမ်း)၏ဇနီး၊ (ဦးသန်းထွန်း)၊ ဦးအောင်ကို-ဒေါ်မြင့်မြင့်ဌေး၊ (ဒေါက်တာဌေးအောင်)-ဒေါ်ခင်သန်းမူတို့၏ညီမ၊ ဒေါ်ခင်ဆွေဝင်း၊ ဦးမြင့်အောင်-ဒေါ်ခင်မာပြုံး၊ ဒေါ်ရီရီလွင်တို့၏အစ်မကြီး ဒေါ်မေသန်းဌေးသည် ၂၄-၅-၂၀၁၉ (သောကြာနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)
### အသက် (၇၇) နှစ်

Dr. သီရိအောင် (MD, Eucalyptus Co., Ltd)၏ဖခင် ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)သည် ၂၄-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors**
**Ri & Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)
### အသက် (၇၇) နှစ်

Dr. သီရိအောင် (MD, Eucalyptus Co., Ltd)၏ဖခင် ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)သည် ၂၄-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ကျော်ဦး-မသီတာအေး**
**သီတာဆေးစတိုး**
**လှိုင်မြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)
### အသက် (၇၇) နှစ်

Dr. သီရိအောင်(MD, Eucalyptus Co.,Ltd)၏ဖခင် ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)သည် ၂၄-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors**
**Eucalyptus Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)
### D.S.A အပတ်စဉ်(၈)
### အမှုဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း
### အသက် (၇၇) နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ အခန်း(A-၈၀၅)၊ တိုက်(A)၊ သီရိကွန်ဒို၊ ပြည်လမ်း၊ (၉)မိုင်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း သူငယ်ချင်း ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)၊ ဗလ(၃၃၅)သည် ၂၄-၅-၂၀၁၉ ရက် ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဓမ္မသံဝေဂရရှိပါကြောင်း။

**D.S.A (8th) Intake နှင့်**
**ဆက်စပ်သူငယ်ချင်းများနှင့် မိသားစုများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်သန်းရှင်
### အသက် (၉၉) နှစ်

မုဒုံမြို့နယ်၊ ကမာဝက်မြို့ ရပ်ကွက်(၅)၊ ဂုံညင်းတန်း-ဝင်းကမော့ရပ်နေ (ဦးဘိုးဆိတ်-ဒေါ်ရွှေချုပ်)တို့၏သမီး၊ (ဦးရွှေခိုင်-ဒေါ်မြလင်း)တို့၏ သမီးချွေးမ၊ (ဦးထွန်းရှင်)၏ ဇနီး၊ ဦးစိန်မြင့်-(ဒေါ်စိန်ရီ)၊ ဦးတင်အေး-ဒေါ်ခင်မြင့်၊ ဒေါ်ကြင်စိန်၊ ဦးဝင်းတင်-ဒေါ်ခင်အေးဝင်း၊ ဦးတင့်ဝေ-ဒေါ်ခင်မာကြူတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၅ ယောက်တို့၏အဘွား ဒေါ်သန်းရှင်သည် ၂၂-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဝင်းကမော့သုသာန်၌ မြေမြုပ်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ဦး (၃)
### ဦးစီးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန
### ၁၉၇၆/၇၇ တမူးမြို့နယ်ဝန်ထောက်ကြီး
### အသက် (၉၈)နှစ်

ရန်ကုန်မြို့နေ ဦးဘိုးဦး-ဒေါ်အေးရင်တို့၏သား၊ ဦးစံဖေ-ဒေါ်ဖွား(မှော်ဘီ)တို့၏ သားသမက်၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း (အထက်)၊ သုံးလွှာ၊ အမှတ်(၈၇)နေ [ဒေါ်ခင်သန်း(မှော်ဘီ)]၏ခင်ပွန်း၊ ဦးသန်းဦး-(ဒေါ်ဝင်းဝင်းတင်)၊ ဦးမြင့်ဦး-ဒေါ်ဝင်းစုခိုင်၊ ဦးလွင်ဦး-ဒေါ်ရိုစီကဒိုး၊ ဒေါ်ခင်ဆွေဦး၊ ဦးပက်ထရစ်စိန်ရင်-ဒေါ်ခင်မေဦး၊ ဦးမင်းဦး (အကောက်ခွန်-ငြိမ်း)-ဒေါ်စမ်းမာဦး၊ ဒေါ်စန်းစန်းဝင်းတို့၏ဖခင်၊ တင်ကိုကိုဦး၊ တင်မူမူဦး(ဂျပန်သံရုံး)၊ ဇာနည်ဦး၊ မေဇင်ဦး၊ ဖြိုးပြည့်စုံ (Top Three Co)၊ ချောစု၊ စုမြတ်မေ (True Company Thailand)၊ ချမ်းမြေ့ဦး(New Asia World Wide Shipping Co.,Ltd)၊ အောင်နွေဦး(အကခမှူး၊ အကောက်ခွန်)-ကေသီသောင်း၊ ထက်မြတ်ဦး (ဒုအကခမှူး-အကောက်ခွန်)-ဖြိုးပပကျော်၊ သီရိအောင်(Aviarecs myanmar Co.,Ltd)၊ ကိုကျော်ဝင်း-ရွှေစင်ဦး၊ မြတ်သူရဦး-စမ်းမာ၊ ဝင်းသူရဦး၊ လင်းသူရဦး-ကြည်ပြာ၊ မသန္တာအေး၊ ကိုကျော်သူတို့၏ အဘိုး၊ မြစ် ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၄-၅-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် Grand Hanthar ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ညွန့် (ပဲခူး)
### အသက် (၉၃) နှစ်

ပဲခူးမြို့ အုန်းပင်တန်း၊ သနပ္ပင်လမ်း၊ အမှတ်(၁၁၄)နေ မခင်ကြည်ပြာဇော်၊ ကိုဇေယျာအောင်-မသီဂီဝင်းထွဋ်၊ Capt;ဇော်မင်းဦး (Lanmei Airline)-မသီရိ၊ ကိုသီဟ-မခင်ပြည့်ဝင်း၊ (ကိုဉာဏ)၊ မပုံ့ပုံ့(အမရာစတိုး)၊ ကိုအောင်ပြည့်-မသန္တာချို၊ ကိုသာပြည့်-မတင်ဇာထိန်ဝင်း၊ မသီရိဝေ၊ ကိုဟိန်းထက်အောင်၊ Dr.စန္ဒီကျော် (ခုတင်-၃၀၀၊ မန္တလေးမြို့သစ်)၊ သုထက်ကျော်တို့၏အဘွား၊ ကိုကောင်းခန့်ကျော်၊ ကိုခန့်လင်းကျော်-မအေးမွန်ကျော်၊ မဆုလဲ့ဖြူ၊ မဖြူသန့်စင်၊ မောင်သုတ၊ မဆုပြည့်ဦး၊ မမေသော်တာ၊ မမေပြည့်စုံတို့၏ဘွားဘွားကြီး၊ (ဦးကိုကိုကြီး)၏ဇနီး ဒေါ်ခင်ညွန့်သည် ၂၄-၅-၂၀၁၉ (သောကြာနေ့) ညနေ ၃း၃၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ပဲခူးမြို့ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မေမေသီ (ခ) ဒေါ်တင်ကြည် (၈၅) နှစ်
### အ.ထ.က ချောင်းဆုံ၊ အ.ထ.က-၂ ရန်ကင်း၊ အ.လ.က-၃ ရန်ကင်း၊ ကျောင်းဆရာမ

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ တိုက်(၁၂၁)၊ အခန်း(၇)နေ [ဦးဝင်းမောင် (ဗိုလ်တထောင်မြို့နယ်၊ အင်ဂျင်နီယာ)]၏ဇနီး၊ မွန်ပြည်နယ်၊ ဘီလူးကျွန်း ချောင်းဆုံမြို့နေ (ဦးထွန်းသင်-ဒေါ်သန်းကြွယ်)တို့၏သမီး၊ ဦးကျော်မျိုးဦး၊ ဦးဝင်းမော်(တရားလွှတ်တော်ချုပ်ရှေ့နေ)-ဒေါ်ခင်အေးမော်(အလက-၄ ရန်ကင်း၊ ငြိမ်း)၊ ဦးမင်းထွဋ်အောင် (MOGE)-ဒေါ်နုခေါင်၊ ဦးရဲထွဋ်အောင်၊ ဦးနိုင်ကိုကိုလတ်(Super A.K)၊ ဦးလှမိုးနိုင်-ဒေါ်ခင်ဥမ္မာဖြိုး၊ ဦးဘချစ်(ဥက္ကဋ္ဌ၊ ပြည်ခိုင်ဖြိုးပါတီ၊ ရန်ကင်းမြို့နယ်)-ဒေါ်ခင်မြတ်မြတ်မိုး(ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲ)တို့၏မိခင်၊ ဒေါက်တာဇာနည်သောင်း-ဒေါက်တာတင်ထက်ခိုင်၊ မဆွေယုနိုင်(Goshu-A1)၊ မောင်အောင်ရဲထွဋ် (ခေတ္တ-စင်္ကာပူ)-မခင်ငြိမ်းချမ်းအောင် (ခေတ္တ-စင်ကာပူ)၊ ဒေါက်တာဆုရည်နှင်း (သယ်န်းကျွန်းစံပြဆေးရုံကြီး)၊ မောင်ကောင်း ဆက်သန့်(M.I.U)၊ ဂျွန်ဇော်တောင် (အထက-၁၊ ရန်ကင်း)၊ စတီဗင်ဆိုင်းနော်(အထက-၁၊ ရန်ကင်း)တို့၏အဘွား၊ မဆုသက်မှူးနိုင် (ILBC)တို့၏ဘွား ဘွားကြီးသည် ၂၄-၅-၂၀၁၉ (သောကြာနေ့) ည ၁၀း၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတိုင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်သန်း (၈၃) နှစ်

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၊ ကိုင်းငယ်ကျောင်းတိုက်ဆရာတော် ဦးဃောသိတ၊ ကမာရွတ်-ရွာမ၊ ပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ အရှင်အာစိဏ္ဏ(ဓမ္မာစရိယ)တို့၏ မယ်တော်ကြီး၊ တိုက်ကြီးမြို့နယ်၊ ဥတိုကျေးရွာ၊ သဲပြားနေ (ဦးရွှေရင်-ဒေါ်ကြိုင်နု)တို့၏ သမီး၊ ဖလုံကျေးရွာနေ (ဦးသြကြီး-ဒေါ်စောကျင်)တို့၏သမီးချွေးမ၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ရွာနေ (ဦးသန်းမောင်-ဒေါ်ငယ်)၊ (ဦးမြလှိုင်-ဒေါ်တင်လှိုင်)၊ တိုက်ကြီးမြို့နယ်၊ ဥတိုရွာနေ ဦးဟာရှင်-ဒေါ်ရှမ်းမတို့၏ညီမ၊ ဒေါ်စောမြင့်၊ (ဦးတင်ထွန်း)-ဒေါ်ခင်စိန်၊ ဒေါ်ခင်ဝင်း၊ ဒေါ်ကြင်လှိုင်၊ ဒေါ်ကျင်ဝင်းတို့၏အစ်မ၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၈၂၅)နေ (ဦးမောင်ဟန်)၏ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ရွှေ-ဒေါ်မြင့်မြင့်ဟန်(မူအုပ်၊ အမက-၃၀၊ လှိုင်)၊ ဦးခင်မောင်ဦး-ဒေါ်ကြူကြူဟန်(ထခွဲ၊ အလက-၄၊ လှိုင်)၊ ဦးသန်းစိုး (TS Construction Group)-ဒေါ်မြတ်မြတ်ဟန်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ဖြိုးသူကျော်၊ မဆုရတနာဦး၊ မမျိုးသန္တာဦးတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၅-၅-၂၀၁၉ (စနေနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၁၉ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်ညွန့်ညွန့်တင်
### MTEL၊ ကြီးကြပ်ရေးမှူး(ငြိမ်း)
### မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းဌာန
### အသက် (၇၁)နှစ်

ရန်ကုန်မြို့နေ [ဗိုလ်ကြီးအေးမောင် (ငြိမ်း)-ဒေါ်သန်းတင်]တို့၏ သမီး၊ ဦးထွန်းထွန်း၏ ညီမ၊ ဦးမြင့်ဦး၊ ဒေါ်မိမိဆွေတို့၏ အစ်မ၊ တူ/တူမ သုံးယောက်တို့၏ကြီးကြီး ဒေါ်ညွန့်ညွန့်တင်သည် ၂၂-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ယုယုချို(မြိတ်)
### အသက် (၅၉) နှစ်

ရန်ကုန်မြို့ ကန်တော်ကလေး(၈၉)လမ်း၊ အမှတ်(၃၄)၊ သုံးလွှာနေ (ဦးကြည်ဟုန်-ဒေါ်အင်တီ)တို့၏သမီး၊ ပုဇွန်တောင်မြို့နယ်၊(၄၆)လမ်း၊ အမှတ်(၁၄၀)နေ (ဦးကျင်ထွန်း)-ဒေါ်ကျင်ကုတို့၏သမီးချွေးမ၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ် (၁၂၄-A)နေ ဦးဇော်မင်းစိုး၏ ဇနီး၊ မောင်မြတ်မင်းခန့်၏မိခင် ဒေါ်ယုယုချို (စံပယ်-ဂါလံပုံး)သည် ၂၄-၅-၂၀၁၉ (သောကြာနေ့) နံနက် ၂း၄၀ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ယုယုချို (မြိတ်)
### အသက် (၅၉) နှစ်

မြိတ်မြို့ ဆိပ်ငယ်ရပ်နေ (ဦးပြူဝါ-ဒေါ်တင်)၊ ထားဝယ်စုရပ်နေ (ဦးပို-ဒေါ်ရန်း)တို့၏မြေး၊ ရန်ကုန်မြို့ ကန်တော်ကလေး (၈၉)လမ်း၊ အမှတ် (၃၄)၊ သုံးလွှာနေ (ဦးကြည်ဟုန်-ဒေါ်အင်တီ)တို့၏သမီး၊ ဦးသောင်းကြည်-ဒေါ်အင်လွမ်၊ ဦးခွေးငယ်-ဒေါ်ကြူကြူချို၊ ဦးဝင်းဦးတို့၏ညီမ၊ (ဦးကျော်ဦး)-ဒေါ်နီနီမွန်၊ ဦးဇော်ဦး-ဒေါ်ဥမ္မာအေး၊ ဒေါ်ချိုချိုသက်တို့၏အစ်မ ဒေါ်ယုယုချိုသည် ၂၄-၅-၂၀၁၉ (သောကြာနေ့) နံနက် ၂း၄၀ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ

## ဒေါ်စန်းစန်းဝေ
### (B.Sc-Chemistry)
### လက်ထောက်မန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်)
### အသက် (၄၆) နှစ်

မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ တရုတ်ဘုံကျောင်းလမ်း၊ အမှတ်(၅၂၆)၊ ကမ္ဘာအေးနေ ဦးတင်ရွှေ-(ဒေါ်တင်စန်း)တို့၏သမီး၊ (ဦးအောင်နိုင်ဦး)၏ညီမ၊ ကိုသိန်းဌေး-မအေးအေးမာတို့၏အစ်မ၊ မောင်အောင်အုတ်သန့်၊ မောင်သန်းထိုက်ဇေယျာတို့၏အဒေါ် ဒေါ်စန်းစန်းဝေသည် ၂၄-၅-၂၀၁၉ (သောကြာနေ့) ည ၉း၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် နေအိမ်မှကားများထွက်ပြီး ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသာမိန
### သိက္ခာတော် (၇၄) ဝါ၊ သက်တော် (၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ နန်းဦးပဝါရဏာဂိုဏ်း၊ ဩဝါဒါစရိယ၊ မြို့နယ်ဩဝါဒါစရိယ မိုးကောင်းပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန(နာယက) ဆရာတော် ဘဒ္ဒန္တသာမိနသည် (၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်) (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်) ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဆရာတော်၏ ကျန်ရစ်သောရုပ်ကလာပ်ကို မှော်ဘီမြို့ နှောကုန်းကျေးရွာရှိ သုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါသောကြောင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေး၊ ဒါယကာ၊ ဒါယိကာမများ

## ဦးညွန့်အောင်
### မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်ရေး(၁)
### အသက် (၉၁) နှစ်

ကန့်ဘလူခရိုင်၊ ဆူးပုတ်ကုန်းရွာနေ (ဦးစံ-ဒေါ်ပုံ)တို့၏သား၊ (ဒေါ်အုန်း ညွန့်)၏ခင်ပွန်း၊ ဦးချစ်ငြိမ်း-ဒေါ်နွဲ့နွဲ့ကြည်၊ ဦးနေဝင်း-ဒေါ်ရီရီဝင်း၊ ဦးမောင်မောင်ဝင်း-ဒေါ်အေးအေးမြင့်၊ ဦးနေမျိုး-ဒေါ်ခင်သန်းဌေး၊ ဦးဝင်းကျော်-ဒေါ်စိုးစိုး အောင်၊ မသီသီဆွေ (KMD Group of Company)တို့၏မွေးသဖခင်၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၄-၅-၂၀၁၉ (သောကြာ နေ့) ညနေ ၅း၃၀ နာရီတွင် ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် (၆၉)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်
### အသက် (၉၀)

မွန်ပြည်နယ်၊ သထုံမြို့နေ (ဦးကြာဖြူ-ဒေါ်အေးမျှင်)တို့၏သမီး၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း(၁၃၀)၊ အမှတ်(၄၆)နေ (ဦးဘရှင်)၏ဇနီး၊ ကပ္ပတိန်သိန်းဆွေ-ဒေါ်သိဂီနု၊ ဒေါ်စန်းစန်းဦး-ဦးဌေးဝင်း၊ ဒေါ်သီသီဦး၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်ခင်မိမိလေး-ကပ္ပတိန်သက်နိုင်တို့၏မိခင်၊ ကျော်ရဲသန့်၊ ပြည့်သက်နိုင်၊ မိုးပွင့်ခင်၊ ကောင်းကျော်ဝင်း၊ ပိုင်မင်းခန့်တို့၏အဘွားသည် ၂၄-၅-၂၀၁၉ ရက် ည ၉ နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## အဘိုး စောမောင်ထွန်း
### သီရိလက်ာသံရုံး(ငြိမ်း)
### အသက် (၈၈) နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၄၂)၊ ဦးအောင်မင်းလမ်းအိမ်နေ (ဦးဖိုးမောင်-ဒေါ်အေးညွန့်)တို့၏သားထွေး၊ နော်တပူး၏ချစ်လှစွာသောခင်ပွန်း၊ နော်လူးစီထွန်း-စောဘားနဘတ်(စ်)၊ စောရစ်ချက်ထွန်း-ဒေါ်ခင်လဲ့လဲ့ရီ၊ စောရစ်ကီထွန်း-နော်အေးမြကြည်တို့၏မွေးသဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၂၄-၅-၂၀၁၉ (သောကြာနေ့) ညနေ ၆း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ခရစ်ယာန်တို့၏ ထုံးတမ်းစဉ်လာအရ သမိုင်းကရင်နှစ်ခြင်း အသင်းတော်၌ ဆုတောင်းဝတ်ပြုပြီး ထိန်ပင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဆွေရပ်မျိုး မိတ်ဆွေများကို ခရစ်တော်၌ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးသိန်းဝင်း(ဒလ) (၇၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံကြီးအနောက်ရပ်ကွက်၊ ဗလမင်းထင်လမ်း၊ အမှတ်(၄၅၉)နေ ဒေါ်ခင်လှ၏ချစ်လှစွာသောခင်ပွန်း၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အနောက်မေခလမ်းသွယ်(၂)၊ အမှတ်(၂/ခ)နေ ဦးအောင်ကိုဝင်း-ဒေါ်နီလာ(ခ)ဒေါ်စန္ဒာ (Royal Ever Truth Business Group & Million Zone Co.,Ltd)၊ ဦးစိုးညီဝင်း-ဒေါ်တင်နီလာဝင်း၊ ဦးနိုင်နိုင်ထွေး-ဒေါ်အေးသန္တာဝင်း၊ ဦးအောင်ဖြိုးဝင်း-ဒေါ်အေးသီတာမြင့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မအေးမြင့်မြတ်သူ၊ မောင်မင်းသန့်ကိုကို၊ မထူးထက်ထက်အောင်တို့၏ချစ်လှစွာသောအဘိုးသည် ၂၅-၅-၂၀၁၉ (စနေနေ့) နံနက် ၁၁း၃၀ နာရီတွင် မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အနောက်မေခလမ်းသွယ်(၂)၊ အမှတ်(၂/ခ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း (ဒါးပိန်မြို့)
### (ယခင်)တောင်သူလယ်သမား အစည်းအရုံးဌာနချုပ်
### အသက် (၇၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့ မအူစုပိုင်းနေ (ဦးလတ်-ဒေါ်သန်းရင်)တို့၏ သား၊ (ဦးစိန်မောင်-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဒါးပိန်မြို့နေ ဦးခင်ဝင်း-(ဒေါ်ခင်)တို့၏ညီ၊ (ဒေါ်မြင့်မြင့်)၊ (ဒေါ်ခင်ခင်)တို့၏ မောင်၊ ဦးစိုးမြင့်-(ဒေါ်လွင်လွင်)၊ ကိုဇော်ကြီး-မနီလာ၊ မောင်လင်းထွန်းဝင်း-မအေးအေးသင်း တို့၏ဦးလေး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်နေ ဦးအေးလွင်-ဒေါ်လှမြင့်၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်နေ (ကိုသန်းထွန်း-ဒေါ်ကြည်ကြည်စန်း)၊ (ကိုအေးနိုင်)-ဒေါ်လှလှရီတို့၏ အစ်ကိုကြီး၊ တူ/တူမ ခုနစ်ယောက်၊ မြေးမြစ် သုံးယောက်တို့၏ ဘိုးဘိုးကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသိတာလမ်းမကြီး၊ အမှတ်(၃၀၁)နေ ဒေါ်အုန်းမြင့်(ဆ.သ.ရ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း ဦးတင်ဝင်း(စိုက်ပျိုးရေး-ငြိမ်း)သည် ၂၅-၅-၂၀၁၉ (စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၁၉ (သောကြာနေ့)တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသိတာလမ်းမကြီး၊ အမှတ်(၃၀၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် နောက်ဖေးလမ်းကြားဥယျာဉ်သစ် ပန်းဘဲတန်း၌ ဖွင့်လှစ်



**ရန်ကုန် မေ ၂၅**
ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် နောက်ဖေးလမ်းကြား ဥယျာဉ်သစ်တစ်ခုကို ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် လမ်း(၃၀)နှင့် ဗိုလ်ဆွန်ပက်လမ်းကြား (အထက်ဘလောက်) တွင် ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့သည်။

အလန်းစားလမ်းကြားဟု အမည်ပေးထားသည့် အဆိုပါနောက်ဖေးလမ်းကြားဥယျာဉ်သစ်သည် ရန်ကုန်မြို့အတွင်း ဖွင့်လှစ်ခဲ့သည့် ရှစ်ခုမြောက် နောက်ဖေးလမ်းကြားဥယျာဉ်ဖြစ်ပြီး ဖွင့်ပွဲကို ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

**ချီးကျူးစရာကောင်း**

"လူတွေ အသုံးမတည့်လို့ ပစ်ပယ်ခံထားတဲ့အရာကို အမှိုက်လို့ခေါ်ပါတယ်။ အဲဒီအမှိုက်ကိုသာ အသုံးတည့်အောင် ပြန်လည်သုံးစွဲလို့ရှိရင် အမှိုက်ဆိုတာ ရှိမလာနိုင်သလို အမှိုက်ပုံဆိုတာလည်း ဖြစ်လာမှာမဟုတ်ပါဘူး။ အရင်က အမှိုက်တွေရှိနေတဲ့နေရာကို အခုလိုမျိုး အကျိုးရှိရှိအသုံးချနိုင်ခဲ့လို့သာ အများပြည်သူအပန်းဖြေစရာနေရာတစ်ခုအဖြစ် အလန်းစားလမ်းကြားဆိုတဲ့နေရာမျိုး ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒါဟာ ချီးကျူးစရာကောင်းတဲ့ လုပ်ရပ်တစ်ခုဖြစ်သလို အင်မတန်မှလည်း ဂုဏ်ယူစရာကောင်းပါတယ်။ ဒ့ါအပြင် စည်းလုံးညီညွတ်မှုရဲ့ရလဒ်တစ်ခုလို့လည်း ထင်မြင်မိပါတယ်။ ဒီလို အလန်းစားလမ်းကြားလိုမျိုး အများပြည်သူအပန်းဖြေစရာနေရာတွေ အများကြီးဖြစ်ပေါ်လာပါစေလို့ မျှော်လင့်ဆုတောင်းပါတယ်" ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

## ကြေးမုံ ယနေ့ဖတ်စရာ


ဖြူမလိုလိုနှင့် မည်းသည်၊ တူမလိုလိုနှင့် ကွဲသည် — စာမျက်နှာ » ၉

အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပင်စင်လစာများကို ဘဏ်ခွဲ ၂၈၁ ခုတွင် Myanmar Mobile Money ဖြင့်လည်း ထုတ်ယူနိုင် — စာမျက်နှာ » ၁၁

အာစင်ဝင်းဂါး ဘောလုံးလောကသို့ မကြာမီ ပြန်လာမည် နည်းပြဘဝဖြင့် ပြန်လာမည် မဟုတ်ကြောင်း ပြောကြား — စာမျက်နှာ » ၁၃


# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့တွင် ရှမ်းယူနိုက်တက် ဂိုးပြတ်အနိုင်ရ



ရှမ်းယူနိုက်တက်အတွက် စတုတ္ထဂိုးကို ဇင်မင်းထွန်း သွင်းယူနေစဉ်။

**ရန်ကုန် မေ ၂၅**
၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ (ပထမနေ့)ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပသည်။

**ရှမ်းယူနိုက်တက် - လေးဂိုး**
**ရခိုင် - ဂိုးမရှိ**

ရှမ်းယူနိုက်တက်အသင်းအတွက် ဗိုလ်လုပွဲတက်ရန် နီးစပ်သွားစေခဲ့သည့် ဂိုးပြတ်နိုင်ပွဲတစ်ပွဲဖြစ်ခဲ့ပြီး နည်းပြ ဦးအောင်နိုင်လက်ထက် ပြည်တွင်းပြိုင်ပွဲများတွင် ရှုံးပွဲမရှိသေးသည့် မှတ်တမ်းကောင်းကို ဆက်ထိန်းနိုင်ခဲ့သည်။ ယခုရာသီတွင် ရလဒ်ကောင်းနေသည့် ရခိုင်အသင်း၏ ယခုပွဲကစားပုံမှာ အားနည်းချက်များရှိခဲ့ပြီး အဝေးကွင်း၌ ဂိုးမရဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစရခဲ့ကာ တိုက်စစ်မှူး အီမန်နျူရယ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ၁၈ မိနစ်တွင် ဇင်မင်းထွန်းက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ရခိုင်အသင်းသည် မိနစ် ၆၀ နောက်ပိုင်းမှသာ ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။ ၅၈ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း တတိယဂိုးရခဲ့ပြီး ဆွမ်လမန်က အဝေးကန်ချက်ဖြင့် ရယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် စတုတ္ထဂိုးကို ၇၁ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဇင်မင်းထွန်းက သွင်းယူခဲ့သည်။

ဆီမီးဖိုင်နယ် ပထမအကျော့ (ဒုတိယနေ့)ကို မေ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် မုံရွာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး စစ်ကိုင်းအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရခိုင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ ဒုတိယအကျော့ပွဲကို ဇွန် ၁ ရက်တွင် ဝေသာလီကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ဘုန်းသော်

# ပိုဟန်စတီးလားစ်အသင်းနှင့် မြန်မာအသင်း ခြေစမ်းပွဲများ ကစားမည်

**ရန်ကုန် မေ ၂၅**
တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာအသင်းများနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး ကလပ်အသင်းနှင့်တစ်ပွဲ၊ လူငယ်လက်ရွေးစင်အသင်းနှင့်တစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းသည် ခြေစမ်းပွဲကစားရန် မေ ၂၆ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပိုဟန်စတီးလားစ်အသင်းနှင့် ခြေစမ်းပွဲကစားရန် မြန်မာ ယူ-၂၂ အသင်းနှင့် မြန်မာနေရှင်နယ်လိဂ်ကလပ် ဇေယျာဝတီအသင်းတို့ကို ရွေးချယ်ထားပြီး မေ ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းစ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲမတိုင်မီ ပိုဟန်စတီးလားစ်အသင်းနှင့် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တက်ရောက်နေသည့် အသင်းများအနက် ရှမ်း၊ ရန်ကုန်နှင့် စစ်ကိုင်းအသင်းတို့မှ

စာမျက်နှာ ၁၀ ကော်လံ ၃ သို့

## မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်

(မေ ၂၅ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်းချက်**
တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊

စာမျက်နှာ ၁၀ ကော်လံ ၃ သို့


MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"
Address: No.437(Ka), Pyay Road, 8 Ward, Kamayut Township, Yangon, Myanmar. Tel: 09 682 682 682
Email : info@mtb-bank.com, Facebook : www.facebook.com/MyanmaTourismBank, Website : www.mmtourismbank.com

# တိုင်းရင်းသားရေးရာ

ကြေးမုံ အထူးကဏ္ဍ

က

မေ ၂၆၊ ၂၀၁၉ (တနင်္ဂနွေနေ့)


# ရခိုင်တို့၏ ယဉ်ကျေးမှုအမွေအနှစ် ထုက္ကန်သိမ်



မြန်မာနိုင်ငံ၌ မြတ်နိုးတန်ဖိုးထားစရာ ယဉ်ကျေးမှုအမွေအနှစ်များစွာထဲက တစ်ခုဖြစ်သည့် ထုက္ကန်သိမ် ပုထိုးတော်ကြီးသည် ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ တည်ရှိပြီး ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်။ အေဒီ ၁၅၇၁ ခုနှစ် မြောက်ဦးခေတ်၏ (၁၇) ဆက်မြောက် မင်းဖလောင်းနှင့် မိဖုရားကြီး သျှင်လတ် တို့က တည်ထားကိုးကွယ်ခဲ့သည်။ ထုက္ကန်သိမ်သည် ရှေးရခိုင်တို့၏ ဂုဏ်ဆောင်ဗိသုကာ လက်ရာတစ်ခုဖြစ်သည်။

သျှစ်သောင်းဘုရား၏ အနောက်ဘက်အနီး ပေ ၃၀ ခန့်မြင့်သော တောင်ကုန်းငယ်ပေါ်တွင် ထုက္ကန်သိမ်ပုထိုးတော်ကြီး တည်ရှိသည်။ ထုက္ကန်သိမ် ပုထိုးတော်၏ ပုံသဏ္ဌာန်မှာ စတုပါစေတီပုံစံမျိုးဖြစ်သည်။ သိမ်တော်ကြီး၏ အလယ်စေတီကို အရန်စေတီလေးဆူက ရန်ထားပုံဖြစ်သည်။ ကျောက်ပြားခင်း၊ ကျောက်ပြားမိုး၊ ကျောက်သပ်စီ ပေါင်းခုံးစနစ်တို့ဖြင့် တည်ဆောက်ထားသည်။ တောင်ဘက်မှ မြောက်ဘက်သို့ ပေ ၁၉၀၊ အရှေ့မှ အနောက်သို့ ပေ ၂၀၀ ခန့်ရှိပြီး ပုထိုးတော်၏ အမြင့်ပေ ၆၀ ရှိသည်။ ပုထိုးတော်အား လေးဖက်လေးတန်မှ တံတိုင်းများဖြင့် ကာရန်ထားရှိသည်။

အထူးကဏ္ဍ [ ဂ ] သို့ »»

# ကချင်ရိုးရာတူရိယာများ

မြန်ဂုဏ်ဆောင်

မြောက်ဖျားနေ ကချင်သွေးချင်းများသည် ကချင်၊ ခုန်ချင်၊ တီးမှုတ်ချင်သော တိုင်းရင်းသားလူမျိုးစုဖြစ်သည်။ အတီး၊ အမှုတ်၊ အက၊ အခုန်ကို ရိုးရာပွဲလမ်းသဘင်များ၌ အသုံးပြုကြသည်၊ တီးမှုတ်ကြသည်၊ သီဆိုကြသည်။ ကချင်ရိုးရာတူရိယာများသည် ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကိုအခြေပြု၍ တီထွင်ကြံဆထားသဖြင့်လည်း ရိုးရာယဉ်ကျေးမှုကို ပီပြင်စေသည်။ တိုင်းတစ်ပါးတူရိယာ၊ တိုင်းတစ်ပါးအသုံးအဆောင်များကို မသုံးကြဘဲ ကိုယ့်ပြည်တွင်းဖြစ် တူရိယာများကိုသာ လိုလိုလားလားအသုံးပြုနေကြပေသည်။

ကချင်ရိုးရာတူရိယာများကို လေ့လာကြည့်ပါက လေမှုတ်တူရိယာနှင့် တီးခတ်တူရိယာများဟူ၍ နှစ်မျိုးနှစ်စားရှိပေသည်။ ယင်းတို့မှာ မနောစည်တော်၊ မောင်း၊ အိုးစည်၊ လင်းကွင်း၊ နှဲ၊ ပြီထောက်၊ ပြီမာန်၊ ရွှယ်ဇော်၊ ခါးရွှယ်၊ ဂျန့်ချီး၊ ပြီပတ်၊ ပြီခရောင်၊ ဝန်ပေါင်(င်)၊ ဗူးပြွေ၊ ဘင်ဂျို၊ ပေါင်(င်)၊ လရုန်း၊ ဆွမ်ခရန်၊ ပြီဆွန်း၊ ပြီလန်၊ တူရင် (ထုရဲန်)၊ ခရာ၊ ခပစ်၊ ဒေါ်ရော်တို့ပင် ဖြစ်ပေသည်။

**၁။ မနောစည်တော်**

ကချင်သားချင်းများသည် မနောစည်ကို အထွတ်အမြတ်ထားကြသည်။ ကချင်ရိုးရာ မနောပွဲများ၌ တီးခတ်လေ့ရှိသည်။ ဤစည်ကို မနောတိုင်များ၏ အလယ်တည့်တည့်တွင် ချိတ်ဆွဲပြီး မနောကသောအခါ ရှေ့ဆုံးမှတီးခတ်ရသည်။ မနောကွင်း အလယ်တွင် ကခုန်နေသော သွေးချင်းကချင်များအတွက် ကကြိုးလှစေရန် စည်းချက်ပေးနိုင်သောတူရိယာဖြစ်သည်။ မနောစည်က သွက်လက်စွာတီးခတ်သောအခါ နောက်မှကခုန်သူများသည်လည်း ခပ်သွက်သွက်ကခုန်ကြရသည်။ မနောစည်က ခပ်နှေးနှေး အသံထွက်လာသောအခါ ကခုန်သူများလည်း အသံကိုလိုက်၍ နှေးနှေးကကြရသည်။ ထို့ကြောင့် မနောကသူများသည် မနောစည်သံကို နားထောင်ကရပြုကြသည်။

မနောစည်ဝတွင် တစ်ပေနှင့် တစ်ပေခွဲခန့် အချင်းရှိသော နှစ်ဖက်ပိတ်စည်ဖုံးရှိသည်။ ယင်းကို သားရေဖြင့် ဖုံးအုပ်ထား၏။ သားရေသည် အကွက်အကျားမပါသော သားရေဖြစ်ကြရပေမည်။ အကွက်အကျားပါလျှင် စိတ်ဝမ်းကွဲတတ်သည်၊ ရန်ဖြစ်တတ်သည်ဟူ၍ အယူရှိကြသည်။ စည်းလုံးမှု၊ သွေးစည်းမှုနည်းစေသည်ဟု ထင်ကြသည်။ ထို့ကြောင့် သားရေဖုံးကို အမည်းဆိုလျှင် တစ်ခုလုံးအမည်း၊ အဖြူဆိုလျှင် တစ်ခုလုံးအဖြူကို အသုံးပြုကြသည်။ နွားသားရေကို အသုံးများသည်။

**၂။ မောင်း**

မောင်းကို ကြီးစဉ်ငယ်လိုက် သုံးလုံးကို အသုံးများသည်။ မနောပွဲနှင့် အသုဘပွဲများ၌လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲများ၌လည်းကောင်း အသုံးများသည်။ အသုဘပွဲများ၌ အခြားတူရိယာကိုမလိုဘဲ ကြီးစဉ်ငယ်လိုက် မောင်းသုံးလုံးပါက ကခုန်ပျော်ရွှင်ရ၏။

**၃။ အိုးစည်**

ထောင်ကာအကကို ကခုန်သောအခါ အိုးစည်တူရိယာသည် အဓိကဖြစ်သည်။ နေရာမရွေး၊ အချိန်မရွေး တီးနိုင်သောတူရိယာဖြစ်သည်။ အိုးစည်ကို လက်ပံပင်ကဲ့သို့ ပျော့၍ ပေါ့သော သစ်အမျိုးအစားဖြင့် ထွင်းလုပ်ကြသည်။ အရှည်မှာ လေးပေ၊ လေးပေခွဲခန့် ရှည်၏။ စည်အဝမှာ တစ်ပေခန့်ကျယ်၏။ ဆိတ်၊ နွားသားရေများဖြင့် ပိတ်ကြသည်။ ဗုံပတ်စာကို ဗုံအဝ၌ ပတ်လည်ဝိုင်း၍ ကပ်ကြသည်။ ပွဲတိုင်းသုံးကြ၍ ကျေးရွာတိုင်းတွင် ထားရှိကြသည်။

**၄။ လင်းကွင်း**

သီးခြားတီးခတ်မှုမရှိ၊ အိုးစည်ထောင်ကာအက ကခုန်သောအခါ အိုးစည်ဗုံဆိုင်းနှင့်အတူ စည်းချက်မှန်စွာ အချက်ပေး၍ တီးခတ်ကြသည်။ လင်းကွင်းသည် အိုးစည်ဝိုင်းကို ပိုမိုမြိုင်စေသည်။ ပွဲစည်ကားစေသည်။

**၅။ နှဲ**

ကချင်ရိုးရာ လေမှုတ်တူရိယာတစ်ခုဖြစ်သည်။ အမြင်လွယ်သလောက် မှုတ်ရသည်မှာခက်၏။ မှုတ်တတ်သူ နည်းပါး၏။ မနောအက၊ ထောင်ကာအက၊ ကဘုံအကဆင်နွဲရာ၌ တီးမှုတ်ကြ၏။ နှဲသံသည် စိတ်ကိုရွှင်လန်းစေသည်။ နားထောင်၍ကောင်းသည်။ အသံကျယ်လောင်၍ အဝေးကပင် ကြားနိုင်၏။ ပွဲပရိသတ်ကို ဖိတ်ခေါ်နိုင်စွမ်း၏။

နှဲကို ကျင်းနားဖွန်းခေါ် အပင်တစ်မျိုးဖြင့် ပြုလုပ်၏။ တစ်ပေ၊ တစ်ပေခွဲခန့် ရှည်၏။ ထိပ်ဘက်တွင် အသံပိုမြည်စေရန် အသံချဲ့အဖြစ် ကျွဲချိုကို တပ်ဆင်ထား၏။

အထူးကဏ္ဍ [ ခ ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ

မှုတ်မည့်ဘက်တွင် သေးငယ်သော ဝါးလုံး(သုံးလက်မခန့်အရှည်)ကို ဖြတ်တောက်ယူပြီး အပေါက်၌ ကြက်မွေးရိုး ဖြတ်ထည့်ထား၏။ ကြက်မွေးအစွန်း၌ ကောက်ရိုးဖြတ်ထည့်၍ တီးမှုတ်ရ၏။ လက်ပေါက်အဖြစ် အပေါ်၌ လေးပေါက်၊ အောက်တစ်ပေါက် ပေါင်း ငါးပေါက်ထား၏။ ကချင်တူရိယာ၌ နာမည်ကြီး တူရိယာတစ်ခုဖြစ်သည်။

**၆။ ပြီထောက်**

ပြီထောက်တူရိယာကို လက်သန်းခန့်ကြီး၍ တစ်ပေခန့်အရှည်ထား၏။ တစ်ဖက်ကို ဝါးမြစ်ခံ၍ ထိုဝါးမြစ်အတွင်းပိုင်းကို အပေါက်ကလေးတစ်ပေါက် ဖောက်ထား၏။ တစ်ဖက်မှ လျှာကိုထည့်၍မှုတ်ခြင်းဖြင့် အပေါက်ကလေးမှ လေဖြတ်သွား၏။ လက်ပေါက်ကို လက်မပေါက် တစ်ပေါက်၊ အပေါ်ပေါက် လေးပေါက် (သို့မဟုတ်) ငါးပေါက် ဖောက်ထား၏။ ခပ်ဝေးဝေးကပင် အသံကို ကြားနိုင်၏။ ညအခါ၌ ကချင်ကျေးရွာများတွင် မှုတ်ကြ၏။ လူပျိုလှည့်သည့် တူရိယာတစ်ခုဖြစ်သည်။

**၇။ ပြီမန်**

လက်မခန့် ဝါးနှင့် လက်သန်းခန့် ဝါးတို့ကို ပူးတွဲပြုလုပ်ထားသော တူရိယာဖြစ်သည်။ လေမှုတ်ပေါက်ထက် သေးငယ်သော အပေါက်ဖောက်ထားသည်။ ထိုအပေါက်၌ သေးငယ်ပါးလွှာသော ကြေးလျှာစကို တပ်ထားသည်။ အထူးဂရုစိုက်မှုတ်ရသည်။ အသာကလေးမှုတ်ရုံနှင့် အသံမထွက်၊ တအားမှုတ်ကလည်း အသံမမြည်သည့်အပြင် သေးငယ်သော ကြေးလျှာပင် ပြတ်သွားနိုင်၏။ အသံကိုထိန်း၍ မှုတ်ရသည်။ အကြီး၊ အငယ် အသံနှစ်မျိုးထွက်နိုင်စေရန် စွမ်းဆောင်နိုင်၏။ နားထောင်၍ အသံသာယာ၏။ လူပျိုလှည့်ရာ၌ သုံးသည်။ မြစ်ကြီးနားခရိုင် မြောက်ဘက်ဒေသမှ ကချင်သားချင်းများက တီးမှုတ်ကြသည်။

**၈။ ရှယ်ဇော်**

ပြွေတစ်မျိုးဖြစ်သည်။ ပြီမန်နှင့် တစ်ပုံစံတည်းဖြစ်သည်။ သို့သော် တီးမှုတ်သည့်နေရာမှာ တစ်မျိုးစီဖြစ်သည်။ ဗန်းမော်ခရိုင်နေ အဇီးသားချင်းများ၏ ယောက်ျားတံခွန်စိုက် ပြွေတစ်မျိုးဖြစ်သည်။ အသံသာယာသည်။ ရှယ်ဇော်ဆိုသည်မှာ အဇီး အခေါ်ဖြစ်သည်။ ဂျိန်းဖော့များက “ပြီခရပ်” ဟူ၍ ခေါ်ကြသည်။ ငိုခြင်းပြွေဟူ၍ အနက်ရသည်။ ကြားရသူတိုင်းကို ငိုကြွေးနိုင်စွမ်းသော တူရိယာဖြစ်သောကြောင့် ဖြစ်သည်။

**၉။ ခါးရှယ်**

ပြွေသဏ္ဍာန်သည် အထက်ပါ ပြွေများအတိုင်းဖြစ်သည်။ “ခါးရှယ်” ဆိုသည်မှာ ဂျိန်းဖော့စကားဖြစ်သည်။ “အထူးစိတ်ဝင်စားဖွယ် ကောင်းသည်” ဟူ၍ အနက်ရသည်။ ထိုပြွေကို တီးမှုတ်ပါက သူများမယားနှင့်ပင် မေတ္တာသက်ဝင်စုံမက်နိုင်စွမ်းသော အစွမ်းရှိသည်ဖြစ်၏။ ထို့ကြောင့် ပြစ်မှားကျူးလွန်မိကာ လျော်ကြေးများပင် ပေးရသည်ဟု အဆိုရှိသည်။ အိမ်ထောင်သည် မိန်းမများပင် ပြွေမှုတ်သူတို့ကို စွဲမက်နိုင်သော အစွမ်းရှိသည်။ ဗန်းမော်ခရိုင်နေ ဂျိန်းဖော့အပျိုတော်ကြွ ပြွေတစ်မျိုးဖြစ်သည်။ နားထောင်ရသူတိုင်း စွဲမက်သာယာစေသည်။

**၁၀။ ဂျန့်ချီး**

ဆိုခဲ့ပြီးသော ပြွေများထက် အနည်းငယ် ကြီး၏။ ရှည်၏။ မြစ်ကြီးနား အရှေ့ဘက် ဆဒုန်းတောင်တန်းရှိ အဇီးသားချင်းများ၏ ဘဝမြှင့်တင်ခြင်း တူရိယာတစ်မျိုးဖြစ်သည်။ ယောက်ျား၊ မိန်းမ မရွေး နားဆင်နိုင်သည်။ သစ်ရွက်များကြွေကျလောက်အောင်ပင် ချိုသာသည့်အသံရှိသည်။

**၁၁။ ပြီပတ်**

ဘူးပြွေဖြစ်သည်။ အနည်းငယ်ကြီး၍ နှစ်ဖက်ပိတ်ရှိသည်။ သေးငယ်သော ကြေးလျှာဖြင့် လေမှုတ်ပေါက်လုပ်ထားသည်။ လက်မပေါက်တစ်ခု၊ အခြားလက်ပေါက်လေးခု ပေါင်း ငါးပေါက်ရှိသည်။ ထူးဆန်းသည်ကား အရင်းအဖျား အပိတ်ခံထားသည်။ လက်ပေါက်များမှ လေကို အသွင်းအထုတ်ပြုလုပ်ရသည်။ လက်ပေါက်များကို တစ်ခုပိတ်၊ တစ်ခုဖွင့် ပြုလုပ်ထားသဖြင့် တီးမှုတ်ရာ၌ အလွန်ခက်ခဲသည်။

“ပြီပတ်”ဟူသော အနက်အဓိပ္ပာယ်မှာ အပိတ်ခံပြွေဟူ၍ အနက်ရသည်။ ပြွေသံကြားသူတိုင်း လေသံတိတ် နားထောင်ကြသည်။ လူကြီးလူငယ်မရွေး တီးမှုတ်နိုင်သည်။ ဗန်းမော်ခရိုင် ရှမ်းပြည်မြောက်ပိုင်းတွင် နေထိုင်ကြသော ကချင်လူမျိုးများ၏ နတ်သမီးခေါ်ငင်ခြင်း ပြွေဖြစ်သည်။ တောတောင် လယ်ယာချောင်းမြောင်း အင်းအိုင်များ၌ တီးမှုတ်ပါက နတ်သမီးများပင် ကိုယ်ရောင်လာပြသည်ဟု ဆိုကြသည်။

**၁၂။ ပြီခရောင်**

ဘူးပြွေတစ်မျိုးဖြစ်သည်။ အသံထွက်ကွာခြားသည်။ ရှေးဟောင်း သီချင်းကြီးသံများကို နောက်ခံထား၍ တီးမှုတ်ကြသည်။ ကချင်တောင်ပေါ် ကျေးလက်ဓလေ့အရ ကချင်လူငယ်များ၏ ရွာလယ်တူရိယာဖြစ်သည်။ နားထောင်၍ကောင်းသည်။ သို့သော် တီးမှုတ်တတ်သူ ရှားပါးသည်။ ဗန်းမော်၊ ရှမ်းပြည်နယ်၊ မိုးမိတ်တို့၌ ဂျိန်းဖော့သားချင်းများ တီးမှုတ်ကြသည်။

**၁၃။ ဝန်ပေါင်(င်)ပြွေ**

ခေတ်ပေါ်ပြွေဖြစ်သည်။ ဘေးစောင်းမှုတ်ရသည်။ ရိုးရိုးအပေါက် ဖောက်ထားသည်။ လူများစုဖြင့် တီးမှုတ်ကြရသည်။ အသံ မြိုင်ဆိုင်သည်။ အိုးစည်ဗုံမောင်း လင်းကွင်းများဖြင့် တီးမှုတ်ပါက အထူးနားထောင်၍ကောင်းသည်။ ပွဲလမ်းသဘင်တိုင်း၌ တီးမှုတ်နိုင်သည်။ ဂျပန်ခေတ်နောက်ပိုင်းမှ ဝန်ပေါင်(င်) ပြွေ ပေါ်လာသည်။ ဗန်းမော်ခရိုင် ဗန်လွန်ကျေးရွာမှ စစ်ထွက်ရဲဘော်ဟောင်း တပ်ကြပ်ကြီး ဒူဝါဖော်ဂွန်နော်က တီထွင်ခဲ့သည်။

**၁၄။ ဘူးပြွေ**

လီဆူသားချင်းတို့၏ ရိုးရာမူပိုင်တူရိယာဖြစ်သည်။ ဘူးသီးအငယ်စားကို ဖောက်ပြီး အရှည်အတို ပြုလုပ်ထားသည်။ ဘူးသီးခြောက်တွင် ဝါးချောင်း ငါးချောင်း ဖောက်ထည့်ထားသည်။ ထို့နောက် လက်ပေါက်တစ်ပေါက်စီ ဖောက်ထားသည်။ လက်မပေါက်ကို အနောက်ဘက်တွင် ဖောက်ထားသည်။ ဘူးတံအရင်းပေါက်မှ လေကိုမှုတ်သည်။ အသံခြောက်မျိုးထွက်သည်။ မြိုင်ဆိုင်သည်။ သို့သော် အသံမှာ တိုးသည်။ လေကို အားစိုက်မှုတ်ရသည်။ ဒါဂေါ်အက ကခုန်ရာ၌ အရေးပါသည်။ သို့သော် တီးမှုတ်တတ်သူ ရှားပါးလေပြီ။

**၁၅။ ဘင်ဂျို**

အပိတ်ကို မြွေအရေခွံဖြင့် ပြုလုပ်ထားသည်။ ကြိုးသုံးပင်တပ်သည်။ မြင်းအမြီးကို လုံးကျစ်ခြင်းဖြင့်လည်းကောင်း၊ တယောကြိုးကဲ့သို့ သေးငယ်သောကြိုးဖြင့်လည်းကောင်း တပ်ဆင်ကြသည်။ ကြိုးတစ်ပင်ဖြင့် လည်ပင်း၌ လွယ်၍ တီးခတ်ရသည်။ ဒါဂေါ်အကခေါ် ကျေးလက်လီဆူရိုးရာအကကို ဆင်နွှဲရာ၌ အသုံးပြုသည်ကများသည်။ ဤဘင်ဂျိုကို ဗန်းမော်ခရိုင်ရှိ လီဆူသားချင်းတို့၏ ရိုးရာလက်သုံးတူရိယာဖြစ်သည်။ မြောက်ပိုင်းခရိုင်ဖြစ်သော ပူတာအိုခရိုင်ရှိ လီဆူတို့၏ ဘင်ဂျိုသည်ကား မယ်ဒလင်ကဲ့သို့ဖြစ်သည်။ အဖုံးကို သစ်သားဖြင့် ပိတ်ဖုံး၍ ကြိုးလေးပင် တပ်ထားသည်။

**၁၆။ ပေါင်(င်)**

သေးငယ်သော တူရိယာဖြစ်သည်။ ကျစ်မာသောဝါးခြမ်းကို အဖျားချွန်သောဓားဖြင့် ဖောက်လုပ်၍ အသံအတွက် အလယ်၌ သေးငယ်သောလျှာကို တပ်ဆင်ထားသည်။ တီးမှုတ်သည့်အခါ တူရိယာအဖျားကို လက်မဖျားဖြင့်ခတ်၍ နှုတ်ငုံတီးမှုတ်ရသည်။ ယင်းတူရိယာကို ပြုလုပ်ရန်ကား မလွယ်ပေ။ တီးမှုတ်တတ်ရန်လည်း ခက်ခဲသည်။

ကြေးဖြင့်ပြုလုပ်သော ပေါင်(င်)လည်း ရှိသေးသည်။ လက်ဖြင့်တီးခတ်ရန် မလို။ နှုတ်ပါးစပ်အတွင်း ငုံထားပြီး လျှာဖြင့် ကြေးလျှာကို ခတ်ကစား၍ မှုတ်ရသည်။ ပျားမြည်သံကဲ့သို့ အသံထွက်သည်။ ယင်းတူရိယာကို ညအခါ အမှောင်ထု၌ တီးမှုတ်က ပို၍လွမ်းဆွေးစရာကောင်းသည်။

(ဆက်လက်ဖော်ပြပါမည်)



❛ ကချင်ရိုးရာတူရိယာများသည် အစွမ်းထက်ကြပေ၏။ အနုပညာ ပြည့်ဝကြပါပေ၏။ လူသား၏ အသိစိတ်ကို အားမာန်ပြည့်ဖြိုးစေပါပေ၏။ တိုင်းရင်းသား စည်းရုံးရေး၌ တာသွား ထိရောက်သော လက်နက်ကောင်းများဖြစ်ပါပေ၏။ သို့သော် ရှေ့မီနောက်မီ သက်ကြီးရွယ်အိုများထံမှ ယနေ့ ကချင်လူငယ်များသည် အရမယူနိုင်သေးသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့နေကြရ ❜








ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

# ကျွန်တော်နှင့် ရခိုင်ရိုးရာကောက်သစ်စားပွဲ

o— မောင်မေယု(ဘူးသီးတောင်) —o

ကျွန်တော်သည် ဘူးသီးတောင်မြို့နယ် မြောက်ဘက်ပိုင်းရှိ ပီရှက်ဆိုသော ရွာငယ်လေးတွင် တာဝန်ကျနေသောကျောင်းဆရာတစ်ယောက် ဖြစ်သည်။ ထိုရွာ၏ ရွာစွန်လေးတွင် ကျောင်းဆရာတို့အတွက် ဆောက်ပေးထားသော အိမ်ကြီးတစ်ဆောင်ရှိ၏။ ကျွန်တော်သည် ထိုအဆောင်၌ တခြားရွာမှ ဆရာတစ်ယောက်နှင့်အတူ နေထိုင်သည်။ တစ်နေ့သောနံနက်စောစော၌ ကျွန်တော် ထမင်းချက်ရန်ပြင်နေခိုက် ရွာထဲမှ မောင်ဆိုးအမေ ရောက်လာခဲ့သည်။ ပြီးလျှင် ကျွန်တော်တို့အား ဒီနေ့ သူတို့အိမ်၌ ထမင်းစားရန် လာဖိတ်ကြောင်းဆို၏။ ထိုစကားကိုကြားသောအခါ ကျွန်တော် အလွန်ဝမ်းသာမိသည်။ ကျောင်းသားမိဘတစ်ယောက်က ပထမဆုံးအကြိမ် လာဖိတ်ခြင်းလည်းဖြစ်၏။

ကျွန်တော်တို့ ငယ်စဉ်ကဆိုလျှင် ကျေးရွာများ၌ ကျောင်းဆရာတို့အား တစ်အိမ်တစ်ရက် အလှည့်ကျ ထမင်းကျွေးသောအလေ့အထများရှိ၏။ ထိုသို့ ထမင်းကျွေးခြင်းဖြင့် ဆရာများနှင့် ရွာသားများမှာ ပိုပြီးရင်းနှီးကြ၏။ ဆရာ ဆရာမများမှာလည်း ရေခပ်ရခြင်း၊ ထင်းအတွက် ပူပန်ရခြင်း၊ ချက်ပြုတ်စားသောက်ရခြင်းစသော ဒုက္ခများမှ လွတ်ကြသည်။ ထိုအလုပ်များမရှိခြင်းကြောင့် သင်ခန်းစာများအတွက် ကြိုတင်ပြင်ဆင်မှုများ ပိုရကြသည်။ စာပြခြင်းကိုစိတ်မဝင်စားသော ဆရာ ဆရာမများမှာလည်း တစ်လုတ်စားဖူးသူ့ကျေးဇူးဆိုသည့်အတိုင်း ကလေးများအပေါ် စေတနာပိုလာကြသည်။ သို့သော် ယခုခေတ်တွင် ထိုအလေ့အထများပျောက်သွားသည်ကို တွေ့ရသည်။ ထိုသို့ ပျောက်လာခြင်းမှာ ဝန်ထမ်းတွေ လစာတိုးလာခြင်း၊ တောသူတောင်သားတွေ စီးပွားရေးအဆင်မပြေခြင်းစသည်တို့ကြောင့်လည်း ဖြစ်နိုင်သည်။ သို့သော် လုံးဝပျောက်သွားခြင်းမျိုးတော့ မဟုတ်ပေ။ တချို့ရွာများတွင် ရှိနေသေးသည်။ ထိုတချို့ရွာများတွင် ကျွန်တော်တာဝန်ကျနေသောရွာ မပါသောအခါ ထမင်းစားလာဖိတ်ခြင်းကို အထူးအဆန်းအဖြစ် ခံစားခဲ့ရသည်။



အမှန်တကယ်လည်း ထူးဆန်းကြောင်းကို ရွာထဲရောက်မှ သိခဲ့ရသည်။ ထမင်းစားဖိတ်ခြင်းမှာ ရိုးရိုးထမင်းစားရန် ဖိတ်ခြင်းမျိုးမဟုတ်ဘဲ ရိုးရာကောက်သစ်စားပွဲ ဖြစ်နေလေသည်။ ကောက်သစ်စားပွဲအကြောင်းကို ကြားဖူးသော်လည်း ဂဃနဏမသိရှိခဲ့ပေ။ ယခုကိုယ်တိုင်ကြုံတွေ့သောအခါမှ ဤဓလေ့သည် ရခိုင်လယ်သမားတို့၏ ချစ်စရာကောင်းသောဓလေ့တစ်ခုဖြစ်ကြောင်း သိခဲ့ရလေသည်။

ရခိုင်ရိုးရာကောက်သစ်စားပွဲဆိုသည်မှာ ကောက်ပဲသီးနှံများရိတ်သိမ်းပြီးစီး၍ သီးနှံပေါ်ချိန်တွင် ကောက်ဦးကောက်ဖျားကို ဆွမ်းအဖြစ်ချက်ပြုတ်ပြီး အလှူကြီးပီးခြင်းတစ်မျိုးဖြစ်သည်။

တောင်သူဦးကြီးတို့သည် တစ်မိုးလုံး ပင်ပန်းဆင်းရဲစွာဖြင့် ထွန်ယက်စိုက်ပျိုးကြသည်။ သီးနှံပေါ်၍ ရိတ်သိမ်းပြီးစီးသောအခါ ပျော်ရွှင်ဝမ်းမြောက်ကြ၏။ သီးနှံများဖြစ်ထွန်းအောင်မြင်ကြောင်း အထိမ်းအမှတ်အဖြစ် ကောက်ဦးကောက်ဖျားကို မိမိတို့ ဦးစွာမစားဘဲ မြတ်ဗုဒ္ဓအား အာရုံပြု၍ ရဟန်းသံဃာအပေါင်းနှင့် လူကြီးမိဘဆရာသမားအပါအဝင် ဆွေမျိုးညာတကာများကို ပင့်ဖိတ်ကာ အလှူပွဲပြုလုပ်ကြသည်။ တချို့ရွာများ၌ နတ်အပေါင်းတို့ကိုပါ ဖိတ်ကျွေးကြကြောင်း သိရသည်။ နေနတ်၊ လနတ်တို့ကို လှူဒါန်းကျွေးမွေးသောအခါ ငှက်ပျောလက်ကို ထည့်စရာပြုလုပ်ပြီး ထမင်းဟင်းများအစုံထည့်ကာ အိမ်ခေါင်မိုးပေါ်တွင်တင်၍ ကျွေးမွေးကြသည်ဆို၏။ ဤကောက်သစ်စားပွဲအား တခြားတိုင်းရင်းသားများတွင်လည်း ပုံစံအမျိုးမျိုးနှင့် ကျင်းပကြသည်ကို တွေ့ရသည်။ ပွဲကျင်းပပုံကွာခြားသော်လည်း ရည်ရွယ်ချက်များမှာ အတူတူပင် ဖြစ်ပေမည်။

ကောက်ဦးကောက်ဖျား လှူဒါန်းခြင်းသည် များစွာသော ကုသိုလ်ကောင်းမှုကို ဖြစ်စေ၏။ တစ်ချိန်က ညီနောင်နှစ်ယောက် ရှိခဲ့သည်။ အစ်ကိုဖြစ်သူမှာ ကောက်ဦးကောက်ဖျား၊ စားဦးစားဖျားကို အမြဲလှူဒါန်းလေ့ရှိပြီး ညီဖြစ်သူမှာ ဖြစ်သလိုသာ လှူဒါန်းလေ့ရှိလေသည်။ ထိုကောင်းမှုတွေကြောင့် ဂေါတမဗုဒ္ဓ ပွင့်တော်မူသောအခါ အစ်ကိုဖြစ်သူမှာ အရှင်ကောဏ္ဍညအဖြစ်နှင့် ဓမ္မစကြာတရားဦးကိုနာကြားရပြီး ပထမဆုံးရဟန္တာကြီး ဖြစ်တော်မူခဲ့သည်။ ညီဖြစ်သူမှာ အရှင်သုဘဒ္ဒအဖြစ်ဖြင့် ဘုရားရှင်ပရိနိဗ္ဗာန်စံခါနီးမှ နောက်ဆုံးရဟန္တာ ဖြစ်ခဲ့ရလေသည်။ ဤသည်မှာ ကောက်ဦးကောက်ဖျား၊ စားဦးစားဖျားအား လှူဒါန်းခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်လေသည်။

ကောက်ဦးကောက်ဖျားကို ဆွမ်းအဖြစ်ချက်ပြုတ်၍ လှူဒါန်းခြင်းကြောင့် ဆွမ်းလှူရခြင်း၏ အကျိုးကျေးဇူးများကိုလည်း ရရှိပေမည်။ ဆွမ်းလှူခြင်း၏ အကျိုးမှာ "သက်ရှည်၊ ဆင်းလှ၊ ချမ်းသာရ၊ ဗလ၊ ဉာဏ်ပညာ၊ ဘောဇဉ်အကျိုး ဤငါးမျိုး ဆိုရိုးကျမ်းဂန်လာ"ဟု ဆိုကြသည်။ ဆွမ်းလှူဒါန်းခြင်းသည် အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အားနှင့် ဉာဏ်ပညာတို့အတွက် လှူဒါန်းခြင်းနှင့် တူပေသည်။ ထို့ကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ကျန်းမာပြီးခွန်အားဗလတိုးခြင်းနှင့် ဉာဏ်ပညာကောင်းခြင်း စသောအကျိုးကျေးဇူးများကို ရရှိကြလေသည်။

ကျွန်တော်တို့မှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ထက် ကြီးမြတ်သောအရာကားမရှိပေ။ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာအတိုင်း ထမင်းစားသောအခါမှာလည်း ဘုရားအား ဆွမ်းတော်ကပ်၊ သံဃာတော်များအတွက် ဆွမ်းခူးပြီး ကြီးသူကိုဦးချပြီးမှသာ စားကြရသည်။ ထို့ကြောင့် ကြီးမြတ်သူတို့အား ဤကောက်ဦးကောက်ဖျား လှူဒါန်းကျွေးမွေးသော ကောက်သစ်စားပွဲသည် ဗုဒ္ဓဘာသာ ရခိုင်လူမျိုးတို့၏ လက်ဆင့်ကမ်းထိန်းသိမ်းသင့်သော ချစ်စရာဓလေ့တစ်ခုပင် ဖြစ်ပေသည်။ ။

>>> အထူးကဏ္ဍ [ က ] မှ

ဂူဝင်လမ်းတစ်ခုတည်းသာရှိပြီး လက်ယာရစ်ခရုပတ်လိုဏ်ဂူလမ်းနှစ်ထပ်ရှိသည်။ လိုဏ်နံရံများတွင် ဂူကျောင်းငယ် ၁၄၆ ကျောင်းရှိပြီး အောက်ခြေလေးထောင့်ပုံဖြစ်ကာ အတွင်း၌ လိုဏ်ဂူပတ်လမ်းများနှင့် ရှေးက ရဟန်းတော်များ ပဝါရဏာပြုသော အခန်းကနေတစ်ဆင့် အဓိကအလယ်ဗဟို ဂန္ဓကုဋီတိုက်သို့ ရောက်ရှိသည်။

လိုဏ်ဂူပတ်လမ်းတစ်လျှောက် ဂူမုခ်ငယ်များရှိပြီး ဘုရားဆင်းတုတော်များကို ထုလုပ်ပူဇော်ထားသည်။ လိုဏ်ပတ်အဆုံးတွင် အာရုံခံအဆောင်နှင့် ဆင်းတုတော်ကြီး ကိန်းဝပ်သည်။ ပုထိုးတော်ကြီး၏ အနောက်ဘက်ထောင့်တွင်ကပ်လျက် ဥပုသ်ဆောင်ကို ထားရှိသည်။ ပုထိုးတော်ကြီး၏ အတွင်းဘက်၌ ဝက်ပါပုံစံကဲ့သို့ လိုဏ်ခေါင်းကြီးငယ်များကို ပြုလုပ်ထားရှိပြီး လိုဏ်ခေါင်းအတွင်းဘက်ရှိ နံရံများ၌ ရခိုင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဆင်ယင်ထုံးဖွဲ့မှုတို့ကို သရုပ်ဖော်သည့် ရုပ်လုံး၊ ရုပ်ကြွများဖြင့် မွမ်းမံထားသည်။ ထို့ကြောင့် မြောက်ဦးမြို့ရှိ သျှစ်သောင်းဘုရား နှင့် ထုက္ကန်သိမ်တို့သည် ရှေးရခိုင်လူမျိုးတို့၏ ဝတ်စားဆင်ယင်ပုံ၊ အသုံးပြုကြသော တူရိယာ၊ ကကွက်၊ ကဟန်စသည်တို့ကို သုတေသနပြုလေ့လာရာတွင် များစွာအထောက်အကူပြုပြီး တစ်နေရာတည်းတွင် လေ့လာနိုင်သည့် ယဉ်ကျေးမှုပြတိုက်ကြီးသဖွယ် ဖြစ်နေသည်။ ထုက္ကန်သိမ်ပုထိုးတော်ကြီးအပေါ်မှ ပတ်ဝန်းကျင်ကို မျှော်ကြည့်လိုက်ပါလျှင် အံတော်သိမ်ဘုရား၊ ရတနာမာန်အောင်ဘုရား၊ သျှစ်သောင်းပုထိုးတော်ကြီး၊ ရတနာပုံစေတီတော်ကြီး၊ လေးမျက်နှာစသည့် ဘုရားများကိုလည်း ကုသိုလ်ယူ ဖူးမြော်နိုင်ပါသည်။

သင်္ကြန်ပွဲတော်ပြီးနောက် မြောက်ဦးမြို့၌ သျှစ်သောင်း၊ ထုက္ကန်သိမ်၊ အံတော်သိမ်နှင့် မာန်ငါးပါး ဘုရားပွဲတော်ကို နှစ်စဉ် နှစ်တိုင်း စဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြ၍ မြောက်ဦးဒေသ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ခေါက်တစ်ခါ ဘုရားဖူးလာရောက်ကြဖို့ သတင်းကောင်းပါးလိုက်ရပါသည်။

အောင်ကြည်မိုး(စစ်တွေ)

## တိုင်းရင်းသားစာပေအမျိုး ၂၀ ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ၁၁ မြို့နယ်တွင် သင်ကြားပေးလျက်ရှိ

**စစ်ကိုင်း မေ ၂၅**

တိုင်းရင်းသားစာပေအမျိုး ၂၀ ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ၁၁ မြို့နယ်တွင် သင်ကြားပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်ထံမှ သိရသည်။

**သင်ကြားပေးနေ**

"ချင်းတွင်းအထက်ပိုင်းက ပင်လည်ဘူးမြို့နယ်၊ တမူးမြို့နယ်၊ ခန္တီးမြို့နယ်၊ လဟယ်မြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ အင်းတော်မြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ကလေးမြို့နယ်၊ လေရှီးမြို့နယ်နဲ့ ဖောင်းပြင်မြို့နယ်တို့မှာ တိုင်းရင်းသားစာပေကိုသင်ကြားပေးနေတာပါ။ တိုင်းရင်းသားစာပေကအမျိုး ၂၀ ရှိတယ်" ဟု ဦးဝင်းခိုင်က ပြောသည်။

တိုင်းရင်းသားစာပေများကို ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်မှ စတင်၍ ကျောင်းသား ကျောင်းသူ နှစ်သောင်းကျော်ကို ဆရာဆရာမ ၈၀၀ ကျော်က သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ သုံးသောင်းခြောက်ထောင်ကို ဆရာ ဆရာမတစ်ထောင်ကျော်က သင်ကြားပေးခဲ့ရကာ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၄၆၀၀၀ ကို ဆရာ ဆရာမတစ်ထောင်ကျော်က သင်ကြားပေးခဲ့သည်။

**ညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်**

"တိုင်းရင်းသားစာပေကို KGတန်း၊ ပထမတန်း၊ ဒုတိယတန်းနဲ့တတိယတန်းတွေကိုသင်ပေးတာပါ။ ဝန်ကြီးဌာနချမှတ်တဲ့မူရယ် တိုင်းရင်းသားစာပေဦးစီးဌာနရုံးချုပ်ကနေလုပ်တဲ့ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ဦးဝင်းခိုင်က ပြောသည်။

တိုင်းရင်းသားစာပေ ၂၀ မှာ သျှမ်းနီစာပေ၊ လူသျှိုင်းစာပေ၊ တီးတိန်စာပေ၊ ဖလမ်းစာပေ၊ ဟားခါးစာပေ၊ ထာဒိုစာပေ၊ ဇိုစာပေ၊ ရှမ်းစာပေ၊ ခရမ်ညူငမ်စာပေ၊ ဂုဏ်ဝမ်ပိုညိုစာပေ၊ မကူရီစာပေ၊ တိုင်းလိုင်(ရှမ်းနီ)စာပေ၊ တိုင်းလျမ်(သျှမ်းနီ)စာပေ၊ ဇိုတုန်စာပေ၊ ဟွာလ်ငိုစာပေ၊ လိုင်းနောင်စာပေ၊ ကိုညတ်နာဂစာပေ၊ ပေါင်းညွှမ်စာပေ၊ ဂျက်ဂျာရ်စာပေနှင့် တန်ကွန်စာပေတို့ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

## ဒေါနတောင်တန်း ပွင့်သည့်ပန်း

❋ သံလွင်မြစ်ကြီး သက်သေတည်
ကရင်တို့ရဲ့ မွေးဌာနီ။
ဒုံးယိမ်းညီညာ ကပုံဆန်း
ဖားစည်သံက အံ့မခန်း။

❋ နန်းမူခမ်းလေး ချစ်စရာ
ယဉ်ကျေးသိမ်မွေ့ပျူပျူငှာ။
နေရာဘားအံ ဇာတိသွေး
ချစ်ဖွယ်ကောင်းတဲ့ လုံမလေး။

❋ ဖိုးခွားလေးနဲ့ စောနန်းဝေ
ကရင်တို့ရဲ့သွေးပါလေ။
ဇာတိမြေမှာ ဂုဏ်ရောင်တင့်
သံလွင်သက်သေ ပန်းနှစ်ပွင့်။

❋ ချစ်လမ်းဖွင့်ခဲ့ တောင်တန်းမြေ
အလည်သွားစို့ ညီနောင်ဆွေ။
သင်းပျံ့လှိုင်ဝေ အလှဆန်း
ဒေါနတောင်တန်း ပွင့်သည့်ပန်း
ဖိုးထိုက်မွှေးကြိုင်လန်း။

ကန်ညီနောင်ရွှေဗျိုင်း(ငွေလဲ့ကန်)

# ကဆုန်လပြည့်နေ့ လက်ဝဲသလုံးတော်ဓာတ်စေတီ၌ ရွှေလောင်း၊ ငွေလောင်းမျှောပွဲ



**စစ်တွေ မေ ၂၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ် စေတီတော်မြတ်ကြီး၏ အကြိမ် (၅၀) မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကို ကဆုန်လပြည့်နေ့ (စနေနေ့) ညနေပိုင်းက ကျင်းပခဲ့ကြသည်။ ကဆုန်လပြည့်နေ့တွင် စစ်တွေမြို့တွင် နံနက်ပိုင်း မုနိပူဇာပွဲကျင်းပပြီး ညနေပိုင်း၌ လက်ဝဲသလုံးတော်ဓာတ် စေတီတော်မြတ်ကြီး၏ ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ လက်ဝဲသလုံးတော်ဓာတ် စေတီတော်မြတ်ကြီးသည် စစ်တွေမြို့၏ အထင်ကရ ရှေးဟောင်းဘုရားစေတီတစ်ဆူဖြစ်ပြီး သေလာဂီရိ ဗျာဒိတ်ဝင်တစ်ဆူ ဖြစ်သည်။ စစ်တွေမြို့နှင့် အနောက်ဘက် သုံးမိုင်အကွာ အာကျိတ်တော်ကုန်းပေါ်၌ ကိန်းဝပ်တည်ရှိသည်။

**တစ်ထပ်တည်းကျ**

ကဆုန်လကို ရခိုင်လူမျိုးတို့ အလေးအမြတ်ထားကြပြီး ရခိုင်လူမျိုးတို့၏ ဆယ့်နှစ်လရာသီစက်ဝန်းတွင် ဒုတိယမြောက်လ ဖြစ်သည်။ ရခိုင်လူမျိုးတို့၏ ပြက္ခဒိန်၌ ကဆုန်လပြည့်နေ့သည် လထပ်၊ နှစ်ထပ်တို့တွင် မြန်မာသက္ကရာဇ်ထက် တစ်လနောက်ကျတတ်ပြီး ယခုနှစ်တွင် ရခိုင်သက္ကရာဇ်နှင့် မြန်မာသက္ကရာဇ် တစ်ထပ်တည်းကျနေခဲ့၏။ ရခိုင်လူမျိုးတို့ ဆယ့်နှစ်လရာသီစက်ဝန်း ကဆုန်လတွင် မဟာမြတ်မုနိကို သွန်းလုပ်ပြီးစီးခဲ့သည်။ ရှေးရခိုင်မင်းတို့သည် ကဆုန်လဆန်း ၁၅ ရက်နေ့တွင် ရာဇဘိသေက မင်္ဂလာ(မုဒ္ဓါဘိသက်) ကို ကျင်းပလေ့ရှိပြီး ကဆုန်လသည် ရခိုင်လူမျိုးတို့၌ ထိမ်းမြားမင်္ဂလာပြုကောင်းသောလ ဖြစ်၏။

မြတ်စွာဘုရားရှင်၏ လက်ဝဲသလုံးတော်ဓာတ်အား ဌာပနာထည့် တည်ထားကိုးကွယ်ခဲ့သောကြောင့် လက်ဝဲသလုံးတော်စေတီဟု အမည်ခေါ်တွင်ပြီး ဘီစီ ၃၁၆ ခုနှစ်က အိန္ဒိယနိုင်ငံသာသနာပြုရဟန်းမထေရ် အရှင်ရေဝတထံမှ ရရှိခဲ့သည့် ဓာတ်တော် ၂၄၈ ဆူအနက် တစ်ဆူအပါအဝင်ဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ စေတီတော်တည်ထားပြီးနောက် ပြန်လည်ပြုပြင်မည့်သူမရှိဘဲ ပျောက်ကွယ်နေခဲ့ရာမှ ကောဇာသက္ကရာဇ် ၁၂၉၁ ခုနှစ်တွင် ဓာတ်တော်ကွန့်မြူးသည်ကို အကြောင်းပြု၍ တူးဖော်ကြရာတွင် ဓာတ်တော်ကြုတ်၊ ဆင်းတုတော်များနှင့် ရွှေကမ္ပည်းစာများကို တွေ့ရှိရပြီး ကမ္ပည်းမှတ်တမ်းစာများအရ လက်ဝဲသလုံးတော်ဓာတ် စေတီတော်မြတ်ဟု သိရှိခဲ့ကြရခြင်း ဖြစ်သည်။

ကဆုန်လပြည့်နေ့၌ လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်ကြီးအတွင်းရှိ ဗောဓိညောင်ပင်၌ စစ်တွေမြို့သူ မြို့သားများက နံ့သာရေပက်ဖျန်းခြင်း၊ စေတီတော်မြတ်ဝင်းခြံအနီး ကန်တော်ကြီးရေကန်တွင် ငါးရှင်လွှတ်ခြင်းနှင့် ရွှေလောင်း၊ ငွေလောင်းမျှောခြင်းတို့ဖြင့် ဗုဒ္ဓဘာသာဝင်ရခိုင်လူမျိုးများက ကဆုန်လပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။

**အလှူငွေများ လှူဒါန်း**

ရခိုင်လူမျိုးတို့၌ လောင်းဆိုသည်မှာ လှေကို ခေါ်ကြခြင်းဖြစ်သည်။ ရွှေလောင်း၊ ငွေလောင်းမျှောခြင်း ဆိုသည်မှာ လှေငယ်များအား ရွှေရောင်၊ ငွေရောင်များ သုတ်လိမ်းထားပြီး ရေထဲမျှောချခြင်းကို ဆိုလိုသည်။ ကဆုန်လပြည့်နေ့မတိုင်မီ ရွှေလောင်း၊ ငွေလောင်းများအား ကားပေါ်တင်ပြီး မြို့သို့ လှည့်လည် အပူဇော်ခံသည်။ မြို့သူ မြို့သားများက ရွှေလောင်း၊ ငွေလောင်းအထဲ၌ ထည့်ပြီး ငါးလွှတ်ရန်နှင့် စေတီပရိဝုဏ်ခြံဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ကဆုန်လပြည့်နေ့ လက်ဝဲသလုံးတော်ဓာတ် စေတီတော်မြတ်ကြီး၏ ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းရန် လာရောက်သူများက စေတီတော်မြတ်ရှေ့ ငါးဈေးတန်း၌ ရောင်းချနေသော ငါးအရှင်များကို ဝယ်ယူကြပြီး ရွှေလောင်း၊ ငွေလောင်းများထဲ ထည့်ကြသည်။ ညနေ နေဝင်ချိန်တွင် ငါးရှင်များ ထည့်ထားသော ရွှေလောင်း၊ ငွေလောင်းများကို ရေထဲမျှောချပြီး ငါးအရှင်များကို ကန်တော်ကြီး ရေကန်ထဲသို့ လွှတ်ကြခြင်းဖြစ်သည်။

ရေထဲသို့ ရွှေလောင်း၊ ငွေလောင်း မျှောရခြင်း ရည်ရွယ်ချက်မှာ ရခိုင်ရိုးရာ အစဉ်အလာတစ်ခုဖြစ်ပြီး ရခိုင်ပြည်နယ် အေးချမ်းပြီး သာယာဝပြောစည်ပင်ရန်၊ ရခိုင်သူ ရခိုင်သားများ ကျန်းမာ၊ချမ်းသာကြရန်နှင့် ဆန်ရေစပါး ပေါများရန် ရည်ရွယ်ချက်ဖြင့် ရွှေလောင်း၊ ငွေလောင်းမျှောပြီး ဆုတောင်းကြခြင်း ဖြစ်သည်။

**အောင်ကြည်မိုး(စစ်တွေ)**

# ရေငန်းသီးငါးပိသုပ်

**စံလွင် (ငါးဦးစီး)**

ရေငန်းသီးကို မွန်နဲ့ရခိုင်ဒေသတွေမှာ ငါးပိသုပ် သုပ်စားလေ့ရှိတာကို တွေ့ရပါတယ်။ ရေငန်းသီးမှာ အချိုမျိုးနဲ့ အချဉ်မျိုးရယ်လို့ နှစ်မျိုးရှိတဲ့အနက် အချဉ်မျိုးကိုသာ ငါးပိသုပ် သုပ်စားကြတာပါ။ ရေငန်းပင်က စိုက်ပျိုးလေ့မရှိကြဘဲ တောတွေတောင်တွေမှာ သဘာဝအလေ့ကျပေါက်တဲ့အပင်မို့ အခုအခါမှာတော့ အတွေ့အမြင်နည်းသွားပါပြီ။ ယခင်အခါများကတော့ ထင်းခုတ်ဝါးခုတ်ဖို့ တောတက်ရင်း တောတွေထဲမှာတွေ့ရတဲ့ ရေငန်းသီးအခိုင်တွေ ခုတ်လာကြတာဖြစ်ပြီး ကလေးသူငယ်တွေ သရေစာအဖြစ်စားကြတာပါ။

ရေငန်းသီးက အပင်မှာအခိုင်လိုက်သီးတာဖြစ်ပြီး တစ်ခိုင်မှာ အသီးလေး၊ ငါး၊ ခြောက်ဆယ်ပါပါတယ်။ အသီးတစ်လုံးမှာတော့ မင်းကွတ်သီးများလို အစေ့ပါတဲ့အမြွှာနှစ်မြွှာကနေ သုံးမြွှာအထိပါတတ်ပါတယ်။ သံပရာသီး၊ ရှောက်သီး၊ ဆီးသီးနဲ့ မန်ကျည်းသီးတွေဟာ အချဉ်သီးများဖြစ်ကြပေသိ အရသာက တစ်မျိုးနဲ့တစ်မျိုး ကွဲပြားပါတယ်။

ရေငန်းအချဉ်သီးက စားလိုက်ရင် ပါးများတောင်တက်ကာ သွားများကျိန်းကုန်တဲ့အထိကို အချဉ်စူးတာပါ။ ရေငန်းသီးကို အဆာပလာထည့်ပြီး သုပ်လိုက်ထားတဲ့ ငါးပိသုပ်ရဲ့အရသာကတော့ ထိပ်တန်းမို့ တစ်ခါစားမိရင်ကို ထပ်တလဲလဲတောင့်တကုန်ကြရတဲ့အထိ စွဲမက်စရာကောင်းပါတယ်။ ရေငန်းသီးငါးပိသုပ်သုပ်မယ်ဆိုရင် လိုအပ်တာတွေက -

- **ရေငန်းသီး**
- **ပုစွန်ခြောက်မှုန့်**
- **မျှင်ငါးပိ**
- **ငရုတ်သီးအခြောက်တောင့်**
- **ကြက်သွန်နီ** တို့ ဖြစ်ပါတယ်။





ဦးစွာရေငန်းသီးကိုအခွံခွာပြီး အတွင်းကအမြွှာရဲ့အစေ့မှာကပ်နေတဲ့ အသားတွေကို ဓားထက်ထက်နဲ့ အသာလှီးယူပြီး အနေတော်လှီးဖြတ်ထားပါ။ ပြီးက ကြက်သွန်နီကို ပါးပါးလှီး ရေဆေးထား၊ မျှင်ငါးပိကို မီးကင်ပြီးက ငရုတ်ခြောက်တောင့်ကိုလည်း မီးဆက်ကင်ကာ အမှုန့်ထောင်းထားပါ။ အားလုံးပြီးက ပန်းကန်တစ်ချပ်တွင်ထည့်၍ ပုစွန်ခြောက်မှုန့်ဖြူးကာ ဖွဖွနယ်၍ သုပ်ပါ။ ဆီမလိုတဲ့ ရေငန်းသီးငါးပိသုပ်ဟာ မြင်ရုံနဲ့တင် သွားရည်ယိုချင်စရာကောင်းလှပါတယ်။ ချဉ်ငန်စပ်စပ် ရေငန်းသီးငါးပိသုပ် အသင့်ရပါပြီ။ ။

မျိုးဆက်သစ်ရှုမြင်

ကြေးမုံ
အထူးဂဏ္ဍ

မေ ၂၆၊ ၂၀၁၉ (တနင်္ဂနွေနေ့)

ဝတ္ထုတို

## ■ ညီလေးငယ် (လယ်တော်)

"ဟဲ့... မိပုံ ညည်းအမေ.... အနောက်ချောင်းကြားမှာ လဲသွားလို့တဲ့။ အဲဒါ အေးမိတို့ခေါ်ထားပေးတယ်။ ညည်းသွားခေါ်လိုက်ပါဦး"

အလုပ်ဖယ်ရီပေါ်က ဆင်းဆင်းချင်း ကြားလိုက်ရတဲ့ စကားက မိပုံ့အတွက် စိတ်ချမ်းသာစရာတစ်ခုမှမရှိ။

"ဟင်း.....။ အမေတစ်ယောက်နဲ့တော့ စိတ်ညစ်ပါတယ်။ အလုပ်သွားခါနီးအိမ်မှာပဲနေ အပြင်မထွက်နဲ့လို့ အတန်တန်ပြောထားတဲ့ကြားကနေ ထွက်ဖြစ်အောင်ထွက်တယ်။ အလုပ်က ပင်ပင်ပန်းပန်းပြန်လာပြီး အမောဖြေဖို့ နေနေသာသာ အိမ်တောင်မရောက်သေးဘူး အမေ့သတင်းကကြားရပြီ"

အမေခုလိုမျိုးဖြစ်နေတာ တစ်ခါတည်းမဟုတ်တော့။

အကြိမ်ကြိမ် အခါခါရှိပြီ။ ပြီးခဲ့တဲ့လကလည်း မိပုံ့အလုပ်ပြန်ရောက်ချိန် ည ၈ နာရီကျော်လောက် အချိန်ကြီးတောင် အမေအိမ်မှာ မရှိဘူး။ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း မသိတာကြောင့် တစ်ရပ်ကွက်လုံး တစ်အိမ်ဝင်တစ်အိမ်ထွက် ရှာပုံတော်ဖွင့်ခဲ့ရပြီးပြီ။

လေဖြန်းပြီး ခြေတစ်ဖက်ခိုင်နေတာကြောင့် တုတ်ကောက်နဲ့ ထောက်ထောက်ပြီး တစ်လှမ်းတစ်လှမ်းကို ငါးမိနစ်လောက်လှမ်းယူနေရလို့တောင် တော်ကာရှိရဲ့။ အိမ်လည်တာဆိုတာ ထမင်းမေ့ဟင်းမေ့။ အိမ်ကိုလည်း ထုံးစံအတိုင်း တံခါးပိတ် သော့ခတ်ရကောင်းမှန်းမသိ။ ဟာလာဟင်းလင်း ဖွင့်ခဲ့ပြီး လည်တာဆိုတာ ဝင်ချင်သူဝင် ထွက်ချင်သူထွက်စေ ပုံစံ။

အမေ့အသက်က ၇၂ နှစ်ကျော်ပါပြီ။ အသက်ကြီးပြီး ရောဂါအခံနဲ့ သူငယ်ပြန်ချင်သလို ဖြစ်နေတာကြောင့် ပြုစုရတာ မလွယ်သလို ပြောဆိုရတာလည်း မလွယ်ပါဘူး။

မောင်နှမသားချင်းမရှိတဲ့မိပုံ့အဖို့ အဖေဆုံးပြီးကတည်းက တစ်ယောက်တည်း ရှာဖွေကျွေးမွေးပြီး ရပ်တည်လာခဲ့ရတာ နှစ်ပေါင်းမနည်းတော့ဘူး။ အပူတွေတစ်ပုံကြီး ရင်ဝယ်ပိုက်ထားရတဲ့ မိပုံ့ဒုက္ခကို မည်သူမှလည်း မသိနိုင်ပါဘူး။

ကလေးတစ်ယောက်လိုဖြစ်နေတဲ့ အမေ့ကို ပြောဆိုရတာလည်း စိတ်ရှည်စရာ တစ်ခုမှမရှိ။ အလုပ်ပင်ပန်းတာက တစ်ကြောင်း၊ အမေ့ကိုပြောမရတာက တစ်မှုတို့ကြောင့် မိပုံ့ စိတ်မရှည်ဘဲ အမေ့ကို အမြဲလိုလိုဆူငေါက်မိတယ်။

ဒီလို ဆူငေါက်တော့ ပတ်ဝန်းကျင်အမြင်မှာ မိပုံ့က လူဆိုးမ ဖြစ်ရတယ်။

တကယ်တော့မိပုံ့တို့ အထည်ချုပ်သမတွေရဲ့ဘဝက လွယ်တော့မလွယ်ပါဘူး။ မနက်မိုးလင်းပြီဆိုကတည်းက ဖယ်ရီမီဖို့အရေး ပြေးလွှား၊ ညနေ အိမ်ပြန်ချိန်ကျတော့လည်း လမင်းကြီးတောင်ပြူပြူထွက်တဲ့ အချိန်ထိ။

ရောဂါအရှိန်နဲ့ လေဖြန်းပြီး သူငယ်ပြန်နေတဲ့ အမေ့ကိုပူရ၊ စားသောက်ဖို့ ရှန်းကန်ရနဲ့ မိပုံ့ဘဝကလည်း ဖုတ်ပူမီးကျပါပဲ။ ပူလောင်ရလွန်းလို့ အေးချမ်းမှုကို ဘယ်လိုရှာရမယ်ဆိုတာတောင်မသိတော့သည်အထိပါပဲ။

ကလေးတစ်ယောက်လိုဖြစ်နေတဲ့ အမေ့ကို ကလေးထိန်းသလို ထိန်းနေရတဲ့ မိပုံ့နေရာကိုတော့ ဘယ်သူမှ ကိုယ်ချင်းစာမိကြမယ်မထင်။ တစ်ရပ်ကွက်လုံးက အမေကိုဆူငေါက်တဲ့ ကလေးမ ကံကြီးထိုက်မယ်ဆိုပြီး တစ်ယောက်တစ်မျိုး ကျိန်စာတိုက်တာခံရတဲ့



အချိန် မိပုံ့တစ်ယောက်တည်း ကြိတ်ငိုခဲ့ဖူးတယ်။ တိုင်ပင်ဖော်မရှိ နှီးနှောဖော်မရှိတဲ့ ဘဝကို ဘယ်သူကများ စာနာပေးခဲ့ကြသလဲ မိပုံ့ မေးလိုက်ချင်စမ်းပါဘိ။

ဆေးသောက်ချိန်မသောက်၊ စားချိန်မစားနဲ့ ကလေးတစ်ယောက်လို စိတ်ထင်ရာအတိုင်း လိုက်လုပ်နေတဲ့ အမေ့ကိုလည်း မိပုံ့ဘယ်လိုများ ပြုစုရပါ့။

အမေက မိပုံ့အတွက်တော့ ကူဖော်မရလောင်ဖက်ပါပဲ။ မိပုံ့ကိုမကူညီတဲ့အပြင် အမြဲဒုက္ခပေးတယ်။ အမေ့ကြောင့် မိပုံ့ဘဝ ဒုက္ခရောက်ပေါင်းမနည်းတော့ဘူးလို့ မိပုံထင်တယ်။ အဲဒီဒုက္ခတွေကလွတ်အောင် အမေနဲ့ဝေးရာကိုလည်း မိပုံ့ထွက်ပြေးချင်မိတယ်။

မိပုံ့ အမေ့ကို စိတ်အပျက်ဆုံးက ပြောစကား နားမထောင်တာပဲ။

အိမ်မလည်နဲ့ဆိုလည်တယ်။ မလုပ်နဲ့လို့ ပြောထားတဲ့အရာမှန်သမျှ အမေလုပ်တယ်။ အမြဲတမ်းလိုလို အလုပ်ပြန်ပြီး အိမ်မရောက်ခင် အမေ့ကို ရှာရတာက အလုပ်တစ်ခု။

အမေ ခုလိုအိမ်မလည်နိုင်အောင် တစ်ခုခုတော့ လုပ်ကိုလုပ်ရတော့မယ်။

မီးသတ်ကားဥသြဆွဲသံကြားတော့ မိပုံ့ စက်ချုပ်နေရာက မဖြောင့်တော့ဘူး။

အလုံပိတ် စက်ရုံထဲမှာ အပြင်ဘက်ကို ဘာမှမမြင်ရပေမယ့် တစ်ချက်တစ်ချက်ခေါင်းကို ဆတ်ခနဲထောင်ပြီး အပြင်ဘက်ကို မှန်းဆ ကြည့်ရတာအမော။ တဝီဝီအော်ပြီး သွားနေတဲ့ မီးသတ်ကားသံတွေက အဆက်မပြတ်ပါပဲ။

"ဘယ်နေရာမှာများ မီးလောင်နေလဲ မသိပါဘူး" ပါးစပ်က တစ်ကိုယ်ကြားရွတ်နေရင်းက အိမ်မှာကျန်ခဲ့တဲ့အမေ့ကို စိတ်ပူမိပြန်ပြီ။ မိပုံ့ နားစွင့်ကြည့်ပုံအရတော့ မီးသတ်ကားတွေ သွားသံက မိပုံ့တို့ ရပ်ကွက်နားလေးကို။ ကျူးကျော်အိမ်တွေနှင့် ပြည့်ညပ်နေတဲ့ ရပ်ကွက်မှာ တစ်အိမ်မီးစလောင်ပြီဆိုတာနဲ့ အကုန်လုံးကုန်မှာသေချာသလောက်ပဲ။

"ဘုရား ဘုရား... မဟုတ်ပါစေနဲ့...."

မိပုံ့ဆုတောင်းရင်း မီးသတ်ကားသံတွေကြောင့် စိုးရိမ်တကြီးဖြစ်ပြီး တစ်ကိုယ်လုံး တဆတ်ဆတ်ခါအောင် တုန်ယင်လာတယ်။ ဒီနေ့မနက် အလုပ်လာခါနီး အမေ့ကို အပြင်ထွက်မှာစိုးတာကြောင့် မိပုံ့ သော့ခတ်ပြီး အိမ်ထဲမှာ ထားရစ်ခဲ့မိတယ်။

"ငါ....ဘယ်မှ မသွားတော့ပါဘူးဟယ်... ငါ့ကိုထောင်မချခဲ့ပါနဲ့။ ငါ လှောင်အိမ်ထဲက ငှက်မဟုတ်ဘူးနော်။ ငါ့ကိုအဲလိုမထားခဲ့ပါနဲ့ တောင်းပန်ပါတယ်"

အိမ်သော့ခတ်မယ်လုပ်တော့ ငိုယိုပြီး တောင်းပန်နေတဲ့ အမေ့စကားသံတွေ နားထဲ အစီအရီ ဝင်လာတယ်။ တကယ်တော့ မိပုံ့ သော့ခတ်ချင်လို့ ခတ်ထားခဲ့တာ မဟုတ်ပါဘူး။ လေဖြန်းပြီး သူငယ်ပြန်နေတဲ့ အမေ ကားလမ်းပေါ်ဖြတ်ကူးရင်း ကားတိုက်မှာကြောက်သလို၊ မူးလဲပြီး ဒဏ်ရာရမှာလည်း ကြောက်တာကြောင့် သော့ခတ်ထားခဲ့မိတယ်။ ပြီးတော့ အမေက အပြင်ထွက်တိုင်း အိမ်သော့ခတ်ရကောင်းမှန်းမသိ။ အိမ်တံခါးပေါက်ကို ဟာလာဟင်းလင်းဖွင့်ခဲ့တာကြောင့် မိပုံ့အိမ်မှာစုထားတဲ့ ရှိစု မဲ့စုလေးတွေ အကုန်ပါသွားခဲ့ဖူးပြီ။

ဒါကြောင့် အမြဲ အိမ်လည်ချင်တဲ့အမေ့ကို နောက်တစ်ခါ အပြင်မထွက်ရဲအောင် တစ်ချက်ခုတ် သုံးလေးချက်ပြတ်အဖြစ် မိပုံ့ သော့ခတ်ခဲ့မိတယ်။

"ဟဲ့... အေးခိုင်... ဘယ်မှာလောင်တာတဲ့လဲ နင်သိလား..."

"ဘယ်သိမလဲ မကြီးပုံ့ရဲ့ မီးခိုးလုံးတွေ ကြည့်ရတာတော့ အနောက်စုဘက်ကပဲ"

"ဘာ.... အနောက်စုဘက် ဟုတ်လား။ ဘုရား ဘုရား ငါတို့နေတဲ့နေရာပေါ့"

ကြားလိုက်ရတဲ့စကားကြောင့် မိပုံ့ စိုးရိမ်စိတ်တွေ မြင့်တက်ပြီး ခြေတွေလက်တွေတောင် တဆတ်ဆတ်တုန်လာတယ်။ တစ်ကိုယ်လုံး ထူပူပြီး ခြေမကိုင်မိ လက်မကိုင်မိဖြစ်လို့။ မျက်နှာလည်း လှုလှုမထားနိုင်တော့သလို စက်လည်းထပ်မချုပ်ချင်တော့။ အနောက်စုဘက်ဆိုသေချာပြီ မိပုံ့တို့နေတဲ့နေရာပဲ။ ရပ်ကွက်က တစ်အိမ်နဲ့ တစ်အိမ် ဆက်နေတာ။ တစ်အိမ်လောင်ရင် အကုန်ပါမှာ သေချာတယ်။

ပြောပြောဆိုဆို စက်လိုင်းခေါင်းဆောင်ကိုတောင် ခွင့်မတောင်းဘဲ မိပုံ့ စက်ရုံအပြင်ဘက်ကို အလောတကြီးထွက်လာလိုက်တယ်။ အပြင်မှာ မီးသတ်ကားသံတွေကလည်း ပိုပြီး ဆူညံလို့။ အလိပ်လိပ်တက်နေတဲ့ မီးခိုးမည်းကြီးတွေကလည်း ကြောက်စရာအတိ။ အဝေးက မြင်တာနဲ့တင် မီးလောင်တာတော်တော်ကြီးတာကို ခန့်မှန်းလို့ရတယ်။

သေချာပါပြီ။ မိပုံ့နေတဲ့နေရာက စက်ရုံနဲ့ သိပ်မဝေးတာမို့ မြင်နေရတဲ့မီးခိုးလုံးကြီးကို ကြည့်ရတာ အခု မီးလောင်နေတဲ့နေရာက မိပုံ့တို့ ရပ်ကွက်ဆိုတာ သေချာသလောက်ရှိပြီ။

မိပုံ့ စိုးရိမ်ကြီးပြီး ရင်တွေတဒိန်းဒိန်းခုန်ကာ မျက်ရည်တွေ တလိမ့်လိမ့်စီးကျလာတယ်။ ခြေမကိုင်မိလက်မကိုင်မိနဲ့ မီးတွေကြားထဲ ထွက်မရ ပြုမရဖြစ်နေမယ့် အမေ့ပုံရိပ်တွေကိုမြင်ယောင်လာပြီး ထဘီကို တိုအောင်ပြင်ဝတ်ကာ မိပုံ့စက်ရုံထဲက အရူးတစ်ယောက်လို ပြေးထွက်ခဲ့တယ်။

စက်ရုံအပြင် ထွက်ခွင့်လက်မှတ်မပါဘဲ ပြေးထွက်ခဲ့တာကြောင့် လုံခြုံရေးဝန်ထမ်းတွေ မိပုံ့ကို ဝိုင်းအော်နေကြပေမယ့် မိပုံ့လှည့်ဖြေရှင်းဖို့ အချိန်မရှိပါဘူး။ ဖြစ်ချင်ရာဖြစ်ပါစေတော့။ ခုချိန်မှာ မိပုံ့အတွက် အရေးကြီးတာက အမေနဲ့ အမြန်တွေ့ရဖို့ပါပဲ။

တွေ့လိုက်ရတဲ့မြင်ကွင်းက မိပုံ့ရင်ကို စုံကန်လိုက်သလိုပါပဲ။

မနက်အလုပ်လာခဲ့စဉ်က မြင်ကွင်းနဲ့ လားလားမှမသက်ဆိုင်တော့တဲ့ ရပ်ကွက်လေးကိုကြည့်ပြီး မိပုံ့နေရာမှာတင် ခြေစုံရပ်ကာ ဆွံ့အသွားမိခဲ့တယ်။ တစ်ကိုယ်လုံး ထူပူပြီး ခေါင်းထဲ မိုက်ခနဲဖြစ်လာတာကြောင့် ယိုင်လဲမသွားဖို့ မနည်းအားတင်းထားရလေရဲ့။ ရင်အစုံတို့က ပွင့်ထွက်မတတ် တဒိန်းဒိန်းခုန်လို့။ ရှေ့ဆက်မြင်ရဦးမယ့် မြင်ကွင်းများကို စိတ်ကူးထဲ ပုံဖော်ကြည့်ရင်း မျက်စိအစုံကို အားပါးတရမှိတ်လိုက်တဲ့အခါ မျက်ရည်တို့က ပါးပြင်ပေါ်ကို ဒလဟောစီးကျလို့ လာပါတယ်။

မီးခိုးလုံးများ လွင့်ပျံ့နေတဲ့ ပတ်ဝန်းကျင်မှာ မိပုံ့အိမ် ဘယ်နေရာမှာရှိနေသည်ကို မိပုံ့ မခန့်မှန်းတတ်တော့။ အော်သူကအော် ငိုသူကငိုနဲ့ မီးသတ်ကားဥသြဆွဲသံတွေနဲ့အတူ ပတ်ဝန်းကျင်တစ်ခုလုံး သွေးပျက်ချင်စရာ ဆူညံလို့။

ချွေးတွေနဲ့စေးကပ်ပြီး မျက်နှာပေါ် အုပ်ကျနေတဲ့ နီကျင်ကျင်ဆံပင်တွေကို ခပ်ကြမ်းကြမ်းသပ်တင်ပြီး မီးခိုးလုံးတွေကြား ပြေးဝင်ခဲ့တယ်။

"အမေ.... အမေ... အမေ ဘယ်မှာလဲ... အမေ"

ဆူညံနေတဲ့ အသံတွေကြားမှာ မိပုံ့အသံက လည်ချောင်းကွဲမတတ် အော်နေပေမယ့် တိုးမပေါက်ပါဘူး။

"ကျွန်မအမေကို ကယ်ပေးပါရှင်... ကျွန်မ အိမ်သော့ကို ခတ်ခဲ့မိတယ်။ အမေ ထွက်လို့ရမှာမဟုတ်ဘူး။ အမေ့ကို ကယ်မှဖြစ်မယ် .... အမေ...အမေ..."

"စိတ်ကိုထိန်းပါ အစ်မ။ ကျွန်တော်တို့ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားနေကြပါတယ်"

မီးသတ်သမားတွေ ဝိုင်းဆွဲပြီးအားပေးကြပေမယ့် မိပုံ့စိတ်မအေးနိုင်။ အိမ်ရှိနိုင်မယ့်နေရာကိုခန့်မှန်းရင်း အရူးတစ်ယောက်လို ပတ်ပြေးနေမိပြန်တယ်။ ရင်ထဲမှာ စိုးရိမ်ခြင်း ဝမ်းနည်းခြင်းတို့နဲ့ ဆောက်တည်ရာမရ။ ပတ်ဝန်းကျင်မှ ငိုယိုသံ၊ ပြေးလွှားသံ၊ မီးသတ်ကားဥသြဆွဲသံတို့က မိပုံ့ကို မနေနိုင်အောင် နှိပ်စက်နေကြသလို။

ရပ်ကွက်က လူတွေအားလုံးကလည်း ငိုယိုသူက ငိုယို၊ ပစ္စည်းတွေ စိုးရိမ်တကြီး ရွှေ့သူကရွှေ့နဲ့ အလုပ်တွေရှုပ်ပြီး မိပုံ့ကိုလည်း ဘယ်သူမှအရေးမစိုက်အား။ ကိုယ်စီအပူတွေနဲ့မို့ အမေ့ကိုလည်း သော့ရိုက်ဖွင့်ပြီး ကယ်ပေးမယ့်သူ ဘယ်သူများ ရှိမှာလဲ။

ခုတော့ အမေ့ကိုသော့ခတ်ခဲ့သူ မိမိသာ တရားခံမို့ ယူကျုံးမရဖြစ်ပြီး ရင်အစုံကို ထု၍သာ နေရာမှာ ဆောင့်ကြောင့်ထိုင်ချလို့ လူးလိမ့်ကာ ငိုမိပါတော့တယ်။

မိပုံ့ငိုနေရင်းက မျက်ရည်တွေကြားထဲ မပြီပြင်ဝိုးတဝါးဝင်ရောက်လာတဲ့ မြင်ကွင်းတစ်ခုကြောင့် မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်လိုက်ပီး ထိုင်နေရာမှ ကမန်းကတန်း ထရပ်လိုက်တယ်။ အဲဒီနောက် မီးခိုးလုံးကြီးတွေကြား မီးသတ်သားတစ်ဦး ဒယိမ်းဒယိုင်ထမ်းလာတဲ့ လူတစ်ဦးကို မြင်လိုက်တဲ့အခါ မိပုံ့ရင်ခုန်သံတွေ တဒိန်းဒိန်း ဖြစ်သွားတယ်။

အမေများ ဖြစ်လေမလားဆိုတဲ့ စိတ်နဲ့ လာနေတဲ့သူဆီ အပြေးတပိုင်းသွားလိုက်မိတယ်။ အဲဒီနောက် ဆူညံနေတဲ့ ပတ်ဝန်းကျင်မှာ ထိုးဖောက်ဝင်လာတဲ့ အသံတစ်ခုကြောင့် မိပုံ့ မျက်ရည်တွေ ဒလဟော စီးကျလို့လာပါတော့တယ်။

"အမေ.... အမေ.... အမေ မသေဘူး... အမေရေ...အမေ..."

"မိပုံ့ရယ်...ငါ့ကိုကယ်ပါ....ငါကြောက်တယ်...မီးတွေ..မီးတွေ.."

မီးသတ်သမားကို အတင်းဖက်ထားရင်း မိမိကိုတမ်းတနေတဲ့ အမေ့ကိုမြင်တော့ မိပုံ့ ပျော်သလို အလွန်တရာ စိတ်မကောင်းဖြစ်သွားခဲ့တယ်။ အမေဘယ်လောက်များ ကြောက်နေသည်မသိ။ အသားတွေ တဆတ်ဆတ်တုန်လို့၊ မျက်နှာတစ်ခုလုံးလည်း မီးခိုးငွေ့တွေကြောင့် မည်းနေပြီး ဆံပင်တွေလည်း ဖွာလန်ကြဲလျက်။

မိပုံ့ စိတ်မကောင်းခြင်းများစွာနဲ့အတူ မီးသတ်သမားလက်ထဲက အမေ့ကိုဆွဲယူပြီး အားပါးတရပွေ့ဖက်လိုက်မိတယ်။ အမေက အသားတွေ တဆတ်ဆတ်တုန်ရင်း မိပုံ့ရင်ခွင်ထဲမှာ ကလေးငယ်တစ်ဦးလို တရှုပ်ရှုပ် ငိုလို့။

"အမေရယ် သမီးကိုခွင့်လွှတ်ပါ။ အမေ့ကို သော့ခတ်ပြီး ပိတ်လှောင်ထားခဲ့မိတဲ့ သမီးကို ခွင့်လွှတ်ပါ အမေရယ်။ သမီး တောင်းပန်ပါတယ်။ အမေမရှိတော့ဘူးလို့ စိတ်ထဲက တွေးရုံနဲ့တင် သမီး ကမ္ဘာပျက်မတတ် ခံစားရတာကို နားလည်ပါပြီ အမေ။ အမေ့တန်ဖိုးကို သမီးသိပါပြီအမေ။ ဒီနေ့က စပြီး သမီးအမေ့ကို ပျော်အောင်ထားပါတော့မယ်။ သမီးဘဝမှာ ဘာမှမလိုအပ်ပါဘူး သမီးဘေးမှာ အမေရှိနေရင် လုံလောက်ပါပီ အမေရယ်"

မိပုံ့ ပြောပြောဆိုဆို အမေ့ခန္ဓာကိုယ်သေးသေးလေးကို ရှိသမျှအားနဲ့ အတင်းပွေ့ဖက်လိုက်တယ်။ မီးတွေ ငြိမ်းသွားတဲ့အချိန်မှာတော့ မိပုံ့တို့ အိမ်လေးလည်း ပြာဖြစ်သွားခဲ့ပြီ။

စိတ်မကောင်းပေမယ့် မိပုံ့မနှမြောတော့။ အရာအားလုံးဆုံးရှုံးပါစေ။ အမေရှိနေသေးတယ်ဆိုတဲ့ အသိနဲ့တင် ရှေ့သို့ဆက်လျှောက်ဖို့အတွက် မိပုံ့ လုံလောက်ပါပြီ.....။

ကြေးမုံ
အထူးကဏ္ဍ

# စာပေအနုပညာရဲ့ စွမ်းအား

ဆောင်းပါး

မောင်ထက်ဝေ(ငှါတရော်)

"ပစ္စည်းပစ္စယလေးတစ်ခုကို လမ်းမှာတွေ့တဲ့အခါ ကောက်ထားလိုက်ပါ နှစ်နှစ်အတွင်း အသုံးဝင်လာပါလိမ့်မယ်"တဲ့။

ဒီစကားလေးဟာ ကျွန်တော့်ဦးလေး ဦးကျော်တင့်က ကျွန်တော့်ကို ပြောပြတဲ့စကားလေးပါ။ ဦးလေး ဦးကျော်တင့်ဆိုတာ အသက် ၇၀ ကျော်ပါပြီ။ ဒါပေမယ့် စာသိပ်ဖတ်တယ်။ အားလပ်တဲ့အချိန်တိုင်းမှာ စာအုပ်တကိုင်ကိုင်နဲ့ စာဖတ်နေလေ့ရှိတယ်။ သူ့မှာ အကျင့်တစ်ခုရှိတယ်။ အဲဒါကတော့ ထမင်းစားရင် စာအုပ်ကို ရှေ့မှာချထားပြီး စာဖတ်လေ့ရှိတဲ့ အကျင့်လေးပါပဲ။

ထမင်းစားတာလား၊ စာစားတာလားလို့ကို မေးယူရလောက်အောင်ပါပဲ။ ဦးလေးကျော်တင့်ဟာ ကျွန်တော်နဲ့တွေ့ပြီဆိုရင် စာကြောင်းပေကြောင်းတွေကို မနားတမ်းပြောလေ့ရှိတယ်။ စာကလည်း စုံအောင်ဖတ်ထားတဲ့သူဆိုတော့ ဘယ်အကြောင်းအရာပြောပြော သူမသိတာ မရှိသလောက်ပါပဲ။

သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ဆိုရင် ကျွန်တော်က အပြောသမားဖြစ်ပေမယ့် ဦးလေးနဲ့တွေ့ရင် ကျွန်တော်က နားထောင်သူ ဖြစ်နေခဲ့တယ်။ ကျွန်တော်ကလည်း နားထောင်ခွင့်ရတာကိုပဲ ကျေးဇူးတင်နေမိပါတယ်။

ခုလည်း ဦးလေးပြောလိုက်တဲ့ "ပစ္စည်းပစ္စယလေးတစ်ခုကို လမ်းမှာတွေ့တဲ့အခါ ကောက်ထားလိုက်ပါ နှစ်နှစ်အတွင်း အသုံးဝင်လာပါလိမ့်မယ်"ဆိုတဲ့ စကားလေးကို ကျွန်တော်အင်မတန်မှ ကြိုက်နှစ်သက်မိပါတယ်။

ဒီစာသားလေးကို ကျွန်တော် ကြိုက်နှစ်သက်မိကြောင်း ဦးလေးကျော်တင့်ကို ပြောပြတော့ ဒီစာသားလေးဟာ ကမ္ဘာကျော်အဆိုအမိန့်လေးတစ်ခုလို့ ဆိုပါတယ်။

ဖတ်ထားတာ နှစ်တွေကြာတဲ့အခါ ရေးသူကိုလည်း မမှတ်မိတော့သလို၊ စာသားလေးကိုလည်း သဘောတရားလောက်သာသိတော့တယ်လို့ ဆိုပြန်ပါတယ်။

ဒီစာသားလေးကို ဦးလေးကျော်တင့်က ကျွန်တော့်ကို ပြောပြလို့ ကြားသိရတဲ့အခါ (ကျွန်တော့်အဖေရဲ့အဖေ) ကျွန်တော့်အဖေကြီး ဦးအောင်ကြည်ကို သတိရမိပါတယ်။

အဖေကြီးဟာ လမ်းမှာ ကြေးနန်းလေးတစ်ချောင်းကို တွေ့တာပဲဖြစ်ဖြစ်၊ သံချောင်းလေးတစ်ချောင်းကို တွေ့တာပဲဖြစ်ဖြစ် ကောက်ယူပြီး သိမ်းဆည်းထားလေ့ရှိပါတယ်။ အဲဒီလို ကောက်ယူသိမ်းဆည်းထားတာလေးတွေကို အမေကြီးကမြင်တဲ့အခါ "ကိုအောင်ကြည်ရယ်... ရှင်ကလည်း လမ်းမှာဘာတွေ့တွေ့ ကောက်လာတာပဲနော်"လို့ ပြောလေ့ရှိပါတယ်။

အဲဒီလိုပြောတဲ့အခါ အဖေကြီးကလည်း "ဒေါ်ကြည်ရယ်... နောက် ကိုယ်လိုအပ်လာတဲ့အခါ သုံးလို့ရတာပေါ့"လို့ ဆိုပါတယ်။

အဖေကြီးပြောတာမှန်ပါတယ်။ နောက် တကယ်လိုအပ်လာတဲ့အခါကျတော့ အဖေကြီး ကောက်ယူသိမ်းဆည်းထားတဲ့ ပစ္စည်းပစ္စယလေးတွေဟာ အသုံးဝင်လာတာကို တွေ့ရပါတယ်။

ကျွန်တော်က စာပေသမားဖြစ်လေတော့ ဦးလေးကျော်တင့်ပြောတဲ့ "ပစ္စည်းပစ္စယလေးတစ်ခုကို လမ်းမှာတွေ့တဲ့အခါ ကောက်ယူသိမ်းဆည်းထားလိုက်ပါ နှစ်နှစ်အတွင်း အသုံးဝင်လာပါလိမ့်မယ်"ဆိုတဲ့ စကားလေးကို စာပေနဲ့ဆက်စပ်လို့ တွေးတောနေမိပါတယ်။

ကျွန်တော်တွေးတောနေမိတာက ဒီလိုပါ။

"စာကြောင်းလေးတစ်ကြောင်းကို တွေ့တဲ့အခါ၊ စာအုပ်တစ်အုပ်ကိုတွေ့တဲ့အခါ ဖတ်ထား၊ မှတ်ထားလိုက်မယ်ဆိုရင် နှစ်နှစ်အတွင်းမှာ အသုံးဝင်လာနိုင်တယ်"လို့ တွေးနေမိပါတယ်။

ဒီလိုပြောတော့ စာဖတ်သူတွေက "မောင်ထက်ဝေရာ ဒီလို တစ်ထစ်ချကြီးပြောလို့ မရနိုင်ပါဘူးကွာ"လို့ ဆိုချင်ဆိုကြပါလိမ့်မယ်။

ဒါပေမယ့် စာအုပ်တစ်အုပ်ကို နှလုံးသားထဲထိရောက်အောင်၊ ဦးနှောက်ထဲထိရောက်အောင် ဖတ်မှတ်ထားမယ်ဆိုရင် နှစ်နှစ်အတွင်း မဟုတ်ရင်တောင်မှ တစ်ချိန်ချိန်တော့ အသုံးဝင်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်နေမိပါတယ်။

ဖတ်ကြည့်ပါ။

ဒီစာအုပ်ကလေး ဘယ်နေရာမှာတော့ အသုံးဝင်လောက်ကောင်းပါရဲ့လို့ မတွေးပါနဲ့။ သိချင်တဲ့ဆန္ဒနဲ့သာဖတ်ပါ တစ်ချိန်ချိန်မှာတော့ သေချာပေါက် အသုံးဝင်လာပါလိမ့်မယ်။

ဒီနေရာမှာ ဆရာကြီး လယ်တွင်းသားစောချစ်ရဲ့ စာပေဟောပြောပွဲတစ်ခုမှာ ဆရာကြီး ပြောသွားတာလေးကို အမှတ်ရမိပါတယ်။

ကျောင်းပိတ်ရက် တစ်ရက်မှာ ဆရာကြီးတို့မိသားစု ထမင်းလက်ဆုံစားကြတယ်။ ထမင်းလက်ဆုံစားကြရင်းနဲ့ စကားစမြည်ပြောကြတယ်တဲ့။

ဒီလိုပဲ စကားစမြည်ပြောလိုက်ကျ၊ ထမင်းစားလိုက်ကျနဲ့ ဆရာကြီးရဲ့သားဟာ ထမင်းစားရင်းနဲ့ စကားလုပြောလိုက်တဲ့အခါမှာ စကားသာပြောနေတယ် အသံက ထွက်မလာတော့ဘူးတဲ့။

ဒါနဲ့ ဆရာကြီးက သူ့သားရဲ့အနားကို ကပျာကယာနဲ့သွားပြီး... ဂျိုင်းအောက်ကနေ သိုင်းဖက်ပြီးတော့ ဆွဲမလိုက်တော့မှ "အင့်"ဆိုတဲ့ အသံထွက်လာပြီး စကားပြောနိုင်တယ်လို့ ဆိုပါတယ်။

အဲဒီတော့မှ ဆရာကြီးရဲ့သားက "အဖေကယ်လို့ပေါ့ နို့မို့ဆို သားသေလောက်တယ်လို့" ပြောပါသတဲ့။ ထမင်းစားရင်း စကားပြောလိုက်တော့ အစာလမ်းကြောင်းလွဲသွားတယ်လို့ ဆိုပါတယ်။

အဲဒီအချိန်မှာ ဆရာကြီးတို့ရဲ့မိသားစုကို ဆရာကြီးဖတ်ထားတဲ့ စာလေးတစ်ကြောင်းက ကယ်တင်လိုက်တယ်လို့ ဆရာကြီးက ဆိုပါတယ်။

အလားတူ ဖြစ်ရပ်မျိုးတွေ များစွာ တွေ့ဖူး ကြုံဖူးပါတယ်။ ဒီလို အလားတူ ဖြစ်ရပ်များစွာထဲက ကျွန်တော့်ရဲ့ကိုယ်တွေ့ဖြစ်ရပ်ကလေးတစ်ခုကို တင်ပြလိုပါတယ်။

ကျွန်တော့် ညီလေးတစ်ယောက် အကြောင်းပါ။ သူက သူတို့အိမ်ဘေးက အိမ်တစ်အိမ်နဲ့ ပြဿနာတက်ပါတယ်။ လမ်းမြေ ပြဿနာနဲ့ပတ်သက်လို့ပါ။

သူက သူ့အိမ်အပေါက်ဝက နွားချည်တိုင်မှာ နွားကို ကြိုးနဲ့ချည်ထားတာကို တစ်ဖက်အိမ်ကလူက အရက်မူးပြီး "ဒီနေရာမှာ နွားမချည်နဲ့ သူ့အိမ်က အဝင်အထွက် အသွားအလာတွေနဲ့ မလွတ်လို့"လို့ ဆိုပါသတဲ့။

"အမှန်က ဟိုးအရင်ကတည်းက ဒီနေရာမှာ အမြဲတမ်း နွားချည်နေတာပါဗျာ ခုမှလာပြီး သက်သက်ရစ်နေတာ ကျွန်တော်တို့က နွားမွေးပြီး စီးပွားရေးအဆင်ပြေနေတော့ မနာလိုဖြစ်နေပုံရပါတယ်"လို့ ကျွန်တော့်ညီလေးက ကျွန်တော့်ကို ပြောပြပါတယ်။

ဒီလိုနဲ့ ကျွန်တော့်ညီလေးရဲ့အဖေကလည်း မူးနေတော့ ချည်တော့ ဘာဖြစ်သလဲ၊ ညာဖြစ်သလဲနဲ့ ပြဿနာတက်မယ့် အနေအထားတစ်ခုမှာ ရောက်လို့နေပါတယ်။

ဒီမြင်ကွင်းကိုမြင်တဲ့ ကျွန်တော့်ညီလေးဟာ သူ့အဖေနဲ့ တစ်ဖက်အိမ်ကလူနဲ့ ကြားကို ဝင်သွားလိုက်ပြီးတော့......

"ဦးလေး ပြောတာမှန်တယ်၊ ဦးလေးက နွားကို ဒီနေရာမှာမချည်စေချင်ဘူးဆိုရင် ရွှေ့ချည်ပေးပါမယ်... အဖေလည်းလာ...သွားစို့"ဆိုပြီး သူ့အဖေကို အိမ်ထဲကို ဆွဲခေါ်သွားပါတယ်။

ဒီမြင်ကွင်းကို ကျွန်တော့်မျက်စိနဲ့ မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတော့ ကျွန်တော့်ညီလေးကို မလေးစားဘဲ မနေနိုင်အောင်ဖြစ်မိပါတယ်။

မလေးစားဘဲ မနေနိုင်ဆို ဒီကောင်လေးက စိတ်သိပ်ဆတ်တယ်။ မဟုတ်မခံစိတ်ကလေးနဲ့ သူမှန်တယ်ထင်ရင် လူတစ်ယောက်ကို ထရိုက်ဖို့ ဝင်လေးနေတဲ့သူတစ်ယောက် မဟုတ်ဘူး။

ဒီအဖြစ်အပျက်ကလေးနဲ့ ကြုံတွေ့ပြီး သိပ်မကြာခင်မှာပဲ စကားစမြည်ပြောဖြစ်ကြတော့ ပြဿနာတက်တဲ့ နေ့ကအကြောင်းအရာလေးကို ပြောပြမိတယ်။ သူ့ကို လေးစားမိတဲ့ အကြောင်းတွေပါ။

ဒီတော့မှ သူက ပြောပြလာပါတယ်။ အရင်စိတ်နဲ့ဆိုရင် ကျွန်တော်တို့ ပြဿနာမသေးလောက်ဘူးဗျ။

ဒါပေမယ့် ကျွန်တော်က အဲဒီရက်ပိုင်းက စာကြည့်တိုက်ကနေ ဆရာတော် ဦးဇောတိက(မဟာမြိုင်)ရဲ့ "သတိနဲ့ ပြောပါ၊ ဒေါသကို နားလည်ပါ၊ အလုပ်တွင် မွေ့လျော်ခြင်း"ဆိုတဲ့ စာအုပ်ကလေးကို ငှားဖတ်နေတာ။

အမှန်အတိုင်းပြောရမယ်ဆိုရင် ဆရာတော်ရဲ့ စာအုပ်ကလေးက ကျွန်တော့်ကို ကယ်တင်လိုက်တာပဲလို့ ဆိုရမယ်ထင်တယ်ဗျ။ အဲဒီထဲက ဘယ်စာကြောင်းက ကယ်သလဲဆိုတာကို ကျွန်တော်မသိပေမယ့်...ဖြစ်လာမယ့် ပြဿနာရဲ့ရှေ့ပြေးနိမိတ်တွေက ရုပ်ရှင်အနေးပြကွက်ပြနေသလို မျက်စိထဲမှာလာပေါ်နေတယ်ဗျ။

တစ်ဖက်အိမ်က ဦးလေးနဲ့ အဖေနဲ့ စကားတွေ အချေအတင်ပြောနေတဲ့အချိန်မှာ ကျွန်တော်ကသာ သွားပြီး "ခင်ဗျား ဘာစကားတွေလာပြောနေတာလဲဆိုပြီး တစ်ဖက်အိမ်က ဦးလေးကို တွန်းလှဲလိုက်မယ်ဆိုရင်... သူ့သားတွေကလည်း နေမှာမဟုတ်ဘူးဗျ... တုတ်ဆွဲ၊ ဓားဆွဲနဲ့ ရန်တွေဖြစ်ကြရင်းက တစ်ဖက်လူကို ကိုယ်ကလုပ်လိုက်ရင်လည်း မကောင်းသလို၊ ကိုယ်ကခံရရင်လည်း မကောင်းဘူး။ အဲဒါကြောင့် ကျွန်တော်လည်း အကောင်းဆုံး နည်းလမ်းကို ရွေးလိုက်တာပါပဲ။ ဆရာတော်ရဲ့စာအုပ်ကို ဖတ်ထားတဲ့အတွက်ကြောင့် စိတ်က အေးချမ်းနေတဲ့အခါ ဖြစ်လာတဲ့ပြဿနာကို အကောင်းဆုံးနည်းနဲ့ ဖြေရှင်းနိုင်ခဲ့တယ်လို့ ဆိုရမှာပါပဲ"လို့ သူက ပြောပါတယ်။

အဲဒီတော့မှ ကျွန်တော်က မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ" "တရားနဲ့နေတဲ့သူကို တရားက ပြန်စောင့်ရှောက်တယ်" ဆိုတာ ဒါကို ပြောတာဖြစ်လိမ့်မယ်လို့ တွေးမိပါတယ်။

လူတွေတော်တော်များများက တရားနဲ့နေတဲ့သူကို တရားက စောင့်ရှောက်တယ်ဆိုတော့ ဒုက္ခရောက်နေတဲ့အချိန်မှာ ဟိုက်ချလောင်းဆိုပြီး ကယ်တင်လိုက်တယ်လို့ ထင်နေကြပုံရပါတယ်။

ကျွန်တော့်အမြင်ကတော့ တရားနဲ့နေတဲ့လူကို တရားက စောင့်ရှောက်တယ်ဆိုတာ အရေးကြုံလာတဲ့အခါ ကိုယ်ဖတ်ထားတဲ့စာလေး ကိုယ်သိထားတဲ့အသိတရားက မဖြစ်သင့်တာမဖြစ်ရအောင် ထိန်းထိန်းသိမ်းသိမ်းနဲ့ နေလိုက်တာကို ပြောတာဖြစ်မယ်လို့ တွေးမိပါတယ်။

ဒါကြောင့် "စာကြောင်းတစ်ကြောင်း(သို့) စာအုပ်တစ်အုပ်ကို တွေ့တဲ့အခါဖတ်ထားလိုက်ပါ နှစ်နှစ်အတွင်း အသုံးဝင်လာပါလိမ့်မယ်"လို့ ပြောခြင်းဖြစ်ပါတယ်။

နှစ်နှစ်အတွင်း အသုံးမဝင်ဘူးဆိုရင်တောင်မှ အရေးကြုံလာတဲ့အခါ ကိုယ်ဖတ်ထားတဲ့ စာပေအသိလေးတွေက ကိုယ့်ကိုစောင့်ရှောက်လာပါလိမ့်မယ်လို့ စေတနာကောင်းနဲ့ အကြံပြုလိုက်ရပါတယ်။ ။

## တောအလှဆည်းဆာ

ကျေးလက်ရွာ သဘာဝရယ်နှင့်
ဆည်းဆာလှ ရွာအဝင်။
နေညိုချိန် ရောင်နီသန်းပါလို့
လှည်းတန်းကိုမြင်။
နွားစုံဖက် မောင်းကာနှင်
ချူသံလွင် သုတ်ခြေလှမ်း။
အိမ်သူခင် မျှော်နေရော့မယ်
(အလိုဗျာ)
မော့မော့ပြန်လမ်း။

နေမင်းနွယ် (ရွှေညောင်မြေ)

## ကျောင်းဖွင့်ချိန်

စိန်ပန်းနီနီ ညီစွာပွင့်လို့
ကျောင်းဖွင့်ချိန်လေး ရောက်ပြီကွယ်။
အစိမ်းအဖြူ ဝတ်စုံလေးနဲ့
အပြေးအလွှား ကျောင်းသွားမယ်။
လွယ်အိတ်ကိုလေ ဘေးမှာချလို့
သင်ပြသမျှ မှတ်လို့ရယ်။
ဆရာ ဆရာမတွေ ပြောစကားကို
အမြဲမှတ်သား လိုက်နာကွယ်။
အိမ်ပြန်ရောက်ရင် မောင်မပျင်းနဲ့
စာကျက်ရင်းနဲ့ ပျော်ရမယ်။
ပျော်မယ် ပျော်မယ်။

ဆွေချစ်မင်း

## မိုးဦးဝသန်

ပျိုးဦးချရန် မိုးဝသန်
ဖြိုးရန်အကြောင်းသင့်။
အပူဒဏ်မှ သက်သာရ
ရွာချလိုက်ပါရှင့်။
နွေတစ်ခုလုံး ရွက်ကတုံး
မိုးသုံးထွက်ချင်ချင့်။
မြေသင်းပျံ့ပျံ့ မိုးအနံ့
သွန်းဖြန့်သွန်စေလင့်။
မိုးကြိုပန်းတွေ ပွင့်ဝေဝေ
မြင်လေရာရာပွင့်။
စိန်ပန်းနီလည်း မြေမှာကျဲ
နီရဲတလွင့်လွင့်။
ဇွန်နှင့်စံပယ် အဖူးသွယ်
မြူးတယ်မိုးရေနှင့်။
မြစ်ချောင်းအင်းအိုင် လှိုင်းလှိုင်လှိုင်
ကမ်းစိုင်ရေနီးရှင့်။
ငါးတန်၊ ငါးမြင်း၊ ငါးပွတင်း
သောင်ရင်းခုန်ပျံဆင့်။
ဝါဆိုဝါခေါင် ရေဖောင်ဖောင်
တိမ်တောင်တလွင့်လွင့်။

လင်းဝင့်မြူ(ပြင်ဦးလွင်)

ဝတ္ထုတို

## ■ နှင်းဝေဝေ(ပွင့်ဖြူ)



**အခန်း(၁)**

သင်္ကြန်ပြီးခါစ နှစ်ဆန်း နှစ်ရက်နေ့၏ နေသည် ထွက်စကတည်းကပင် ပူလှချေသည်။ နေမြင့်သည်နှင့်အမျှ အပူကလည်း တိုး၍ တိုး၍သာ။ ပဲတီစိမ်းခင်းထဲတွင် ပဲသီးခူးဆွတ်နေရင်းမှပင် ဒေါ်အေးရီ၏ စိတ်တို့သည် ဂနာမငြိမ် ။ နှစ်စဉ် ဒီရက်ရောက်တိုင်း ဒေါ်အေးရီ ဂနာမငြိမ်ဖြစ်ရသည်မှာ ကိုးနှစ်တိုင်ခဲ့ပြီ။ ခေါင်းပေါ်က ပူသည်ကတစ်မျိုး၊ ပဲပင်တွေကြောင့် ယားယံတာကတစ်မျိုးနှင့် ပူစပ်ပူလောင်ကြီးဖြစ်နေ၏။ ထို့အတူ သူ့စိတ်ထဲတွင်လည်း ပူစပ်ပူလောင်ကြီးဖြစ်နေကာ ရွာအဝင်လမ်းမသို့သာ တမျှော်မျှော် ကြည့်နေမိလေသည် ။

“စိတ်ဖြောင့်ဖြောင့်လုပ်စမ်းပါ ဒေါ်အေးရီရာ၊ ခင်ဗျားသမီး ဒီနှစ် ကိုးတန်းကတော့ သေချာပေါက်အောင်မှာပါဗျ” ပဲခင်းပိုင်ရှင် ကိုအောင်မင်းက သူ့ကိုကြည့်ကာ စိတ်မသက်မသာ ရှိပုံရသည်။

“အောင်မှာလို့တော့ ထင်ရတာပါပဲ မောင်အောင်မင်းရယ်၊ ဒါပေမယ့် အပ်ကျမပ်ကျသိရမှပဲ စိတ်ဖြောင့်နိုင်မှာပါ၊ အောင်စာရင်းထွက်မယ့် ဒီလိုရက်တွေ ရောက်တိုင်း ငါ့ရင် တွေ ပူနေတာချည်းပဲ၊ တစ်နှစ်တစ်တန်း အောင်မှကိုဖြစ်မှာ၊ မရှိတဲ့ကြားက ဖျစ်ညှစ်ထားရတာ၊ ကျလို့မဖြစ်ဘူး”

“ခင်ဗျားတို့ သားအမိကလည်းဗျာ မင်းကတော် ဝတ္ထုထဲကလိုပဲ၊ ခင်ဗျားသမီးကို မင်းကတော်ဖြစ်မယ်လို့များ ဗေဒင်က ဟောထားလို့လား”

“အဲဒီလိုတော့ မဟောပါဘူးဟယ်၊ ဒါပေမယ့် ငါ့သမီးသာ ပညာတွေတတ် မင်းကတော်ကြီး ဖြစ်လို့ကတော့ ငါဘယ်လိုနေရ နေရ၊ ဘာပဲလုပ်ရလုပ်ရ လုပ်မှာပဲ၊ ဒါပေမယ့် ခုလောလောဆယ်တော့ ကိုးတန်းပြီးလို့ ဆယ်တန်းအောင်ရင်ပဲ အလုံးကြီးကျပါပြီ” ပြောသည့်အတိုင်းပင်၊ သမီးကျောင်းစရိတ်အတွက် ဒေါ်အေးရီမှာ နေပူ မိုးရွာမရှောင်၊ အခါကြီး ရက်ကြီးပင်မနား၊ ကိုအောင်မင်းတို့အိမ်တွင် နေ့စားကူလီ လုပ်ကိုင်ရ၏။ သမီးအား သူလို စာမတတ် ပေမတတ် သူများခိုင်းဖတ် မဖြစ်စေချင်။ အများပြောစကားအရ ဆယ်တန်းသာ အောင်ဖို့ခက်ခဲသည်၊ ထိုအတန်းလွန်မြောက်လျှင် အောင်ဖို့လွယ်သည်ဟူသောကြောင့် သူ့စိတ်တွင် သမီးဖြစ်သူ ဆယ်တန်းအောင်မြင်ရေးသာ စိုးမိုးနေတော့သည်။

သမီးလေး ငါးနှစ်သမီးတွင် လင်ဖြစ်သူ ပိုးထိသေဆုံးခဲ့ရ၍ မအေးရီမှာ မုဆိုးမအဖြစ်စောခဲ့ရသည်။ ဝန်းကျင်မှ တစ်ပင်လဲမှုတစ်ပင်ထူရန် ဆိုကြသော်လည်း သမီးသည်သာ သူ့ဘဝဟု မှတ်ယူခဲ့လေသည်။ ယောက်ျားဘက်မှ အမွေရသည့် လက်ရှိနေထိုင်သော ရွာထိပ်ရှိ ခြံမြေကွက်လေးရှိနေ၍သာ တော်သေး၏။ ခြံမှ ရသမျှသည်လည်း သမီးကျောင်းစရိတ်ဖြင့် ကုန်လေသည်။

သမီး အတန်းငယ်စဉ်က ခြံထွက်သီးနှံလေးများဖြင့် ကျောင်းစရိတ် လောက်ငသော်လည်း အတန်းကြီးလာလေ၊ ကျောင်းစရိတ်က ကြီးလာလေ။ ထို့ကြောင့် ကျောင်းစရိတ်အပြင် ဝမ်းနှစ်ထွာ ကိုယ်နှစ်ခု၏ စားဝတ်နေရေး အဆင်ပြေစေရန် အိမ်နီးချင်း ကိုအောင်မင်း၏အိမ်တွင် နေ့စားကူလီ လုပ်ကိုင်ရတော့သည်။ သို့သော်လည်း အိုးပိုင်အိမ်ပိုင် ခြံပိုင်လေးဖြင့် ဣန္ဒြေမပျက်နေနိုင်သော သူတို့သားအမိအား မည်သူကမျှ လက်လွတ်စပယ် မဆက်ဆံဝံ့ခဲ့ကြချေ။

သူ့ခြံလေးသည် ခြံမြေအနေအထားလေးက မဆိုးလှသော်လည်း မုဆိုးမသားအမိမို့ ထုထုအင်အင်ရရှိအောင် မစွမ်းဆောင်နိုင်။ ငွေကြေးအင်အား၊ လုပ်သားအင်အား တတ်နိုင်သူ မောင်အောင်မင်းတို့ခြံကား ကွမ်းခြံကြီးနှင့် ဖြစ်ထွန်းလှသည်။ ရှိသမျှ မြေကွက်တိုင်းအား နှစ်ပတ်လည် အလွတ်မထား။ ယခုလို နွေရာသီမှာပင် မြေအောက်ရေဖြင့်စိုက်သော ပဲတီစိမ်းခင်းများက တစ်မျှော်တစ်ခေါ်။ သူတို့ခြံလေးမှာကား ဆောင်းသီးနှံအဖြစ် ပဲလေး၊ နှမ်းလေးသာ ကြဲပက်စိုက်ပျိုးနိုင်၍ တစ်နှစ် တစ်သီးသာ စားရသည်။ ဒေါ်အေးရီ၏ ဒုတိယအိပ်မက်တစ်ခုမှာ သမီးကျောင်းကိစ္စတွေက ကင်းလွတ်သော တစ်နေ့ သူ့ခြံလေးအား ထိုကဲ့သို့ ကွမ်းခြံကြီးဖြစ်အောင် စိုက်၍ အေးချမ်းစွာ နေနိုင်အောင် ကြိုးပမ်းရမည်ဟု စိတ်ကူးယဉ်မိလေသည် ။

**အခန်း(၂)**

“သမီးရေ ...သမီး ပြန်ရောက်ပြီလား အောင်ရဲ့လားဟဲ့၊ သမီး...ဟဲ့ ကောင်မလေး ထစမ်း၊ အောင်ရော အောင်ရဲ့လားဟဲ့”

“ဟာဗျာ...အမေကလည်း ဘာမှန်း မသိဘူး၊ အိပ်နေတာကိုဗျာ”

“ဟဲ့ အောင်ရဲ့လား မေးနေတာလေ”

“အောင်သားပဲ၊ အောင်တယ် အောင်တယ် ကဲ... အောင်တော့ရော အမေက မြို့က ဘော်ဒါမှာ ထားနိုင်လို့လား၊ ရွာကနေ မြို့ကျောင်းကို နေ့စဉ်နဲ့အမျှ သူများဆိုင်ကယ်နောက် လိုက်မစီးချင်တော့ဘူး အမေရာ၊ ပြီးတော့ သမီးလိုက်စီးနေကျ သူငယ်ချင်း မွှေးမွှေးတို့က ရန်ကုန်ကို ပြောင်းကြမှာတဲ့ အမေရဲ့” သမီး၏ စကားကြောင့် ဒေါ်အေးရီ တွေဝေသွားရပြန်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ သူတို့ရွာလေးက အလယ်တန်းအထိသာရှိသည်။ ပြီးခဲ့သည့် ကိုးတန်းတစ်နှစ်လုံးတွင် သမီးဖြစ်သူနှင့် အတန်းတူ အဖော်နှစ်ယောက်မှာ ဆိုင်ကယ်ကိုယ်စီဖြင့် နေ့စဉ် အိမ်မှ ကြိုပို့လုပ်နိုင်သည်။ သမီးက သူငယ်ချင်းအိမ်မှ ဆိုင်ကယ်နောက်တွင် ကပ်လိုက်စီးရသည်မို့ သူများအရိပ်အကဲကို အမြဲကြည့်နေခဲ့ရသည်။

“ကဲပါလေ တစ်နည်းနည်းနဲ့တော့ တက်ရမှာပါ၊ အမေ ပဲခြောက်တွေ သွားလှန်းပေးရဦးမှာ၊ သမီးအတွက် မောင်အောင်မင်းရဲ့သား ကိုဖြိုးဆီက ဆယ်တန်းစာအုပ် အဟောင်းတွေ အမေ တောင်းပေးမယ်နော်၊ ကိုဖြိုးက မနှစ်ကမှ အောင်တာဆိုတော့ စာအုပ်တွေရှိဦးမှာပါ” တစ်ဖက်သို့ လှည့်သွားသည့် သမီး၏ နဖူးဆံစကို ဖွဖွသပ်တင်ပေးပြီး ပဲတောင့်များ နေလှန်းပေးရန် တလင်းပြင်သို့ ထွက်လာခဲ့သည်။ သမီးဖြစ်သူ တစ်ဆင့်အောင်မြင်ပြီဖြစ်၍ မွန်းတည့်နေသည်လည်း မနက်ကလောက် မပူတော့ဟု သူ့စိတ်ဝယ် ထင်မိလေသည်။

**အခန်း(၃)**

“မောင်အောင်မင်းရေ၊ စိန်စိန်ရေ ကွမ်းရွက်တွေ အကုန်အပြီးသတ်ခဲ့ပြီ၊ ပြန်တော့မယ်နော်”

“ဟော...ဒေါ်အေးရီ ပြန်တော့မလို့လား၊ လာပါဦး စကားလေး ဘာလေး ပြောရအောင်” နှစ်ထပ်တိုက်အိမ်အောက်ထပ်ဝယ် တီဗွီကြည့်နေသော ကိုအောင်မင်းတို့ လင်မယားက လှမ်းခေါ်သဖြင့် ဝင်လာခဲ့လိုက်သည် ။

“ထိုင်ပါဦး မမအေးရီရဲ့ ဟင်းအကျန်လေးတွေ ထည့်ပေးလိုက်ဦးမယ်၊ ယူသွားသိလား”

“အေးပါ ပေးတော့လည်း ယူရတာပေါ့၊ ဒါနဲ့ ကိုဖြိုးလေး မင်းမှာ ဆယ်တန်းစာအုပ်တွေရှိသေးရင် ဒေါ်ကြီးသမီးဖို့ ပေးစမ်းပါကွယ်” တစ်လက်စတည်း စကားစပ်မိခိုက် သမီးအတွက် စာအုပ်တောင်းထားလိုက်သော် ကိုအောင်မင်း၏ ဇနီး စိန်စိန်က

“အော် ရှိသေးတယ်လေ သား အပေါ်ထပ်မှာ သွားယူပေးလိုက်နော်”

“ကျေးဇူးပါကွယ် လောလောဆယ်က မဝယ်နိုင်သေးဘူး”

“မလိုပါဘူး ဒေါ်အေးရီရာ ကိုယ့်အိမ်နီးနားချင်းတွေဖြစ်တဲ့အပြင် ခင်ဗျားက ကျွန်တော်တို့ အလုပ်ကို အမြဲပင်တိုင်လုပ်နေတဲ့သူပဲ ကူညီနိုင်သရွေ့ ကူညီရမှာပေါ့ဗျ၊ ကျွန်တော်တို့က ဆွေမျိုးသားချင်းလိုပဲ သဘောထားတာပါ၊ ကျေးဇူးတင်ဖို့ မလိုပါဘူးဗျ ၊ ဒါထက် သမီးကို ကျောင်းဆက်ထားဖို့ ဘယ်လို စီစဉ်ထားတုန်း” ကိုအောင်မင်း၏ အိမ်နီးချင်းပီသသော စာနာတတ်သည့် အလုပ်ရှင်စကားကြောင့် မအေးရီ ရင်းနှီးစွာပင် ရင်ဖွင့်လိုက်သည် ။

“မသိသေးပါဘူး မောင်အောင်မင်းရယ် ရွာကနေပဲ ခြေကျင်တက်ခိုင်းရမလား၊ ဆယ်တန်းဆိုရင် မြို့က ဘော်ဒါကြေးက ဆယ့်ငါးသိန်းတောင်ဆိုတော့ အနားမသီနိုင်ပါဘူးဟယ်”

“ဟာ...မိန်းကလေးတစ်ယောက်တည်းကို နေ့စဉ် လမ်းလျှောက်တက်ခိုင်းလို့ ဘယ်ဖြစ်ပါ့မလဲ မမအေးရီရယ်၊ ကလေး ပညာရေးဆိုတော့ သေသေချာချာ ဖိဖိစီးစီး လုပ်ပေးနိုင်တဲ့ စည်းကမ်းကောင်းတဲ့ ဘော်ဒါမျိုးကို ထားသင့်တာပေါ့၊ ကျွန်မသား ကိုဖြိုးကိုကြည့် အိမ်မှာနေရင် လတ်လျားလတ်လျားနဲ့ အောင်ဖို့ခဲယဉ်းမှာ၊ ဟော... မြို့က ဘော်ဒါမှာ ထားလိုက်တော့ နှစ်ချင်းပေါက် အောင်တာပဲလေ” စိန်စိန်က ဝင်ပြောအပြီး ကိုအောင်မင်းကလည်း တစ်ဖန်

“ကျွန်တော်ပြောမယ် ဒေါ်အေးရီ၊ ကျုပ်ကတော့ အောင်ချက်ကောင်းတဲ့မြို့က ဘော်ဒါမှာဘဲ ထားစေချင်တယ်။ မြို့ဘော်ဒါမှာမှ ထားမယ်ဆိုရင် ကျုပ် သုံးသိန်း ကူညီမယ်ဗျာ၊ ဒါ ကျုပ်တတ်နိုင်သလောက် ထောက်ပံ့တာပဲ၊ ဒေါ်အေးရီက ဆယ့်နှစ်သိန်းတော့ ဖြစ်အောင်ရှာရမယ်၊ ခင်ဗျား စဉ်းစားဦးပေါ့လေ” ကိုအောင်မင်း၏ စကားဆုံးသော် ဒေါ်အေးရီသည် ဝမ်းသာဝမ်းနည်း မျက်ရည်များပင် လည်လာကာ

“မောင်အောင်မင်းတို့ စိန်စိန်တို့ မိသားစုက တို့သားအမိအပေါ်ထားတဲ့စေတနာကို သိရတော့ တကယ်ကို ဝမ်းသာမိတယ်၊ တို့မှာလည်း ဆွေရင်းမျိုးရင်းမရှိတော့ မင်းတို့ကိုပဲ ဆွေမျိုးလို့ မှတ်ယူနေတာပါ၊ ငါသိတာပေါ့ဟယ် သမီးကလည်း မြို့ကဘော်ဒါမှာ နေချင်နေရှာတာ၊ ငါ သေချာစဉ်းစားကြည့်ပါဦးမယ်ကွယ်”

**အခန်း(၄)**

“အမေရေ အမေ့...သမီး မြို့ကဘော်ဒါမှာ တက်ရင် ဒေါ်ဒေါ်စိန်တို့ ဦးလေးအောင်မင်းတို့က သုံးသိန်း ထောက်ပံ့မယ်ဆို ဟုတ်လား အမေ” အိမ်ပေါ်သို့ အမောတကော ပြေးတက်လာကာ မေးလိုက်သော သမီးအား

“ဟုတ်တယ် သမီးပြန်လာရင် အမေ ပြောမလို့ပဲ၊ ဘယ်သူကပြောလဲ သမီး”

“ဟိုဘက်အိမ်က အစ်ကိုဖြိုးက ပြောတာ၊ အမေ သမီး တက်ချင်တယ်၊ တက်ရအောင် လုပ်ပေးနော် နော် အမေ” သမီးဖြစ်သူ၏ စကားကို နားထောင်ပြီး ဒေါ်အေးရီသည် တည်ကြည်လေးနက်သော လေသံဖြင့်

“အမေပြောမယ် သမီးမြို့ကဘော်ဒါမှာ နေရရင် ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ပြီး ဘွဲ့ရပညာတတ်ကြီးဖြစ်အောင် တကယ် ကြိုးစားနိုင်ပါ့မလား”

“အို ကြိုးစားမှာပေါ့ အမေရဲ့၊ မြို့က ဘော်ဒါမှာသာ နေရပါစေ၊ သမီးတကယ် ကြိုးစားမှာ” သမီးဖြစ်သူက အားတက်သရောဖြင့် အဖြေပေးလေသော်

“ဟုတ်ပြီ သမီး ဒီလောက် ဆန္ဒပြင်းပြနေတယ် ၊ အောင်မယ်လို့ ယုံကြည်တယ်ဆိုရင် အမေဖြစ်အောင် လုပ်ပေးမယ်၊ သမီးနေရပြီလို့ အောက်မေ့လိုက်တော့ ဟုတ်လား”

“ဟေး ...ဒါမှ တို့အမေကွ...ဒါဆို အမေလည်း နောင်ငါးနှစ်ကြာရင် သမီး ဘွဲ့ရပြီသာ အောက်မေ့လိုက်တော့ ဟုတ်ပလား အမေ၊ ဟားဟား ဟား” သမီးဖြစ်သူ၏ အပျော်သည် မိခင်ရင်မှ အပူကို ငြိမ်းအေးစေခဲ့လေသည် ။ ၁၂ သိန်းဖြင့် အပေါင်ထားမည့် ခြံလေး အကြောင်းကိုတော့ သမီးအား မပြောဖြစ်ခဲ့ပေ။

**အခန်း(၅) ဇာတ်သိမ်း**

နှစ်ဆန်းတစ်ရက်နေ့မို့ ရွာဦးဘုန်းကြီးကျောင်းမှ သီလယူတရားနာ၍ ပြန်လာခဲ့သည်။ သည်အချိန် ရောက်လေတိုင်း ဆယ်နှစ်တာမျှ ခံစားခဲ့ရသည့် ပူစပ်ပူလောင်ခံစားမှုများမှ လွတ်မြောက်ခဲ့သည်မှာ ငါးနှစ်တာမျှကြာခဲ့ပြီ ဖြစ်၏။ သည့်နောက်ပိုင်း နှစ်များတွင် ဥပုသ်ရက်တိုင်း ရက်တိုင်း တရားရိပ်သို့ မပျက်မကွက် ခိုဝင်နိုင်ခဲ့သည်။

ခြံဝရောက်သော် ခဏရပ်၍ ခြံထဲသို့ လှမ်းကြည့်မိသည်။ အရွက်များတဖားဖားနှင့် ဝေစည်လှသော ကွမ်းခြံကြီးက စိမ်းမြလို့နေသည်။ တစ်ခြံလုံးမှာ သူ့လက်နှင့် ကင်း၍ ရှင်သန်ရသော ကွမ်းပင်ဟူ၍ မရှိ။ တစ်ခြံလုံး သူ၏ လက်ရာဖြင့် စိမ်းလန်းနေသည်ကို ကြည့်ကာ ကြည်နူးပီတိ ဖြစ်မိရသည်။ ဖြစ်အောင်လည်း ကြိုးစားနေခဲ့ရသည်။ ပူလောင်မှုများကို ရင်ဝယ်မကပ်ငြိအောင် အားတင်းကာ ဖယ်ထုတ်နေခဲ့ရသည်။

“ဟော အမေပြန်လာပြီ၊ ဥပုသ်ယူထားတာဆိုတော့ ဒီနေ့ အမေနားလိုက်နော်၊ ကွမ်းခြံကို သမီးပဲ ဝင်လိုက်မယ်နော်”

ခြံအပြင်ဘက် ကုက္ကိုပင်ရိပ်အောက်ရှိ တဲအိမ်လေးထဲမှ ထွက်လာသော သမီးက ပြောလိုက်ရာ

“သမီးတစ်ယောက်တည်း ဘယ်နိုင်မလဲ၊ အမေလည်း...” သူ့စကားမဆုံးမီ နောက်က ရောက်လာသော ကိုအောင်မင်းက

“ခင်ဗျားနားလို့ ဘယ်ဖြစ်မှာတုံး မအေးရီရ၊ ဥပုသ်နေ့ဆိုပြီး ရပ်ထားလို့မှ မရတာကို၊ ကွမ်းတွေက အလှည့်ကျယူမယ့် ဖောက်သည်တွေက တန်းစီလို့၊ ကွမ်းညွန့်ချည်ရမှာတွေ၊ ဖြတ်သင့်တာ ဖြတ်ရမှာတွေ သူ့အချိန်နဲ့သူ မလုပ်ရင် အထွက်လျော့ကုန်မှာပေါ့၊ ခင်ဗျားတို့လုပ်ပုံနဲ့ ဟိုဘက်ကခြံကို ဝယ်ဖို့ဟာတောင် နှောင့်နှေးကုန်ပြီ၊ ဆင်ခြေပေးရတာနဲ့ ရေသာခိုချင်တာနဲ့ ခင်ဗျားတို့ ဒီလိုဘဝက မတက်တာ”

“မနားပါဘူးကွယ်၊ အလုပ်ဆင်းမယ် ပြောနေတုန်း မင်းရောက်လာတာပါ” ဒေါ်သဖြင့်ပြောနေသည့် ကိုအောင်မင်းအား လေပြေလေးဖြင့် ပြန်ဖြေလိုက်သည်။ ရှုသိုးသိုးမျက်နှာပေးဖြင့် လှည့်ထွက်သွားသည့် ကိုအောင်မင်း၏ နောက်ကျောပြင်အား အတွေးတွေကြားမှ ငေးကြည့်နေမိသည်။ သည့်နောက် ပြုံးလိုက်မိသည်။

စာဆိုလျှင် ပုတ်လောက်ရေးပြသော်မှ နကန်းတစ်လုံးမသိသူ သူ့အဖို့ စာချုပ်တွင် လက်ဗွေတစ်ချက်နှိပ်ရုံဖြင့် ခရအဆန်ကျွတ်ဖြစ်ခဲ့ရသည်။ လက်ရှိမှ လက်မဲ့ဖြစ်ကာ နေ့စားကူလီဘဝသို့ လုံးလုံးလျားလျား ကျရောက်သွားခဲ့သည်သာ အဖတ်တင်သည်။ သမီးလေးမှာလည်း ဆယ်တန်း မအောင်ခဲ့။ အားမတန်ခဲ့ရသော အခြေအနေတွင် တောက်လောင်ခဲ့ရသည့် ပရိဒေဝအပူအား ဓမ္မရေအေးဖြင့် ဆေးကြောခွင့်ရရှိခဲ့ခြင်းကသာ သူ့အတွက် အမြတ်ဖြစ်တော့၏။ တဲအိမ်ငယ်လေး တစ်နေရာစာပင် မပေးချင်သော ကိုအောင်မင်းကြောင့် ခြံပြင်စည်းရိုးနားကပ်ကာ တဲထိုးနေထိုင်ခဲ့ရသည်။ ဟိုစဉ်အချိန်ကနှင့်မတူ အဖက်မတန်သလို ဆက်ဆံတတ်သည့် ကိုအောင်မင်းတို့ မိသားစုအားလည်း သူ့ခြံမှာ အလုပ်ပြန်ပေးထားတာပဲ တော်ပါသေးဟု အကောင်းရှာတွေးခဲ့တော့သည်။

ကားတစ်စီးမှ နှစ်စီး၊ နှစ်စီးမှ သုံးစီး၊ ခြံတစ်ခြံမှ နှစ်ခြံ၊ နှစ်ခြံမှ ခြံများစွာ ပိုင်ဆိုင်ချင်သော၊ အတောမသတ်နိုင်သည့် လောဘ၊ ဒေါသတို့ဖြင့် လောင်မြိုက်နေသော ကိုအောင်မင်းအား ဒေါ်အေးရီသည် ပြုံး၍ ပြုံး၍သာ ကြည့်နေတတ်ခဲ့လေပြီ ။ ။

ကြေးမုံ
အထူးဂျာနယ်

ဆောင်းပါး

# ကမ္ဘာ့ အပူချိန်လျှော့ချဖို့ ဆောင်ရွက်ကြပါစို့

ဒွါး

ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာနှင့်အဝန်းရင်ဆိုင်နေရသော တုန်လှုပ်မှုတစ်ရပ်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပူနွေးလာခဲ့သည်။ အပူပိုင်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ မြစ်ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် မြေလျှောလှုပ်ခြင်းများသည် အိုဇုန်းလွှာပါးလွှာမှုကြောင့် ဖြစ်ပေါ်လာရသည့် နောက်ဆက်တွဲဆိုးကျိုးများပင်ဖြစ်သည်။

ကမ္ဘာသည် လူသားများနှင့်သက်ရှိသတ္တဝါတို့ မွေးဖွားရာမြေဖြစ်ရုံသာမက နိဂုံးချုပ်ကွယ်ပျောက်သွားရာဘဝများကို လက်ခံပေးသည့်မြေလည်းဖြစ်လေသည်။

မိခင်မြေ၏ မွန်မြတ်သော ကျေးဇူးတရားကို သိရန်လိုအပ်ပေသည်။ ကမ္ဘာမြေကြီး ဝမ်းနည်းဖွယ်ရာ၊ ရင်နာဖွယ်ရာများကို ကိုယ်ပိုင်အသိတရားဖြင့် ရှောင်ကြဉ်သင့်ကြသည်။

**ကမ္ဘာ့လူဦးရေများပြားလာခြင်းသည် ကမ္ဘာကြီးအတွက် ဆိုးရွားလွန်းသည် မဟုတ်သော်လည်း ကျန်းမာရေးဗဟုသုတ အသိဉာဏ်မပြည့်ဝသူများ များပြားလာမည်ဆိုပါလျှင် ကမ္ဘာကြီးအတွက် စိုးရိမ်ဖွယ်အနာဂတ်ပင်ဖြစ်သည်။ လူသားများ၏ အသိဉာဏ်နည်းပါးမှု၊ မောဟကို အခြေခံသော လောဘတရားများကို မထိန်းချုပ်နိုင်မှုများကြောင့် ကမ္ဘာကြီးသည် ပူလောင်နာကျင်လျက်ရှိနေ**

**အဆုံးမသတ်နိုင်သော လောဘတရားများ၏ နောက်ဆက်တွဲများကြောင့် ပတ်ဝန်းကျင်နှင့် ကမ္ဘာမြေသည် ပူလောင်ခြင်းအတွင်း ဆင်းသက်နေရခြင်းပင်ဖြစ်သည်။ ကမ္ဘာမြေကြီး အပူချိန်လျှော့ချရန်အတွက် လူသားများ၏ လောဘအပူကို လျှော့ချရန်သည်လည်း အရေးပါသည့် အကြောင်းတရားပင်ဖြစ်**

အိုဇုန်းလွှာသည် နေရောင်ခြည်တွင် ပါဝင်သည့် ခရမ်းလွန်ရောင်ခြည်ကို ကမ္ဘာမြေသို့ မကျရောက်စေရန် ၉၅ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ ကာကွယ်ပေးထားသည့် သဘာဝအကာအကွယ်တစ်ခုဖြစ်သည်။

အိုဇုန်းအငွေ့များဖြင့်စုစည်းထားသော ပါးလွှာသည့် အငွေ့တန်းကလေးဖြစ်သည်။ ထိုအိုဇုန်းလွှာ ပါးလွှာလာမှုကြောင့် ၁၉၇၀ ပြည့်နှစ်မှစ၍ ကမ္ဘာတစ်ဝန်းလုံးတွင် သိသိသာသာ အပူလှိုင်းကြီးလာခဲ့သည်ဟု ဆိုပါသည်။

ယခင်က ကမ္ဘာ့မြေမျက်နှာပြင်၏ ၁၅ ရာခိုင်နှုန်းသာ ခြောက်သွေ့ကန္တာရဖြစ်ခဲ့ရာမှ ၂၁ ရာစုအစတွင် ၃၀ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ဟု ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များက ဆိုပါသည်။

ကမ္ဘာကြီးပူနွေးလာမှု ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပြဿနာသည် ကမ္ဘာ့အမျိုးသားရေးအသွင်အဖြစ် ခြိမ်းခြောက်လျက်ရှိနေပေသည်။ သစ်တောပြုန်းတီးမှုများသည် လေထုအတွင်းဖန်လုံအိမ်ဓာတ်ငွေ့များ ဖြစ်ပေါ်စေခြင်း၏ အဓိကအကြောင်းတရားဖြစ်သည်။သစ်တောများသည် ကမ္ဘာ့ပတ်ဝန်းကျင်စိမ်းလန်းရေး၊ အပူချိန်လျှော့ချရေးအတွက် အရေးပါသောကြောင့် သစ်တောများကို ကာကွယ်မှုပေးရန် လိုအပ်သကဲ့သို့ သစ်တောများဖြစ်ထွန်းလာရေးကို ဆောင်ရွက်ရန်လည်း လိုအပ်လှပေသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုပ္ပားတောင်သည် မိုးခေါင်ရေရှားရပ်ဝန်းအတွင်း ကျရောက်နေသော်လည်း ထာဝစဉ်စိမ်းလန်းစိုပြည်နေသည်ကို တွေ့ရှိရသည်။ ပုပ္ပားဒေသကို မိုးခေါင်ရေရှားရပ်ဝန်း၏ အိုအေစစ်ဟုပင် တင်စားခေါ်ဝေါ်ကြရသည်။ သဘာဝအလျောက်စီးဆင်းနေသော စိမ့်စမ်းရေထွက်တို့ကြောင့် အနီးဝန်းကျင်ရှိ မြို့ရွာများ ထူးခြားစိမ်းလန်းနေရသည့် အချက်အလက်များကို လေ့လာကြည့်လျှင် စီမံကိန်းချမှတ်လုပ်ကိုင်ခဲ့ခြင်းကို တွေ့ရမည်ဖြစ်သည်။

မည်သည့်လုပ်ငန်းဖြစ်စေ စီမံကိန်းနှင့် စနစ်တကျဆောင်ရွက်မှသာ အောင်မြင်စွာအကောင်အထည်ဖော်နိုင်သည်ကို တွေ့ရမည်ဖြစ်သည်။

ပုပ္ပားတောင်ကို စီမံကိန်းဖြင့် စနစ်တကျ ထိန်းသိမ်းခဲ့သည်မှာ ကိုလိုနီခေတ်ဦးကတည်းကပင် ဖြစ်သည်ဟု လေ့လာမှတ်သားရသည်။ ခေတ်အဆက်ဆက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့မှုများကြောင့် သာ အပူပိုင်းဒေသ၏ အိုအေစစ်တစ်ခု ဖြစ်လာသည်ကို သတိပြုသင့်ပေသည်။ ထို့အပြင် ဘေးမဲ့တောအဖြစ် သတ်မှတ်ပြီး ထိန်းသိမ်းကန့်သတ်နယ်မြေများ သတ်မှတ်ခဲ့ခြင်းကြောင့် သဘာဝဂေဟစနစ်ကို မပျက်စီးစေဘဲ ရှင်သန်နေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ကမ္ဘာတွင် အိန္ဒိယနိုင်ငံသည် သစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် စံနမူနာအဖြစ် ပြောစမှတ်ပြုရသည်ဟုဆိုကြပါသည်။ သစ်ပင် သစ်တော စသည့် သဘာဝရတနာသယံဇာတများသည် နှစ်တိုတိုအတွင်း ဖြစ်တည်လာကြသည်မဟုတ်သည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်သကဲ့သို့ ရေရှည်တည်တံ့အောင် သုံးစွဲတတ်ရန်လည်း လိုအပ်ပေသည်။

ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်သဘာဝဓာတ်ငွေ့တို့၏ ရုပ်ကြွင်းလောင်စာများသည် လွန်စွာများပြားလာခဲ့ပြီး လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်မှုနှုန်းများလာခဲ့သည်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အနည်းငယ်မြင့်တက်လာရုံမျှနှင့် ကမ္ဘာ့အပူချိန် သိသာစွာမြင့်တက်လာသည်ဟု သိပ္ပံပညာရှင်များ၏လေ့လာချက်အရသိရှိရပေသည်။ စက္ကန့်နှင့်အမျှ မြင့်တက်လျက်ရှိသော ကာဗွန်ဓာတ်ငွေ့များကို လျှော့ချနိုင်ရန် လိုအပ်လှပေသည်။

အိုဇုန်းလွှာပါးလာခြင်းသည် လေအေးစက်၊ ရေခဲသေတ္တာ စသည်များတွင် အသုံးပြုသည့် ဓာတ်ငွေ့များထုတ်လွှတ်မှုများပြားခြင်း၊ နေ့စဉ်အသုံးပြုနေကြသော ပက်ဖျန်းဆေးဘူးများတွင်ပါဝင်သော ဉပါဒ်ဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများဖြစ်သည့် ကလိုရိုဖလိုရိုက်ကာဗွန်များသည် ယင်းပစ္စည်းများကို မသုံးစွဲတော့ဘဲ လွှင့်ပစ်ဖျက်ဆီးသည့်အခါ ထိုဓာတ်ငွေ့များသည် လေထုအတွင်းရောက်ရှိသွားပြီး အိုဇုန်းလွှာပျက်စီးစေရန် တိုက်ခိုက်ကြသည်ဟု ဖတ်ရှုရပြန်သောအခါ အင်မတန်အံ့ဩတုန်လှုပ်မိပါသည်။ ကမ္ဘာအတွင်းရှိ လူသန်းပေါင်းများစွာတို့သုံးစွဲပြီး စွန့်ပစ်ခဲ့သော ပက်ဖျန်းဆေးဘူးအခွံများ မည်မျှများပြားနေပါပြီနည်းဟု တွေးကြည့်ပါလျှင် ကြက်သီးထဖွယ်ပမာဏကို တွေ့မြင်ရမည်ဖြစ်သည်။

ကမ္ဘာမြေအခွန့်ရှည်တည်တံ့၍ ဆက်လက်ရှင်သန်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် အသက်ပမာအရေးပါလှသည်။

စက်မှုကုန်ထုတ်စက်ရုံများ၊ ပို့ဆောင်ရေးယာဉ်များတွင် အသုံးပြုရာမှ ထွက်ပေါ်လာသည့် ဓာတ်ငွေ့များသည် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသည်ကို သိရှိကြပြီးဖြစ်သည်။ ကမ္ဘာ့အပူချိန်လျှော့ချရန်အတွက် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်နိုင်ရေးသည်အရေးပါသော အကြောင်းတစ်ရပ်ဖြစ်ပြန်ပါသည်။ တချို့သော စွန့်ပစ်ပစ္စည်းများကို ပြန်လည်သန့်စင်၍ လူသုံးကုန်များအဖြစ် ပြန်လည်အသုံးပြုနိုင်သည့် နည်းပညာတိုးတက်မှုများ များစွာလိုအပ်လှပေသည်။

ကမ္ဘာ့လူဦးရေ များပြားလာခြင်းသည် ကမ္ဘာကြီးအတွက် ဆိုးရွားလွန်းသည် မဟုတ်သော်လည်း ကျန်းမာရေးဗဟုသုတ အသိဉာဏ်မပြည့်ဝသူများ များပြားလာမည်ဆိုပါလျှင် ကမ္ဘာကြီးအတွက် စိုးရိမ်ဖွယ်အနာဂတ်ပင်ဖြစ်သည်။ လူသားများ၏ အသိဉာဏ်နည်းပါးမှု၊ မောဟကို အခြေခံသော လောဘတရားများကို မထိန်းချုပ်နိုင်မှုများကြောင့် ကမ္ဘာကြီးသည် ပူလောင်နာကျင်လျက်ရှိနေပေသည်။

အဆုံးမသတ်နိုင်သော လောဘတရားများ၏ နောက်ဆက်တွဲများကြောင့် ပတ်ဝန်းကျင်နှင့် ကမ္ဘာမြေသည် ပူလောင်ခြင်းအတွင်း ဆင်းသက်နေရခြင်းပင်ဖြစ်သည်။ ကမ္ဘာမြေကြီး အပူချိန်လျှော့ချရန်အတွက် လူသားများ၏ လောဘအပူကို လျှော့ချရန်သည်လည်း အရေးပါသည့် အကြောင်းတရားပင်ဖြစ်ပေသည်။

သဘာဝတရားများသည် လွန်စွာထူးဆန်းသကဲ့သို့ နားမလည်နိုင်အောင်လည်း ကြောက်စရာကောင်းလှပေသည်။

မိမိနှင့် မသက်ဆိုင်သကဲ့သို့ မနေသင့်ဘဲ ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသော အရာမှန်သမျှ ကမ္ဘာကြီးထဲတွင် နေထိုင်သူများနှင့် တိုက်ရိုက်သက်ဆိုင်သည်ဟူသည့် အသိတရားရှိကြရန် လိုအပ်လှပေသည်။

ကမ္ဘာကြီးပူနွေးလာမှု အပူချိန်လျှော့ချမှုအတွက် ကြိုတင်ကာကွယ်သည့် လုပ်ငန်းစဉ်မှန်သမျှတွင် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်လှပေသည်။ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပတ်ဝန်းကျင်အရေးသည် အများနှင့်သက်ဆိုင်သော တာဝန်လည်းဖြစ်ပေသည်။ ကမ္ဘာတစ်ဝန်း အစိမ်းရောင်လွှမ်းခြုံ၍ အေးချမ်းသော ကမ္ဘာကြီးဖြစ်လာစေရန် ပတ်ဝန်းကျင်ကို မိမိတတ်စွမ်းသမျှ ထိန်းသိမ်းပေးခြင်းဖြင့် ကမ္ဘာ့အပူချိန်လျှော့ချဖို့ ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။ ။

# လူငယ်များသို့

စွယ်တော်သစ္စာ(မန်းမြေ)

"လူငယ်" ရိုးရှင်းသော စကားလုံးနှစ်လုံးပါ။ သို့သော် နောက်ကွယ်တွင် မရေမတွက်နိုင်အောင် များပြားလှသည့် နက်ရှိုင်းမှု အဓိပ္ပာယ်များစွာရှိပါသည်။ တက်ကြွမှု၊ ပျိုမျစ်မှု၊ မျှော်လင့်ချက်တို့သည် လူငယ်တို့၏ ဝိသေသများဖြစ်ပါသည်။ လူငယ်ဘဝသည် ကလေးဘဝမှ လူကြီးအဖြစ်ပြောင်းလဲနေသော အချိန်အကူးအပြောင်းကာလဖြစ်ပါသည်။

လူငယ်တစ်ယောက်သည် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုရှိရန် ပိုမိုများပြားသော အချိန်နှင့်အတွေ့အကြုံများလိုအပ်ပါသည်။

ဘဝဟူသည်အခက်အခဲများနှင့်ပြည့်နှက်နေသော ခရောင်းလမ်းမဟုတ်သလို အမြဲတမ်းချောမွေ့နေမည့် ပန်းခင်းလမ်းလည်းမဟုတ်ပေ။ ဘဝခရီးလျှောက်လှမ်းချိန်တွင် အခန့်သင့် အဆင်ပြေမှုများစွာရှိနိုင်သလို အခက်အခဲအတားအဆီးများနှင့်လည်း ရင်ဆိုင်တွေ့ကြုံနိုင်ပါသည်။ ထိုကဲ့သို့သော စိန်ခေါ်မှုများစွာကို ရင်ဆိုင်နိုင်ရန် အတွေးအခေါ် ရင့်ကျက်မှုများ၊ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုအတွေ့အကြုံများကို ရှာမှီးနိုင်ရန် အကောင်းဆုံးသောအချိန်သည် လူငယ်ဘဝပင်ဖြစ်လေသည်။

"အချိန်နှင့် ဒီရေသည် လူကိုမစောင့်"ဟူသည့် စကားပုံအတိုင်း တစ်စုံတစ်ယောက်သောသူသည် သူ၏ လူငယ်ဘဝကို မည်ကဲ့သို့ ဖြတ်သန်းသည်ဖြစ်စေ အချိန်ကာလအတိုင်းအတာတစ်ခုသို့ရောက်ရှိသောအခါ လွတ်လပ်သော လူငယ်ဘဝကိုကျော်ခိုင်းကြရပြီး ကြီးလေးသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။ ထိုအချိန်အတွက် အဆင်သင့်ဖြစ်ရန်လိုအပ်သည်။

လူငယ်တစ်ယောက်သည် မိမိအနာဂတ်ဘဝမှာ အထောက်အပံ့ဖြစ်စေရန်အတွက် နေထိုင်ရာတွင် မိမိ၏ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်များကို ဘဝနေနည်းများဖြင့် ခွဲခြားကြည့်နိုင်ပါသည်။ မိမိနှင့်ပတ်ဝန်းကျင်ကို မည်သို့ပြုမူပြောဆိုနေထိုင်ရမည်ကို

၁။ အကျိုးယုတ်စေသောအပြုအမူများ

၂။ အကျိုးမယုတ်စေသော်လည်း အကျိုးဖြစ်ထွန်းမှု မရှိနိုင်သော အပြုအမူများ

၃။ အကျိုးဖြစ်ထွန်းစေသောအပြုအမူများတို့ဖြင့် ကြည့်နိုင်သည်။

အကျိုးဖြစ်ထွန်းစေသည့်အကြောင်းအရာများဖြင့် ပြုမူနေထိုင်နိုင်လျှင် အကောင်းဆုံးဖြစ်၍ ထိုသို့ကျင့်သုံးနိုင်လျှင် အနည်းဆုံး အကျိုးယုတ်စေသော အပြုအမူများနှင့်ပျက်စီးရာ ပျက်စီးကြောင်းတို့ဦးတည်နေသော အပြုအမူများကို လုံးဝရှောင်ကြဉ်သင့်ပေသည်။

လူငယ်ဘဝတွင် ဘဝ၏ အခြေခံ ဗဟုသုတ၊ အရည်အချင်း၊ ကျွမ်းကျင်မှုများကို ပြုစုပျိုးထောင်ရန်အတွက် လိုအပ်သောအချိန်၊ သင်ယူမှု၊ ပံ့ပိုးကူညီမှုများ စသည့်အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံသောကြောင့် လေ့လာသင်ယူဆည်းပူးနိုင်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။ လူငယ်ဘဝသည် အတွေ့အကြုံသင်ယူမှုများဖြင့် စတင်ရသောအချိန်ဖြစ်၍ သူတစ်ပါးပြုလုပ်သော အမှုကိစ္စများကို ကောင်းသည် ဆိုးသည်ကို ခွဲခြားသင်ယူနိုင်ပါသည်။

တချို့သောလူငယ်များသည် ကလေးတစ်ယောက်ကဲ့သို့ မိမိ၏ဘဝကို မိဘ၏ကာကွယ်စောင့်ရှောက်မှုအောက်တွင်ပင် သက်သောင့်သက်သာနေရန် ရွေးချယ်တတ်ကြသည်။ တချို့သော လူငယ်များမှာမူ အခက်အခဲများကို ကြုံတွေ့နေရသော်လည်း ကျော်လွှားနိုင်ရန် ကြိုးစားကြရမည့်အစား ရှောင်ပြေးရန် ရည်ရွယ်ကြသည်။ မည်သို့ပင်ဖြစ်စေ မိဘသည် မိမိဘဝကို အချိန်ပြည့် အနားမှာနေ၍ ကာကွယ်စောင့်ရှောက်မှုမပေးနိုင်ပေ။ လူငယ်ဘဝမှ လူကြီးအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားလျှင် ပိုမိုကြီးလေးသော တာဝန်များ၊ အခက်အခဲများကို ရင်ဆိုင်လာရနိုင်သည်။ ထိုသို့သော အခြေအနေမျိုးတွင် လူငယ်များ ကြုံတွေ့လာရသည့် အခက်အခဲများကိုရင်ဆိုင်နိုင်ရန်၊ ဖြေရှင်းနိုင်ရန် သတ္တိနည်းပါးကာ လူငယ်အများစုသည် ရှေ့ဆက်မတိုးဘဲ နောက်ဆုတ်ပြေးကြတော့သည်။ ဤသို့ဖြင့် လူငယ်တို့ဘဝသည် ဘဝခရီးလမ်းဆုံးရောက်သွားကြရတော့သည်။

ထို့ကြောင့်အနာဂတ်အတွက်ပြင်ဆင်မှု လေ့ကျင့်မှုရှိနေရမည်။ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရမည်ဟုဆိုရခြင်းမှာ လွတ်လပ်သော အပူအပင်ကင်းမှုများကို စွန့်လွှတ်ကာ လူငယ်ဘဝကတည်းက ကြီးလေးသော တာဝန်များကိုထမ်းဆောင်ကြရမည်ဟုဆိုလိုခြင်းမဟုတ်ပေ။ လူငယ်ဘဝဆိုသည်မှာ လွတ်လပ်သောအချိန်ပင်ဖြစ်သည်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ တက်ကြွဖျတ်လတ်နေသောအချိန်လည်းဖြစ်သောကြောင့် အခွင့်အရေးလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းတံခါးများက စောင့်ကြိုနေကြသည်။

ထို့ကြောင့် လူငယ်ဘဝ၏အရသာများကို အပြည့်အဝခံစားရင်း ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းကြရမည်ဖြစ်သလို လူငယ်တစ်ယောက်အတွက် ဘဝကပေးသော အခွင့်အလမ်းလုပ်ငန်းတာဝန်များစွာကို အပြည့်အဝအသုံးချနိုင်ကာ အနာဂတ်အတွက် အကောင်းဆုံးသော ပြင်ဆင်မှုများကို နည်းမှန်လမ်းမှန်အသုံးချတတ်ရန် အရေးကြီးပါတော့သည်။ ။